


mgyoe.com

mgyoe.com

# ကြူမွေး
# မေ့ဖူးတာ

ဟာသဝတ္ထုတို
ပေါင်းချုပ်

kh0001
2300.00 Ks

mgyoe.com

မေ့ပူးစာဟာသဝတ္ထုတိုပေါင်းချုပ်
ကြူမွှေး

mgyoe.com

ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၅၀၀ ၀၈၅ ၀၁၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၅၀၀ ၃၁၂ ၀၅၁၂ |
| ထုတ်ဝေသူ | - | ဦးစန်းဦး |
| ပုံနှိပ်သူ | - | ဒေါ်ဝင်းမာ |

| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | အမ်အက်စ်အို |
| ကွန်ပျူတာဖလင် | - | အီးဂဲလ် |
| လက်ခွဲဖလင် | - | အေဇက် |
| စာအုပ်ချုပ် | - | အာမက် |

၈၉၅.၈၃
ကြူမွှေး
မေ့ပူးစာဟာသဝတ္ထုတိုပေါင်းချုပ် /
ကြူမွှေး။ ရန်ကုန်။
စိတ်ကူးချိုချိုစာပေ၊ ဒုတိယအကြိမ်၊ ၂၀၁၂။
စာမျက်နှာ ၃၇၄ မျက်နှာ၊ ၁၂.၅ စင်တီ × ၁၈.၅ စင်တီ
(၁) မေ့ပူးစာဟာသဝတ္ထုတိုပေါင်းချုပ်

၂၀၁၂၊ စက်[illegible]လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀
ဈေး 2300-K

mgyoe.com

mgyoe.com

သို့

ဤစာအုပ်ဖြင့် ကျွန်တော့်အား ဟာသ စာရေးဆရာ ဖြစ်လာအောင် အားပေးချီးမြှောက်ခဲ့သော သွေးသောက် ဦးကျော်ရိုးကိုလည်းကောင်း၊ ကျွန်တော်၏ ဟာသဝတ္ထုများကို ဖတ်ရှုအားပေးခဲ့ကြသော သွေးသောက် စာဖတ်ပရိသတ်ကြီးများကို လည်းကောင်း ဦးညွှတ်လိုက်ပါ၏။

ကြူမွေး

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ပါဝင်သော ဝတ္ထုများ


| | | |
|---|---|---|
| ၁။ | ဝါးဘိုး | ၁ |
| ၂။ | ရယ်ရတဲ့အကြောင်းက | ၆၃ |
| ၃။ | ဝါကျွတ်ပြန်တမ်း | ၁၁၉ |
| ၄။ | ချစ်လွန်းလို့ ကြံမိသူဝယ် | ၁၅၀ |
| ၅။ | မေ့ဖူးစာ | ၁၇၈ |
| ၆။ | သဘောမကြီးနိုင်ပေါင်ရှင် | ၂၂၂ |
| ၇။ | ဟန်ဆောင်ကာမူပို | ၂၃၆ |
| ၈။ | ဖုန်းငမ်းမိမှား | ၂၆၈ |
| ၉။ | နိုင်ကွက်ကိုရှာ | ၃၀၂ |
| ၁၀။ | လှသူနှင့်ငမ်းသူ | ၃၂၀ |


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဝါးဘိုး

ဤဝတ္ထုသည် ဟာသဝတ္ထုမဟုတ်ပါ၊ အချစ်ဝတ္ထုသက်သက်သာလျှင် ဖြစ်ပါသည်။ သို့သော် ကျွန်တော်သည် 'ကြူမွေး'ဟူသော ကလောင်အမည်ဖြင့် စာပေနယ်ထဲသို့ ပထမဆုံးအကြိမ် ဝင်ရောက်ခဲ့စဉ်က ရေးသားခဲ့သောဝတ္ထုဖြစ်၍ ဟာသပင်မဟုတ်သော်လည်း ကျွန်တော်၏ ချစ်စွာသော စာဖတ်ပရိသတ်ကြီးအား ဖတ်ရှုစေလိုသော စေတနာနှင့် လက်ရွေးစင်ဟာသဝတ္ထုများထဲတွင် ရောချထည့်သွင်းပေးလိုက်ပါသည်။

အမှန်မတော့ ကျွန်တော်သည် 'ကြူမွေး'ဟူသော ကလောင်အမည်ကို ခံယူခဲ့စဉ်က ယခုလို ဟာသ စာရေးဆရာအဖြစ်ဖြင့် စာပေနယ်ထဲသို့ ဝင်ရောက်ရန် အိပ်မက်ပင် မမက်ခဲ့ပေ။ အချစ်ဝတ္ထုရေးဆရာ အဖြစ်ဖြင့်သာလျှင် ဝင်ရောက်ရန် ရည်ရွယ်ခဲ့သည်။ ထိုသို့ရည်ရွယ်ခဲ့သည့်အတိုင်း (ဝါးဘိုး)အမည်ရှိ အချစ်ဝတ္ထုနှင့် စတင်၍ ကလောင်သွေးခဲ့ပါသည်။

mgyoe.com

mgyoe.com


သို့သော် 'ဖြစ်ချင်တာလည်း မဖြစ်ရပါ၊ မဖြစ်ချင်တာလည်း ဖြစ်ရမှာ'ဟူသော ဘဝသံသရာဇာတ်ကားမှ တေးသားကလေးအတိုင်း ပင် ကျွန်တော့်မှာ မူလက ရည်ရွယ်ထားသလို အချစ်ဝတ္ထုရေးဆရာ ဖြစ်မလာဘဲ ယခုတော့ စာရှုသူတိုင်း သိရှိတော်မူကြသည့်အတိုင်း ဟာသစာရေးဆရာသာလျှင် ဖြစ်နေရတော့၏။ (ဩော် ဤလည်း တစ် ဒုက္ခပါကလား)

ဤဝတ္ထုကို 'ဝါးဘိုး'ဟု အမည်ပေးထားရခြင်းမှာ ရန်ကုန်နှင့် ပုသိမ်သွား ဝါးဘိုးအမည်ရှိ ဇရာဝတီမီးသင်္ဘောကြီးပေါ်တွင် အမှန် တကယ် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကလေးတစ်ခုကို အကျယ်ချဲ့၍ ရေးသားထားခြင်းဖြစ်သဖြင့် ဝါးဘိုးသင်္ဘော အမည်ကိုပင် ပေးလိုက် ခြင်း ဖြစ်ပါသည်။

ဤဝတ္ထုတွင်ပါရှိသော အရေးအသားများကို ချစ်စွာသော စာရှု သူများ သတိထား၍ ဖတ်ရှုကြမည်ဆိုလျှင် ဝါကျရှည်ကြီးများနှင့် ရေး သားထားသည်ကို တွေ့မြင်ကြရပေမည်။

ယနေ့ ကျွန်တော်၏ အရေးအသားနှင့် ယှဉ်ကြည့်မည်ဆိုပါလျှင် အလွန်ပင် ကွဲပြားခြားနားကာ နေပေတော့သည်။

ထိုစဉ်က ကျွန်တော်သည် ယခုလို ဝါကျတိုများဖြင့် မရေးဘဲ ဝါကျရှည်ကြီးများနှင့်သာ ရေးသားခဲ့၏။ ထိုဝါကျရှည်ကြီးမျိုးကို ကျွန် တော် မကြိုက်တော့ပါ။

ထို့ကြောင့် ကျွန်တော်သည် ဤဝတ္ထုပါ အရေးအသားနှင့် အခြား ဟာကွက်အချို့ကိုပါ ပြန်လည်ပြုပြင်ရန် ပထမတွင် ကြံစည်မိ သည်။

သို့သော် ချစ်စွာသောစာရှုသူများအနေနှင့် ကျွန်တော် စာပေနယ် ထဲသို့ ဝင်စ အရေးအသားနှင့် ယနေ့ ကျွန်တော်၏အရေးအသားတို့ကို ယှဉ်တွဲ၍ ကြည့်စေလိုသော ဆန္ဒရှိသဖြင့် မပြုပြင်တော့ဘဲ မူလက

mgyoe.com

mgyoe.com



အရေးအသားအတိုင်းပင် မူမပျက် ပြန်လည်ထည့်သွင်းပေးလိုက်ပါသည်။

ထိုအတွက်လည်း ကျွန်တော့်အပေါ်တွင် ချစ်စွာသောစာရှုသူများက ခွင့်လွှတ်ပါရန် မေတ္တာရပ်ခံပါသည်။

ကိုင်း ... ကျွန်တော်၏ဟာသဝတ္ထုများကို ဖတ်ရှုဖူးကြသော ချစ်စွာသော စာရှုသူများအား တစ်ဖက်တွင်ဖော်ပြပါရှိသော 'ဝါးဘိုး' အမည်ရှိဝတ္ထုဖြင့် အရသာတစ်မျိုး ထူးစေရန် ကနဦးအစကနေ တင်ပြလိုက်ပါသည်ခင်ဗျား။

*လက်ရွေးစင် ဝတ္ထုအမှတ်စဉ် (၁)၊*
*သွေးသောက်မဂ္ဂဇင်း၊ အမှတ် (၁၁၅)၊*
*၁၉၅၅ ခု၊ ဩဂုတ်လ။*

□

mgyoe.com

mgyoe.com

# ဝါးဘိုး

ဤအကြောင်းကို ရေးလိုလှသည်မှာ ကြာလှပါပြီ။ သို့သော် ကျွန်တော်၏ မအားမလပ်နိုင်အောင် များပြားလှသော ရုံးကိစ္စတွေကြောင့် တော်တော်နှင့်မရေးဖြစ်ခဲ့၊ ယခုမှသာလျှင် ကျွန်တော့်တွင် ရေးရန် အခွင့်ကြုံကြိုက်ခဲ့တော့သည်။

ထိုအဖြစ်အပျက်ကို ရင်းနှီးသော သူငယ်ချင်းများအား ပြောပြမိသေးသည်။ သို့ရာတွင် ကျွန်တော်ပြောပြသော ကျွန်တော်၏ ကိုယ်တွေ့ဖြစ်စဉ်ကလေးမှာ ကြားရသောသူတို့အဖို့အရာ၌ ယုံတမ်းပြောဆိုသော ဒဏ္ဍာရီကလေးသဖွယ် ဖြစ်၍သာ နေပါတော့သည်။ အဟုတ်တကယ် ယုံကြည်ခဲ့သူကား တစ်ယောက်မှ မတွေ့ခဲ့ပေ။ သူတို့ ယုံကြည်အောင် တင်ပြစရာ သက်သေဟူ၍ သက်ဆိုင်သူတို့က ပေးပို့ထားခဲ့သော စာနှစ်စောင်နှင့် မြောင်းမြတွင်နေထိုင်သော ကျွန်တော်၏ ညီတစ်ယောက်သာလျှင် ရှိခဲ့ပေသည်။ ထိုစာနှစ်စောင်ကိုလည်း သူတို့အား ယုံကြည်ရန်အတွက် ထုတ်၍ပြခဲ့သည့်တိုင်အောင် သူတို့ကတော့

mgyoe.com

mgyoe.com


မယုံကြပေ။ အမှန်မတော့ ကျွန်တော်၏ ဆန်းကြယ်သော အဖြစ် အပျက်မှာ သူတို့လို တခြားလူတွေမဆိုထားနှင့် ကာယကံရှင် ကျွန်တော် ကိုယ်တိုင်ပင်လျှင် ထိုအဖြစ်အပျက်ကို တစ်ခါတစ်ရံ စိတ်ထဲ၌ ချောက် အိပ်မက်လိုလို ဝိုးတဝါးခန့်တော့ သံသယဖြစ်မိပါသေးသည်။

သို့သော် ... သို့သော် တကယ်ဖြစ်ခဲ့သည်မှာတော့ ထင်ရှားလှ ပါသည်။

တကယ့်ဖြစ်စဉ်သည် စိတ်ကူးယဉ်သည့်ဝတ္ထုများထက် ပိုမို၍ ဆန်းကြယ်၏ ဟူသော အနောက်တိုင်း စကားပုံလေးတစ်ခုကဲ့သို့ မျှော်လင့်ခြင်းမရှိပါဘဲနှင့် ရုတ်တရက် ထူးဆန်းစွာ ကြုံတွေ့ခဲ့ရသော ကျွန်တော် စီးနင်းလိုက်ပါခဲ့သည့် 'ဝါးဘိုး'အမည်ရှိ ဧရာဝတီ နှစ်ထပ် သင်္ဘောပေါ်၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကိုတော့ ယုံသင့်သည်၊ မယုံသင့်သည် (ဝါ) ဖြစ်နိုင်သည်၊ မဖြစ်နိုင်သည်ဆိုသည့်အချက်ကို တော့ စာရှုသူများက သာလျှင် ဖတ်ကြည့်၍ ဆုံးဖြတ်ကြစေလိုသည်။

ထို့ကြောင့် မကြာလှသေးသော အတိတ်မှ ကျွန်တော်၏ ထူး ဆန်းသော ကိုယ်တွေ့ကလေးတစ်ခုကို အစမှအဆုံး တင်ပြလိုက်ရပါ သတည်း။

*

လွန်ခဲ့သောနှစ် ဇွန်လအတွင်းတွင် ကျွန်တော်၏ ညီတစ်ဦး ဖြစ် သူ မောင်စိုးမြင့်မှာ မြောင်းမြမြို့ စီအိုင်ဒီတွင် ဝင်ရောက်လုပ်ကိုင်နေရာ မှ ထိုမြို့သူတစ်ဦးနှင့် တွေ့၍ ချစ်ကြိုက်ကြသဖြင့် မြောင်းမြ၌ မင်္ဂလာ ဆောင်တော့မည်ဖြစ်ရာ ကျွန်တော့်မှာ ညီတော်မောင်၏ မင်္ဂလာပွဲသို့ မအားမလပ် ဖြစ်နေကြသော မိဘများ၏ကိုယ်စား သွားရောက်ခဲ့ရပါ သည်။

ထိုသည်ပင်လျှင် ကျွန်တော့်တစ်သက်တာအဖို့ မမေ့နိုင်သော

mgyoe.com

mgyoe.com


အဖြစ်အပျက်တစ်ရပ်နှင့် ကြုံတွေ့စေရန် ဖန်တီးခဲ့ရပါသည်။ ယခု ခေတ်တွင် သင်္ဘောဖြစ်စေ၊ မီးရထားဖြစ်စေ စီးနင်းလိုက်ပါသွားမည်ဆို က ကြိုတင်၍ လက်မှတ်ယူထားမှသာလျှင် ကိုယ်လိုချင်သောအခန်း ရရှိနိုင်ပါသည်။ သို့မဟုတ်က အခန်းပင် အလွယ်နှင့်ရရန် ခဲယဉ်းလှပေ သည်။

ထို့ကြောင့် ကျွန်တော်လည်း ရန်ကုန်နှင့် ပုသိမ်သို့ ထွက်မည့် သင်္ဘောဆိုက်ကပ်ရာ မော်တင်သင်္ဘောဆိပ်သို့ သွားမည့်နေ့မတိုင်မီ တစ်ရက်၌ လာခဲ့ပါသည်။ သင်္ဘောဆိပ်သို့ ကျွန်တော်ရောက်သည့် အချိန်မှာ ၁၁ နာရီသာသာခန့် ရှိ၍နေသော်လည်း တတိယတန်းမှ လိုက်ပါကြမည့် ခရီးသည်များ၏ အိပ်ရာလိပ်နှင့် ဝန်စည်စလယ်များ မှာမူ အတော်စောစောကတည်းကပင် သူ့ထက်ငါ ဦးအောင် နေရာ ကောင်း ရရှိနိုင်ရေးအတွက် ခင်းကျင်း၍ နေကြသည်မှာ ကျွန်တော် လမ်းသွားရန်ပင် မရှိနိုင်အောင် ဖြစ်၍နေလေသည်။

နောက်ဆုံး သင်္ဘောစာရေးနှင့်တွေ့ရန် ခက်ခက်ခဲခဲနှင့် ကျော် လွှားလာခဲ့ရပြီးမှ သင်္ဘောစာရေးနှင့် အဆင်သင့်သွား၍တွေ့လေသည်။ စာရေးနှင့်တွေ့ရှိပြီးနောက် ပထမတန်းမှ တစ်နေရာယူ၍ ကျသင့်သော ငွေများကို စရံအဖြစ် တစ်ဝက်ပေးအပ်ခဲ့ပြီးလျှင် ပြန်ရန်အလှည့်၌ အချိုး အစားပြေပြစ် လှပသော မိန်းမပျိုတစ်ဦးနှင့် ယောက်ျား ဝဝတစ်ဦးကို ရင်ဆိုင်တွေ့မြင်လိုက်ရပါသည်။ ယောက်ျားဖြစ်သူ၏ အသွင်အပြင်မှာ တရုတ်ကပြားနှင့် ခပ်ဆင်ဆင်တူ၍ မိန်းမပျိုမှာမူ ပြဇာတ်မင်းသမီး မြင့်မြင့်ဌေး၏အဆစ်အပေါက်ကိုယ်လုံး ဖြစ်ကာ မျက်နှာမှာမူ မြန်မာ အမျိုးသမီးများတွင် တွေ့မြင်ရခဲသည့် မျက်နှာပေါက်မျိုး ဖြစ်သည်။ ကျွန်တော့်မှာ ထိုမိန်းမ၏ ရုပ်ရည်ကြောင့် စက္ကန့်အနည်းငယ် ငိုင်၍ကြည့် နေမိပြီးမှ ကိုယ့်စိတ်ကို ပြန်လည်ချုပ်တည်းကာ သူတို့အနားမှ ထွက်ခဲ့ ပါသည်။

mgyoe.com

mgyoe.com


မည်သည့်အတွက်ကြောင့်ဟူ၍မသိ ထိုမိန်းမကို မြင်တွေ့ရပြီးနောက် ရင်ထဲတွင် အမျိုးအမည် မဖော်ပြနိုင်သော ဝေဒနာတစ်ခုကိုတော့ ကျွန်တော့်မှာ ခံစားလိုက်ရပါသည်။

နောက်ဆုံးတွင်တော့ ကျွန်တော်သည် ထိုကဲ့သို့ ထူးကဲစွာ ရုတ်တရက် ပေါ်ပေါက်၍လာသော စိတ်ဝေဒနာအား မနည်းကြီး ကြိုးစား၍ ဖြေဖျောက်လိုက်ရပါသည်။

ညနေ ငါးနာရီအချိန်ခန့်တွင် ကျွန်တော်သည် အိပ်ရာလိပ်နှင့် မင်္ဂလာဆောင်တွင် လက်ဖွဲ့ရန် ပစ္စည်းများကို ယူ၍ သင်္ဘောဆိပ်သို့ ဆင်းခဲ့ပါသည်။ သင်္ဘောမှာ နောက်တစ်နေ့နံနက် ခြောက်နာရီမှ ထွက်မည်ဖြစ်သော်လည်း ကျွန်တော် နေထိုင်သည့် ကုက္ကိုင်းဘက်တွင် နံနက်ထွက် ဘတ်(စ်)ကားများမှာ သင်္ဘောချိန် အမီစီးရန်မရှိသဖြင့် တမင် တင်ကြို၍ သင်္ဘောပေါ်တွင် လာရောက်ပြီး အိပ်ရခြင်း ဖြစ်လေသည်။

(ဤဝတ္ထုရေးစဉ်က ယခုခေတ်လို ဉက္ကလာပ–တောင်ပိုင်းနှင့် မြောက်ပိုင်းတို့ မပေါ်ပေါက်သေးသဖြင့် ဘတ်(စ်)ကားများမှာလည်း ညလုံးပေါက် ပြေးဆွဲခြင်း မရှိသေးပေ။ ထို့ကြောင့် နံနက်တွင်ထွက်မည့် မီးရထားနှင့် သင်္ဘောများကို စီးလိုကြသော ခရီးသည်များမှာ ဘူတာရုံတွင်လည်းကောင်း၊ သင်္ဘောဆိပ်တွင်လည်းကောင်း ဆင်း၍ အိပ်ကြရသည်။ ဤကားစကားချပ်။)

အမှန်မတော့ မြောင်းမြနှင့် ရန်ကုန်မှာ လေယာဉ်ပျံနှင့်သွားလျှင် တစ်နာရီအတွင်း ရောက်နိုင်ကြောင်းကို သိသော်လည်း ဝါးခယ်မတွင် ကျွန်တော်၏ နှစ်ပေါင်းများစွာ ကွဲကွာနေသော ဆွေမျိုးများနှင့် တွေ့လိုသေးသည်ကတစ်ကြောင်း ပေးလိုက်သော မင်္ဂလာလက်ဖွဲ့များလည်း အဆမတန် များပြားလွန်းသဖြင့် သင်္ဘောဖြင့် တမင်လိုက်ခဲ့ခြင်း ဖြစ်လေသည်။

mgyoe.com

mgyoe.com


သင်္ဘောပေါ်သို့ ရောက်လျှင် ကျွန်တော်သည် သင်္ဘောစာရေး အား ရှာ၍ သူ့ထံမှပထမတန်းအခန်းမှသော့ကို တောင်းယူကာ အိပ်ရာနှင့် ပစ္စည်းများကို သယ်ယူလာ၍ နေရာချထားလိုက်ပါသည်။ ပစ္စည်းများ နေသားတကျဖြစ်ပြီးသည့်နောက် ကျွန်တော်လည်း အနည်းငယ် ညောင်းလာသဖြင့် အခန်းတွင်းရှိ သံကုတင်ပေါ်တွင် ခေတ္တမျှ အမောဖြေရန် ပက်လက်လှန်၍ ဖိမ်ယူနေစဉ် ကျွန်တော်၏ မျက်နှာချင်းဆိုင် အခန်းမှ တံခါးဖွင့်သံကို ကြားရသဖြင့် နားစွင့်၍နေမိပါသည်။ တံခါးဖွင့်သံ၏နောက်တွင် မိန်းမပျိုတစ်ဦး၏ စကားပြောသံပါ မသဲမကွဲ ကြားလိုက်ရသောအခါ ခေတ္တမျှမေ့ပျောက်၍နေသော နံနက်ပိုင်းက တွေ့မြင်ခဲ့ရသည့် မိန်းမပျိုကို ပြန်လည်၍ သတိရမိပါတော့သည်။ ထို့ကြောင့် ကျွန်တော်လည်း ထိုအသံရှင်မိန်းမသည် မည်သူဖြစ်သည်ကို သိလိုသဖြင့် လှဲနေရာမှထ၍ အခန်းပြင်သို့ထွက်ကြည့်မိရာ နံနက်ပိုင်းက တွေ့လိုက်ခဲ့ရသော မိန်းမနှင့် ယောက်ျားကို မြင်တွေ့လိုက်ရပါသည်။ သူတို့ကလည်း ကျွန်တော့်ကို မြင်တွေ့သွားကြပါသည်။ သို့သော် သူတို့ကရော ကျွန်တော်ကပါ မျက်နှာစိမ်းနေကြသဖြင့် ပြုံးရယ်နှုတ်ဆက်ခြင်းကိုကား မပြုကြပေ။ ထို့နောက် ကျွန်တော်လည်း ညစာစားသောက်ရန် အဝတ်အစားလဲလှယ်၍ သင်္ဘောပေါ်မှ အပြင်သို့ ထွက်ခဲ့ပါသည်။

ညစာစားသောက်ရန် ထွက်၍သာ လာခဲ့ရသော်လည်း တရုတ်ဆိုင်မှာ စားရမည်လော၊ မြန်မာဆိုင်တွင် စားရမည်လော သို့မဟုတ် ကုလားဆိုင်မှာပင် စားရမည်လော စသည်ဖြင့် ဝေခွဲ၍ ကျွန်တော့်တွင် မရနိုင်သေးသဖြင့် မော်တင်လမ်းဘက်မှထွက်၍ ဒါလဟိုဇီလမ်းအတိုင်း ဟိုကြည့်သည်ကြည့်နှင့် လျှောက်လာခဲ့ရာ နောက်ဆုံးတွင် လွတ်လပ်ရေး ကုမ္ပဏီဘေးဘက်တွင် ရှိသော ဂူခစ်ကီး တရုတ်ထမင်းဆိုင်ရှေ့သို့ ရောက်လာသည်။ ထိုဆိုင်ရှေ့သို့ရောက်လျှင် ကျွန်တော်

mgyoe.com

mgyoe.com


သည် ရှေ့သို့ဆက်၍ လျှောက်မနေတော့ဘဲ ထိုဆိုင်တွင်ပင် စားသောက်ရန် ဆုံးဖြတ်၍ ဆိုင်တွင်းသို့ ဝင်ခဲ့သည်။ ဝင်ခဲ့သည်ဟုဆိုသော်လည်း အတွင်းသိပ်ကျသောနေရာသို့ကား မဟုတ်ပေ။ ဆိုင်အဝနားတွင်ရှိသော ကျောက်စားပွဲခုံ၌ဝင်၍ လမ်းဘက်သို့ မျက်နှာပေးကာ ထိုင်လိုက်ပါသည်။ နောက် စားသောက်မည့်ဟင်းလျာများကို မှာယူပြီး ခပ်စောစောက အနည်းငယ်ရှာထားလိုက်သော မိုးအရှိန်ကြောင့် ချမ်းစိမ့်စိမ့်ကြီး ဖြစ်နေသဖြင့် ဂိုက်လေဘယ် ဝီစကီတစ်ပိုင်းကိုပါ မှာယူလိုက်ပြီးလျှင် ထမင်းမစားမီ လက်တစ်လုံးခန့် ဆော်ဒါနှင့်ရော၍ သောက်လိုက်ပါသည်။ ထို့နောက် စားပွဲပေါ်သို့ ရောက်ရှိလာသော ဟင်းလျာများနှင့် ထမင်းများကို စားသောက်၍နေစဉ် သင်္ဘောပေါ်တွင် တွေ့မြင်ခဲ့ရသော ယောကျ်ားနှင့် မိန်းမပျိုတို့မှာ တော့ဆိုင်၍ချိန်းထားသည့်အလား ကျွန်တော် စားသောက်နေသောဆိုင်သို့ ရောက်ရှိလာခဲ့ကြသည်ကို အံ့သြစွာနှင့် တွေ့ရပါသည်။ ထိုအကြိမ်တွင်တော့ သူတို့က ကျွန်တော့်ကို တွေ့လျှင် တွေ့ချင်း ဖော်ရွေစွာသောအပြုံးနှင့် စတင်၍ နှုတ်ဆက်ကြတော့၏။

"ဩော် ... မိတ်ဆွေကလည်း ညစာ မစားရသေးဘဲကိုး"

ယောကျ်ားဖြစ်သူက စတင်၍ ဤသို့မေးလိုက်သဖြင့် "ဟုတ်ကဲ့ မစားရသေးဘူးဗျာ၊ ဒီကမိတ်ဆွေတို့လည်း ကျွန်တော့်လိုမှတ်တယ်" ကျွန်တော်ကလည်း ရွှင်ပြုံးဖော်ရွေစွာနှင့် ပြန်လည်ပြောကြားလိုက်သည်။ ကျွန်တော်၏စကားအဆုံးတွင် ထိုသူက ...

"ဟုတ်ကဲ့ ... ကျွန်တော်တို့လည်း မစားခဲ့ကြရသေးပါဘူး။ ဒါထက် ကျွန်တော်တို့လည်း ဒီစားပွဲမှာပဲ စားပါရစေနော်"ကျွန်တော့်အား ပြန်လည်ဖြေဆိုရင်းနှင့် ယဉ်ကျေးမှုအလို့ငှာ သူတို့ပါ ကျွန်တော်နှင့် တစ်စားပွဲတည်းစားရန်အတွက် အခွင့်တောင်းလိုက်သောကြောင့်–

"အို ... စားနိုင်ပါတယ်ဗျာ"

mgyoe.com

 mgyoe.com 

"ကျေးဇူးတင်ပါတယ်ဗျာ"

ကျွန်တော်က စားရန် အခွင့်ပေးသည့်နောက် သူကလည်း ကျေးဇူးတင်ကြောင်း ပြောဆိုပြီး သူတို့နှစ်ယောက်မှာ မျက်နှာချင်းဆိုင်နေရာယူ၍ ကျွန်တော့်ဘေးတစ်ဖက်တစ်ချက်တွင် ထိုင်ကြပါသည်။

မကြာမီ စားပွဲထိုး တရုတ် ရောက်ရှိလာရာ ကျွန်တော်က–

"ကဲ ... ကဲ ... ဘာစားကြမလဲ၊ ကျွန်တော်ကပဲ ဒီညအဖို့ ကျွေးမွေးပါရစေဗျာ"ဟု လောကွတ်တွေ ပိုလိုက်သဖြင့် "အို ... အို ... နေပါစေရှင် ကျွန်မတို့ကပဲ ရှင့်ကို ကျေးဇူးပြုပါရစေ"

ရောက်လာကတည်းက ကျွန်တော့်နှင့် သူ့အဖော်ယောကျာ်း စကားပြောဆိုနေကြသည်ကို ပြုံး၍သာ နားထောင်နေသော အဆိုပါ မိန်းမပျိုက ပထမဆုံးအကြိမ် ကြည်လင်ချိုအေးလှသည့် အသံကလေးနှင့် ပြောလိုက်ပြီး ကျွန်တော့်အား မခို့တရိုလုပ်၍ ကြည့်လိုက်သောအခါတွင် ကျွန်တော့်မှာ ညိုတစ်ရစ် ပြာတစ်ရစ်ဖြစ်နေသော သူမ၏ အားကြီး၍ တန်ခိုးအာဏာပါသောမျက်လုံးဒဏ်ကြောင့် နှုတ်ဆွံ့၍ နေသူတစ်ယောက်ကဲ့သို့ ဖြစ်သွားကာ ခေါင်းမှာလည်း အလိုလို ညိတ်ပြမိလျက်သား ဖြစ်သွားပါတော့သည်။

"ဒါထက် ရိုင်းတယ်လို့လည်း မအောက်မေ့နဲ့နော်၊ မိတ်ဆွေရဲ့ နာမည်က ဘယ်လိုခေါ်ပါသလဲဗျာ"

ထမင်းများ မှာယူစားသောက်၍ တစ်ဝက်ခန့် ကျိုးသောအခါ ယောကျာ်းဖြစ်သူက မေးလိုက်မှ–

"ဪ ဟုတ်ပါရဲ့၊ ဒီလောက်စကားတွေ ပြောဆိုသာနေကြပြီး တစ်ဦးနဲ့တစ်ဦး နာမည်တွေ မသိရသေးဘူး"ဟု ကျွန်တော်က ရယ်မောပြောဆိုပြီးနောက်–

"ကျွန်တော့်နာမည်ကတော့ မြင့်ဝင်းပါ၊ ဒီကမိတ်ဆွေတို့ရဲ့ နာမည်ကကော"

mgyoe.com

"ကျွန်တော်က သိန်းဟန်ပါတဲ့၊ ဟောဒီက ကျွန်တော့်နှမက တော့ တင့်တင့်ဝေပါတဲ့၊ ဒါပေမဲ့ အများကတော့ ဝေလို့ပဲ အခေါ်များ ကြတယ်"

"အလဲ့ သူတို့နှစ်ယောက်ဟာ မောင်နှမဆိုပါကလား၊ ဒီလိုဆိုရင် ငါ့မှာ ပိုးနိုင်ဖို့ အခွင့်အရေး အများကြီးရှိတာပဲ။ တစ်လမ်းလုံး လူချင်း မကွဲမချင်း ငါ ပိုးရဦးမှာပါကလား"ဟူ၍ ကျွန်တော့်မှာ တစ်ကိုယ် တည်း ကြိတ်၍စဉ်းစား ပီတိဖြစ်ရာတွင် ကျွန်တော်၏မျက်နှာပေါ်သို့ ဓာတ်ကူးကာ ရောက်ရှိသွားသဖြင့် ကျွန်တော့်မျက်နှာမှာ ပြုံးစိစိကြီး ဖြစ်သွားလေသောကြောင့်

"ခင်ဗျားက ဘာများတွေးမိလို့ ပြုံးရတာလဲဗျ"ဟု ကိုသိန်းဟန် က ကျွန်တော်၏မျက်နှာကို လှမ်း၍အကဲခတ်ကြည့်ရှုရင်း မေးလိုက် သဖြင့်

"ဟုတ်ပါဘူးဗျာ၊ ခင်ဗျားတို့ မောင်နှမနှစ်ယောက်နဲ့ ကျွန်တော် နဲ့ဟာ ဘယ်ဘဝက ရေစက်ကြောင့်များလဲ မသိဘူး။ သင်္ဘောလည်း အတူတူ အခန်းကျတော့လည်း မျက်နှာချင်းဆိုင် ရကြပြီး ထမင်းစား ကြပြန်တော့လည်း ချိန်းထားသလို တစ်ဆိုင်တည်းမှာတွေ့ကြပြီး တစ် စားပွဲတည်း ထိုင်စားကြရတာကို တွေးမိလို့ပါဗျာ"

ကျွန်တော်က စကားကို လှီးလွှဲ၍ ဖြေလိုက်မှ

"သိပါဘူးဗျာ ခင်ဗျားက ထမင်းစားနေရင်းက ပြုံးလိုက်တော့ ကျွန်တော်က ဘာများသဘောကျလို့ပါလိမ့်လို့ ထင်ပြီး မေးမိတာပါ။ ဩော် ဒါထက် ကိုမြင့်ဝင်းကလည်း ပုသိမ်ကို သွားမှာပဲလား"

"မဟုတ်ပါဘူး ကျွန်တော်က မြောင်းမြတင်ပါ။ ကျွန်တော့်ရဲ့ ညီလေး မင်္ဂလာဆောင်အတွက် လက်ဖွဲ့ပစ္စည်းတွေ သွားပို့မလို့ပါ"

"ဩော် ... မသိပါဘူး၊ ကျွန်တော်က ကျွန်တော်တို့လိုပဲ ပုသိမ် ကို အလည်သွားမလို့လားလို့"

mgyoe.com

mgyoe.com


ကိုသိန်းဟန်က ရယ်ရယ်မောမောနှင့် ပြောလိုက်ပြီးသည့်နောက်တွင်—

"ညီကတောင် မိန်းမရနေပြီဆိုရင် အစ်ကိုဟာလည်း တစ်ကိုယ်ရေ တစ်ကာယသမားတော့ ဟုတ်မယ်မထင်ပါဘူးနော် ဟဲ ... ဟဲ"

ကျွန်တော့်အား တင့်တင့်ဝေခေါ် ဇဝက အလွန်ရင်းနှီးသောလေသံနှင့် နောက်သလိုလို ပြောင်သလိုလိုလုပ်ကာ လူပျိုလား လူအိုလားဟူသော ပြဿနာကို ခွဲခြား၍သိရန် ရယ်ရယ်မောမောနှင့် မေးလိုက်သဖြင့် "ဟာဗျာ မိန်းမရဖို့ ဝေးလို့ ရည်းစားတောင် မထားရသေးပါဘူးဗျ"ဟု ပြန်ပြောပြီးနောက် ဆက်၍

"ကျွန်တော့်အဖို့မှာတော့ ကျွန်တော့်ရဲ့စိတ်ကြိုက်နဲ့ တွေ့မယ့်မိန်းမ မမြင်သေးလို့ ဒီကနေ့အထိ လူပျိုကြီးဘဝက မေဒင်မပြုတ်သေးပါဘူးဗျာ ဟဲ ... ဟဲ ... ဟဲ"

"တယ်လည်းဆိုလိုက်တဲ့ စာပါလားရှင့်၊ ဒါပေမဲ့ ခုခေတ်ကြီးမှာ အသက်ခြောက်ဆယ်ကျော် ဘူတာကြီးတွေတောင် သူတို့ကိုယ်သူတို့ အိမ်က မိန်းမကွယ်ရာမှာ လူပျိုပါလို့ ပြောနေကြတာမို့ ဝေတော့ ကိုမြင့်ဝင်းရဲ့စကားကို ရာခိုင်နှုန်းအပြည့် မယုံကြည်နိုင်သေးပါဘူးရှင်"

သူက ဤကဲ့သို့ ကျွန်တော့်အား မထိတထိနှင့် ကလိလိုက်သဖြင့် ကျွန်တော်ကလည်း သောက်ထားသော ဘရန်ဒီက တန်ခိုးပြနေပြီဖြစ်သောကြောင့် အနားကထိုင်နေသော အစ်ကိုဖြစ်သူ ကိုသိန်းဟန်ကိုပင် မေ့သွားပြီး "အမယ်လေးဗျာ ကျွန်တော်က ဒီလိုအစားထဲက မဟုတ်ပါဘူး။ ဝေမယုံလို့ရှိရင် ကြုံတဲ့အခါ ကျွန်တော်နေတဲ့ ကုက္ကိုင်းခြံအမှတ် ( ... )ကို လာလည်ရင်း အကဲခတ်ကြည့်သေးတာပေါ့ဗျာ။ လူပျိုအစစ် ဖြစ်ကြောင်း သေချာရင်သာ ကျွန်တော့်ကို ဝေက ရှာပေးရလိမ့်မယ် ဟဲ ... ဟဲ ... ဟဲ"

"ကောင်းပါပြီရှင် ... ဝေကလည်း လူပျိုအစစ်ဖြစ်ကြောင်း သိရ

mgyoe.com

တဲ့အခါမှာ ကိုမြင့်ဝင်းအတွက် ရှာပေးရဦးမှာပေါ့။ နောက်တော့သာ ဝေတို့ အိမ်လာလည်မှုနဲ့ လင်မယားရန်ဖြစ်ကြတာကို မမြင်ပါရစေနဲ့ ရှင်"ဟု ဝေက နောက်ဆုံး၌ သူ၏စကားကို အဆုံးသတ်လိုက်သဖြင့် သုံးယောက်စလုံး တဝါးဝါးနှင့် ရယ်မောကြရင်း ဝေ၏အစ်ကို ကိုသိန်းဟန်က ကျသင့်သော ငွေများကို ရှင်းပေးလိုက်ပြီးလျှင် တရုတ်ဆိုင်ထဲမှ ထွက်ခဲ့ကြလေသည်။

အချိန်မှာ ည ၇ နာရီထိုးရန် ဆယ်မိနစ်သာလျှင် လိုတော့လေသည်။ သင်္ဘောပေါ်တွင် ညဘက်၌ သောက်ကြရန်အတွက်လည်း ပိုက်လေဘယ် ဘရန်ဒီအငယ်တစ်လုံးကို ဝယ်ခဲ့ကြသေးသည်။ ဩော် တစ်ခု ကျွန်တော်ရေးရန် မေ့ကျန်နေခဲ့သည်။ ထမင်းဆိုင်တွင် ကျွန်တော်သာမက ကိုသိန်းဟန်လည်း ဘရန်ဒီကို ကျွန်တော်နှင့်အတူ သောက်ခဲ့ပါသည်။ ထို့ကြောင့် ညဘက်တွင် စကားပြောရင်းသောက်ကြရန်အတွက် အပိုဝယ်ယူခဲ့ခြင်း ဖြစ်ပေသည်။ ဆော်ဒါနှင့် ရေခဲမှာမူ သင်္ဘောပေါ်ရှိ ထမင်းဆိုင်တွင် ရရှိနိုင်သဖြင့် ထိုအရာများကိုတော့ မဝယ်ခဲ့ပါ။

ထို့နောက် သုံးယောက်သား စကားတပြောပြောနှင့် လမ်းလျှောက်၍လာကြခိုက် ဝေက ရုတ်တရက်လှမ်း၍ သူ့အစ်ကိုအား ...

"ဩော် ဒါထက် ကိုကို ပုဇွန်တောင်ကို သွားစရာရှိသေးတယ်ဆို"ဝေက ထိုသို့ သတိပေးလိုက်မှ–

"ဟာ ဟုတ်သားပဲ၊ ကိုကိုမေ့နေလိုက်တာ၊ ကဲ ... ကဲ ကိုမြင့်ဝင်းနဲ့ ညီမလေးသာ သင်္ဘောပေါ်ကို သွားနှင့်ကြပေတော့။ ကိုကိုပြီးတော့မှ လိုက်ခဲ့မယ်။ ကဲ ကိုမြင့်ဝင်း ခင်ဗျားပဲ ဝေကို ခေါ်သွားပေတော့ဗျို့။ ကျွန်တော်တော့ ပုဇွန်တောင်ကို ခဏသွားလိုက်ဦးမယ်"

ကျွန်တော် မည်သို့မျှ ပြန်မပြောနိုင်မီ ကိုသိန်းဟန်မှာ ချာကနဲ လှည့်ထွက်၍သွားတော့သဖြင့် ကျွန်တော်လည်း ဘာမျှမပြောလိုက်

mgyoe.com

တော့ဘဲ ဝေနှင့်သာ နှစ်ယောက်သား ဆက်၍လျှောက်သွားကြပါသည်။ ရှင်းရှင်းပြောရလျှင် ကိုသိန်းဟန်ထွက်၍သွားသည်ကိုပင် စိတ်ထဲ၌ ခပ်ကြိုက်ကြိုက် ဖြစ်သွားမိပါသည်။

သူစိမ်းတစ်ရံဆံ မိန်းမနှင့် ဘယ်သောအခါကမျှ တွဲ၍ လမ်းမလျှောက်ဖူးသော ကျွန်တော့်မှာ ယခုကဲ့သို့ ပိုလွန်းတယ်ပဲပြောပြောမိုးကျနတ်မယ်ကလေးတမျှ တောင့်တင်းလှပအချိုးကျသော အလှသရဖူရှင်ကလေးနှင့် လူပုံအလယ်၌ ယှဉ်တွဲ၍လျှောက်ရသော ကျွန်တော့်အဖို့တွင် မည်သည့်စည်းစိမ်မျိုးနှင့်မှ မလဲချင်အောင် အရသာတွေ့၍ နေမိတော့သည်။

လမ်းတွင် ကျွန်တော်က သူမ၏ မိဘဆွေမျိုးများနှင့် သူမဘဝအခြေအနေများကို စုံစမ်းမေးမြန်းကြည့်ရာ သူမ၏ မိဘများမှာ မော်လမြိုင်မြို့မှ ဆန်စက်ပိုင်ရှင် သူဌေးများ ဖြစ်၍ သူမမှာတော့ ခေတ်ပညာကို တက္ကသိုလ်တွင် ဒုတိယနှစ် ဥပစာတန်းအထိ ပညာသင်ကြားဖူးကြောင်း သိရှိရပြီး၊ သူမတို့၌ မောင်နှမလေးယောက် ပေါက်ဖွားသည့်အတွက် နှစ်ယောက်မှာ ဂျပန်အပြေးတွင် ကွယ်လွန်ခဲ့ကြရပြီး ယခုမူ အစ်ကိုဖြစ်သူ ကိုသိန်းဟန်နှင့် သူမသာလျှင် ကျန်ရစ်ခဲ့ကြောင်းကိုလည်းကောင်း၊ ကိုသိန်းဟန်မှာ စစ်ကြိုကာလတည်းမှ ဝိဇ္ဇာတန်း B.A သို့ အရောက် ကျောင်းမှထွက်ခဲ့ပြီး မိဘများ၏ဆန်စက်တွင် မန်နေဂျာအဖြစ်ဖြင့် ယနေ့အထိ ဝင်ရောက်လုပ်ကိုင်နေခဲ့ကြောင်း ယခုမူ သူမတို့မောင်နှမနှစ်ယောက်မှာ ရန်ကုန်မြို့တွင်ရှိ ဆွေမျိုးများထံ အလည်အပတ်လာရင်းနှင့် ပုသိမ်တွင်နေသော သူမတို့၏ဦးလေးထံသို့ သွားရောက် လည်ပတ်ကြခြင်းဖြစ်ကြောင်း စသည်တို့ကို ဝေ့ထံမှ ကျွန်တော်အလုံးစုံသိရလေသည်။

သင်္ဘောပေါ်သို့ ပြန်ရောက်ကြလျှင် ကျွန်တော်နှင့် ဝေမှာ ဦးပိုင်းရှိ ညှော့ခန်းစားပွဲတွင် သွားရောက်၍ ထိုင်ကြပြီးလျှင် သင်္ဘောပေါ်တွင်

mgyoe.com

mgyoe.com

တည်ခင်းရောင်းချသော ထမင်းဆိုင်မှ ဆော်ဒါနှင့် ရေခဲများကို မှာယူလိုက်ပြီးနောက် ဘရန်ဒီပုလင်းကို ဖောက်၍ ကျွန်တော့်အတွက်သာ လျှင် လောင်းထည့်နေစဉ် "ဝေလည်းသောက်မယ်လေ" ဝေက ပြုံး၍ သူမပါ အရက်သောက်မည်ဆိုလိုက်သဖြင့် ကျွန်တော့်မှာ အံ့အားသင့် သွားကာ ...

"ဗျာ ... ခင်ဗျားလည်း အရက်သောက်တတ်သလား"

"အိုး ... အရက်သောက်တာ ဆန်းတာမှတ်လို့ရှင်။ ခုခေတ်ကြီး မှာ ယောကျ်ားတွေသာ အရက်သောက်ကြတာ မဟုတ်ပါဘူး။ တချို့ မိန်းမတွေလည်း သောက်နေကြတဲ့ဥစ္စာကိုများ ကိုမြင့်ဝင်းက အံ့သြနေ သေးသလား"

"မဟုတ်ပါဘူးဗျာ၊ ဆိုင်မှာ ထမင်းစားကြတုန်းကတော့ ဝေက မသောက်ဘဲနဲ့ ဒီကျမှသောက်မယ်ဆိုလို့ မေးရတာပါ"

"အို ရှင် ဒါကတော့ ရှင်ပဲစဉ်းစားကြည့်ပါဦး၊ လူတွေ ဥဒဟို ဝင်ထွက်သွားလာနေတဲ့နေရာမှာ အကာအရံမရှိဘဲနဲ့ ဝေက ကိုမြင့်ဝင်း တို့လို အရက်သောက်လို့ တင့်တယ်ပါ့မလားရှင့်"

ထို့ကြောင့် ကျွန်တော်လည်း ဝေအား နောက်ထပ် မည်သို့မျှ ဆက်၍ စကားမပြောတော့ဘဲ စားပွဲထိုး ကောင်ကလေးအား ဖန်ခွက် တစ်လုံး ယူခဲ့ရန်ပြောလိုက်ပြီးလျှင် ဖန်ခွက်ရောက်လာသောအခါတွင် ဝေ့အတွက် လက်တစ်လုံးခန့် ဘရန်ဒီကို ထည့်ပေးလိုက်ပြီးသည့် နောက် ဆော်ဒါရောမည်အပြုတွင်–

"အို ... အို ဆော်ဒါရောရင် ပေါ့ရွတ်ရွတ်ကြီး ဖြစ်သွားမှာမို့ မရောပါနဲ့"

"ဟာ ... ဟုတ်မှလည်း လုပ်ပါဝေရာ၊ ကျွန်တော်တို့ယောကျ်ား ရင့်မကြီးတွေတောင် ဒီလိုသောက်နိုင်တဲ့လူ ခပ်ရှားရှားမို့ တော်ကြာ ဝေ ဒုက္ခဖြစ်နေပါဦးမယ်"

mgyoe.com

mgyoe.com

ကျွန်တော်က မကြည်မသာမျက်နှာနှင့် သူ့အား စိုးရိမ်စွာ ကြည့်၍ ပြောနေသဖြင့်–

"ခက်တော့တာပဲ ကိုမြင့်ဝင်းရယ်၊ ရှင်ကလည်း ဘယ့်နှယ်ဖြစ်နေရတာလဲ။ ဝေက အရှိုင်းမဟုတ်ဘူး ကိုယ်တော်ရဲ့၊ ညတိုင်း အိမ်မှာဆိုရင် လက်နှစ်လုံးလောက် ဘရန်ဒီကို ရေမရောဘဲသောက်နေကျရှင့်။ မယုံရင် ကိုကိုလာတော့ မေးကြည့်ပါလား" ပြောပြောဆိုဆိုနှင့် ဖန်ခွက်ကို ကောက်ကိုင်လိုက်ပြီးလျှင် တစ်ရှိန်တည်း မရှုံ့မမဲ့ဘဲ မော့ချလိုက်သဖြင့် ကျွန်တော် ဘာမျှမပြောနိုင်ဘဲ ပါးစပ်အဟောင်းသားနှင့်ဖြစ်ကာ ကြည့်နေမိပါသည်။

"ဝေ အခုလို အရက်သောက်နေတာ ဘယ်လောက်ကြာပလဲ"

ကျွန်တော်က အပြန်တွင် အရက်နှင့်မြည်းရန်အတွက် လမ်းမှ ဝယ်ယူခဲ့သော မြေပဲဆားလှော်ကို တဂျွတ်ဂျွတ်ဝါးရင်း ဝေကို မေးလိုက်ပါသည်။

"ဝေလား လွန်ခဲ့တဲ့ နှစ်နှစ်လောက်ကတည်းကပဲ"

"စိတ်ညစ်လို့သောက်တာလား"

"အို ... ဝေ ဘယ်တုန်းကမှ စိတ်မညစ်တတ်ခဲ့ဘူး၊ ဝေ အခုလို သောက်တတ်သွားတာကတော့ ဆိုရှယ်အဖြစ်နဲ့ ဖိတ်တဲ့ပွဲတွေကို တက်ရင်းနဲ့ ဝမ်းဆစ်ပ်–ဝမ်းဆစ်ပ်နဲ့ပြောပြီး ဝေ့သူငယ်ချင်းတွေက တိုက်တာကို အားနာပါးနာနဲ့ သောက်ရာက အကျင့်ဖြစ်သွားပြီး အခုတော့ အိပ်ခါနီးကျရင် မသောက်ဘဲကို ဝေမနေနိုင်တော့ဘူး။ ကဲ ... ကဲ ထည့်ပေးပါဦး" ကျွန်တော်အား ပြန်လည်ဖြေဆို၍အပြီးတွင် နောက်ထပ် အရက်ထည့်ခိုင်းတော့သဖြင့် သူ စိတ်ကျေနပ်ရန်အတွက် အထွေအထူး ကျွန်တော် ပြောဆိုမနေတော့ဘဲ နောက်ထပ်လက်တစ်လုံးခန့် ထည့်ပေးလိုက်ပါသည်။

ကျွန်တော်ကတော့ နောက်ထပ်၍ မသောက်တော့ဘဲ ခပ်စော

mgyoe.com



စောက ထည့်၍ထားသော ဖန်ခွက်ထဲမှ အရက်ကိုသာလျှင် တမြေ့မြေ့နှင့် သောက်ရင်း တင့်တင့်ဝေအား မျက်နှာမှ ခြေဖျားအထိရောက်အောင် အပြန်ပြန်အလှန်လှန် အနီးကပ်၍ လေ့လာကြည့်ရှုနေမိပါသည်။ တင့်တင့်ဝေမှာ ယခုလို အနီးကပ်၍ လေ့လာကြည့်မှ အမေရိကန် ရုပ်ရှင်မင်းသမီးချော ဂလိုရီးယားဂရိုန်းနှင့် အတော်တူသည်ကို တွေ့ရှိရ၏။ ကိုယ်လုံးကိုယ်ပေါက်မှာမူ ပြဇာတ်မင်းသမီး မြင့်မြင့်ဌေး၏ အချိုးအစားဖြစ်သည်။ သို့သော် ... မြင့်မြင့်ဌေးထက် ဝေ၏အသားအရေမှာ ကျစ်လျစ်ပြီးလျှင် ရင်သားများမှာလည်း ပိုမို၍ ဆူဖြိုးမောက်မာပုံ ရသည်။

အသားရောင်မှာတော့ မဖြူလွန်းမဝါလွန်းဟု ဆိုရမည်။ ထို့ပြင် နက်မှောင်၍ သန်စွမ်းသောဆံပင်ကို နှစ်ဖက်ခွဲကာ ကျစ်ဆံမြီးကျစ်၍ ခေါင်းပေါ်တွင် ခွေလိမ်၍ထားပုံမှာ သူမ၏မျက်နှာကို ပိုမိုခန့်ညားပြီး လှပတင့်တယ်စေတော့သည်။ ဝတ်ထားသော မှန်နိုင်လွန်အပြာရောင်လက်ပြတ်နှင့်လိုက်အောင် ခါးတွင် ပိုးလုံချည်အပြာရောင်ပေါ်၌ လက်တစ်ဆုပ်ခန့်ရှိသော အနီရောင်ပန်းပွင့်တို့ခံ၍ ထိုးထားကြသဖြင့် ကျွန်တော်၏မျက်စိထဲတွင် ဝေ၏အလှမှာ ကြည့်မငြီး ရှုမမုန်းနိုင်အောင် ဖြစ်၍နေပါတော့သည်။

ကျွန်တော်က ဝေ့ကို အကဲခတ်၍ လေ့လာနေသလို ဝေကလည်း ကျွန်တော့်အား လေ့လာနေပုံရပါသည်။

ထိုအခိုက်တွင် ကိုရွှေမိုးမှာ ဆိုင်းမဆင့် ဗုံမပါဘဲနှင့် သဲသဲမဲမဲကြီး ရွာချလိုက်၍ မိုးပေါက်များမှာ လေ၏တိုက်ခတ်မှုဖြင့် ကျွန်တော်နှင့် ဝေထိုင်နေရာသို့ ပက်ဝင်ရောက်ရှိလာသဖြင့် ဝေနှင့် ကျွန်တော်မှာ ကပျာကယာ ထိုင်နေရာမှထကြပြီးလျှင် လိပ်၍တင်ထားသော ဧည့်ခန်းမှ သဘော်တာလပတ်များကို ဖြုတ်၍ဖြေချကြပြီးနောက် ကိုယ့်နေရာသို့ ပြန်သွားကာ ထိုင်ကြပါတော့သည်။

mgyoe.com

mgyoe.com



သို့နှင့် ညဘက်အချိန် ဆယ်နာရီထိုးရန် ငါးမိနစ်မျှသာ လိုတော့သဖြင့် သဘော်ပေါ်တွင် ပေးထားသောခေတ်မီးမှာ ပထမသတိပေးအဖြစ်ဖြင့် အချက်ပေး၍ ငြိမ်းတော့မည့်အကြောင်း ပြလိုက်လေသည်။

ဤအချိန်တွင် ဝေမှာ အတော်ထွေ၍နေလေပြီ၊ ဝေ၏အစ်ကို ကိုသိန်းဟန်မှာကား ယခုထက်တိုင်ပင်ပြန်၍ ရောက်မလာသေးပေ။ ထို့ကြောင့် ကျွန်တော့်မှာ ပြန်မရောက်လာသေးသော ကိုသိန်းဟန်အတွက် အနည်းငယ် စိတ်ပူခြင်းဖြစ်နေမိသော်လည်း ဝေ့မှာမူ သူ့အစ်ကိုအတွက် ဖုတ်လေသည်ငပိ ရှိသည်ဟုပင် မအောက်မေ့ "ကိုကိုကလည်း ကြာလိုက်တာ"ဟုပင် နှုတ်မှထွက်၍ မပြော၊ ကျွန်တော်ကသာ "ကိုသိန်းဟန်သွားတာကလည်း ကြာလှချည်လား ဝေ ... အခုထက်ထိ ပြန်မလာသေးဘူး"ဟု စိုးရိမ်စိတ်ဖြင့်မေးသည့်တိုင်အောင် ဝေက–

"အို သူ့ကိစ္စ မပြီးသေးလို့နဲ့တူပါတယ်"ဟု ခပ်ပေါ့ပေါ့သာဖြေပြီးနောက် "ဘာလဲ ... ကိုမြင့်ဝင်းက အခုလို ဝေနဲ့နှစ်ယောက်တည်း အေးအေးဆေးဆေးနေရတာ သဘောမကျလို့လား"ဟူ၍ပင် ကျွန်တော့်အား ခနဲ့လိုက်သဖြင့် ကျွန်တော့်မှာ ဘာမျှပြန်မပြောဘတော့ဘဲ ဝေ့အား ပြုံးရုံသာ ပြန်၍ ပြုံးပြလိုက်ရတော့သည်။

အခြားမိန်းမပျိုတစ်ဦးသာဆိုပါက ယခုကဲ့သို့ အချိန်မတော်တွင် သူစိမ်းတရံဆံယောကျ်ားပျိုတစ်ဦးနှင့် နှစ်ယောက်တည်းနေရလျှင် စိတ်နှလုံး ချောက်ချားကာ အားငယ်ပူဆွေးမိမည် မုန်သော်လည်း ဝေ့မှာမူ ထိုကဲ့သို့မဟုတ်ဘဲ ရယ်ရယ်ပြုံးပြုံးနှင့်ပင် စကားကို အမျှင်မပြတ် ပြောဆို၍နေလေသည်။

သူမရော ကျွန်တော်ပါ ဤအချိန်တွင် ဘရန်ဒီ၏တန်ခိုးကြောင့် အတော်ပင် ထွေ၍နေကြလေရာ ... ကျွန်တော်က ဝေ့အား တစ်ချက်တစ်ချက် သွေးတိုးစမ်းသည့်အနေနှင့် ချစ်ကြိုက်စကားကို မရဲတရဲ ပြောစမ်းကြည့်မိသော်လည်း ဝေမှာမူ အရယ်မပျက် အပြုံးမပျက်ဘဲနှင့်

mgyoe.com

mgyoe.com



ကျွန်တော်အား ချိုသည်ခါးသည်ကို လုံးပြန်လည်ပြောဆိုခြင်းမပြုပေ။ ကျွန်တော်က မထိတထိ ပြောတိုင်း အခြားရယ်မောစရာများဘက်ကို သာလျှင် စကားကို လှည့်၍သွားလေတော့သည်။

နောက်ဆုံး သင်္ဘောပေါ်မှ ပေးထားသောမီးကို ငြိမ်းလိုက်သောအခါ ဝေရော ကျွန်တော်ပါ နေရာမှထခဲ့ကြပြီးလျှင် ဖယောင်းတိုင်ကိုယ်စီထွန်းကာ ကိုယ့်အိပ်ခန်းသို့ ကိုယ်ဝင်ကြရန် ပြင်ဆင်ကြပြီးနောက် ယခုထက်တိုင် ပြန်လည်ရောက်ရှိမလာသေးသော ကိုသိန်းဟန်အတွက် ကျွန်တော့်မှာ ပိုမို၍စိတ်ပူလာမိသဖြင့်–

"ဒီမှာဝေ ... ဝေ့အစ်ကိုတစ်ယောက်လည်း ပြန်မလာသေးပါလား၊ မိုးလည်းချုပ်လှပြီ"ဝေ့အား စိုးရိမ်ပူပန်သောမျက်နှာနှင့် ကျွန်တော်က မေးသောအခါ–

"အို ... သူ ဒီအချိန်ကျမှတော့ ပုဇွန်တောင်အိမ်မှာပဲ အိပ်မှာပေါ့။ ပြီးတော့ ဒီမှာလည်း ကိုမြင့်ဝင်းရှိနေတော့ ဝေ့အတွက် ပူစရာမရှိလို့ သူပြန်မလာတာကို စိုးရိမ်မနေစမ်းပါနဲ့ရှင်"ထိုသို့ ကျွန်တော့်အား ပြန်လည် ပြောဆိုပြီးနောက် "ဂွတ်နိုက် ကိုမြင့်ဝင်း"ဟု နှုတ်ဆက်၍ သူမ၏ အခန်းသို့ ဝင်သွားသဖြင့် ကျွန်တော်ကလည်း "ဂွတ်နိုက်ဝေ"ဟု ပြန်လည်နှုတ်ဆက်၍ ကျွန်တော်၏အခန်းထဲသို့ ဝင်ခဲ့ပါသည်။

အခန်းတွင်းသို့ရောက်လျှင် ကျွန်တော်သည် ကုတင်ပေါ်တွင် ကိုယ်ကို ပစ်လှဲချလိုက်ပြီးနောက် အိပ်မက်ကလေး တစ်ခုပမာ ယနေ့ကြုံတွေ့ဖြစ်ပျက်ခဲ့ရသော ကျွန်တော်၏အဖြစ်ကို စမြုံ့ပြန်ကာ စဉ်းစားရင်း ပြုံးမိတော့သည်။

ဝေတို့မောင်နှမ၏ စဉ်းစားဝေဖန်ရန် ခက်ခဲလှသော အပြုအမူများကို ဘယ်လိုပင်တွေးတွေး ကျွန်တော် နားမလည်နိုင်ပေ။

၎င်းတို့ပြောသလို သူတို့မှာ အကယ်ပင်မောင်နှမအစစ်လော သို့မဟုတ် ဘင်္ဂလားမောင်နှမလော၊ အကယ်၍ မောင်နှမအရင်းအချာ

mgyoe.com

mgyoe.com


ဖြစ်ပါမူ၊ ယခုလို ညနေပိုင်းကလေးမှ သိကျွမ်းခဲ့ရသော ကျွန်တော်ကဲ့သို့ သူစိမ်းတရံဆံ လူတစ်ယောက်နှင့် စိတ်ချလက်ချ မိမိ၏နှမအပျိုကို အပ်နှံကာ တစ်ညလုံးထားသွားသော ဝေ၏အစ်ကို ကိုသိန်းဟန်၏ တစ်ဖက်သားအား အရမ်းစိတ်ချယုံကြည်လွယ်လွန်းလှသော စိတ်ဓာတ်ကိုလည်း အံ့သြမိပါသည်။

ကိုသိန်းဟန်ကသာ မဟုတ်သေး၊ သူ၏နှမဖြစ်သူ ဝေအဖို့ ဆိုပြန်လျှင်လည်း လူသူ တိတ်ဆိတ်လှသော ည အချိန်မတော်ကြီးတွင် သူစိမ်းယောက်ျားတစ်ဦးနှင့် သင်္ဘောပေါ်တွင် နေထိုင်ရသော်လည်း တုန်လှုပ်ချောက်ချားခြင်းကင်းမဲ့စွာနှင့် ရဲရဲဝံ့ဝံ့နေရဲသည့် သူမ၏သတ္တိကိုလည်း ချီးကျူးမိသည်။ ထိုသူတို့ ပြောထားသလို မောင်နှမမဟုတ်ကြဘဲ လင်မယားဖြစ်ခဲ့လျှင် အဘယ်ကြောင့် မောင်နှမဟု ကျွန်တော့်အား လိမ်ပြောသနည်း၊ ထို့ပြင် မိမိ၏မယားအား တခြားလူတစ်ဦးလက်သို့ စိတ်ချယုံကြည်စွာ ဝကွက်အပ်ခဲ့ပြီး အဘယ်ကြောင့် တစ်ညလုံး ပြန်မလာရသနည်း။

ကျွန်တော့်တွင် သူတို့၏အကြောင်းကို ဘယ်လိုပဲတွေးတွေး ရှုပ်၍ ရှုပ်၍သာ လာတော့သဖြင့် "ဟယ် သူတို့ မောင်နှမတော်တယ်ဆိုတာ ဟုတ်မှာပါပဲ။ ယုံယုံကြည်ကြည်နဲ့ တစ်ညလုံး ငါ့ကို အပ်နှံပြီးသွားတာကတော့ ငါ့ရဲ့ရိုးသားတည်ကြည်တဲ့စိတ်ဓာတ်ကို သူတို့ မြင်မြင်ချင်း အကဲခတ်မိလို့ဖြစ်မှာပေါ့"ဟူ၍ နောက်ဆုံးတွင် ကျွန်တော်၏ ဖြေရှင်းမရနိုင်သော ပြဿနာကို ကိုယ်လိုရာသို့ဆွဲ၍ ဖွတ်အတင်းချမှတ်လိုက်ရလေတော့သည်။

မိုးကား သဲသည်ထက် သဲ၍လာရုံတွင်မက မိုးခြိမ်းသံများ လျှပ်စီးလက်သံများပါရောရ၍ ပြင်းပြင်းထန်ထန်ကြီး ရွာချနေတော့သဖြင့် မြစ်ထဲတွင် လှိုင်းတံပိုးကြီးများပင် ထကာ ကျွန်တော်တို့ စီးနင်းလိုက်ပါမည့် ဝါးဘိုးသင်္ဘောကြီးအား အရှိန်ပြင်းစွာနှင့် တဖျပ်ဖျပ်

mgyoe.com

mgyoe.com



ရိုက်ခတ်သည့်အသံကို ကြားရလေသည်။

ယင်းအခိုက်တွင် ချလွမ် ... လွမ်လွမ်ပွမ်ဟူသော ကြောက်မက်ဖွယ်ရာ မိုးကြိုးပစ်သံကြီးတစ်ခုကို ကျွန်တော် ကြားလိုက်ပြီးသည့်နောက်တွင် တဒေါက်ဒေါက်နှင့် ကျွန်တော့်တံခါးကို ပုတ်သံနှင့်အတူ–

"ကိုမြင့်ဝင်း ... ကိုမြင့်ဝင်း တံခါးဖွင့်စမ်းပါ"ဟူသော ဝေ၏ တုန်လှုပ်နေသောအသံနှင့် ခေါ်သံကြောင့် ကျွန်တော့်မှာ ကုတင်ပေါ်မှ ကမန်းကတန်းထ၍ တံခါးကို ဖွင့်ပေးလိုက်ရလေသည်။

"ဘာဖြစ်လို့လဲ ဝေ" တံခါးပွင့်သွားပြီးသည့်နောက်တွင် ကျွန်တော်က ဝေ့အား ဆီးကြို၍မေးလိုက်လေသည်။

"ဝေ ... ဝေလေ ခုနက မိုးကြိုးပစ်တဲ့အသံကြီးကို ကြောက်လို့ ဝေတစ်ယောက်တည်း အခန်းထဲမှာ မအိပ်ရဲတော့ဘူး။ ဒါကြောင့် ကိုမြင့်ဝင်းဆီလာခဲ့တာ"ဝေမှာ အတော်ပင် ထိတ်လန့်နေပုံရသည်။ သူမ၏ နိမ့်ချည်မြင့်ချည်ဖြစ်၍နေသော ရင်ကလေးအား ကျွန်တော်၏ အခန်းမှထွန်းထားသော ဖယောင်းတိုင်မီးဖြင့် ကောင်းစွာ မြင်ရပါသည်။

"ကဲ ... ကဲ ... ဒါဖြင့်ရင်လည်း ဝေက ကိုမြင့်ဝင်းအခန်းမှာပဲ အိပ်ပေါ့။ ဝေအိပ်ဖို့ ဝေ့အိပ်ရာကို ကိုမြင့်ဝင်း သွားယူလိုက်ဦးမယ် ဟုတ်လား"

ကျွန်တော်က သွက်လက်သောခြေလှမ်းများနှင့် ဝေ၏အခန်းသို့ သွားကာ ဝေ၏အိပ်ရာလိပ်ကို စေတနာ့ဝန်ထမ်း ကူလီလုပ်ကာ ယူပေးပြီး ကျွန်တော်၏အခန်းတွင်ရှိသော အခြားသံကုတင်လွတ်ပေါ်သို့ ခင်းကျင်းပေးလိုက်ပါသည်။ ရောဝတီသင်္ဘောများတွင် ပထမတန်းတစ်ခန်းများ၌ တစ်ခန်းလျှင်အိပ်ရန် ကုတင်နှစ်လုံးစီ ရှိပါသည်။

"ကဲပါလေ ဝေ့ဘာသာ ဝေ ခင်းပါ့မယ်။ အားနာစရာကြီးရှင်" ကျွန်တော် စေတနာတွေပိုနေသည်ကို ဝေက အားနာသဖြင့် ပြောလိုက်

mgyoe.com

mgyoe.com


ပြီး သူမကိုယ်တိုင် အိပ်ရာကို ပြင်ဆင်နေပါတော့သည်။

ယခုည သူမအိပ်ရမည့်ကုတင်မှာ ကျွန်တော်အိပ်ရသောကုတင်နှင့် သုံးပေကျော်မျှသာဝေးသော ဘယ်ဘက်နေရာတွင် ဖြစ်လေသည်။ ထို့ပြင် ဝေ၏ကုတင်မှာ ကျွန်တော်အိပ်သောကုတင်ထက် တစ်ဝက်ခန့် အောက်သို့ရောက်၍ နေပါသည်။ ဝေ ကြောက်နေမည်စိုး၍ ဖယောင်းတိုင်များကိုလည်း လေးတိုင်တိတိ ထပ်မံ၍ ထွန်းညှိထားလိုက်သဖြင့် တစ်ခန်းလုံး ထိန်ထိန်လင်းသွားကာ တစ်ဦးကိုတစ်ဦး နေ့အခါကဲ့သို့ ထင်ရှားစွာ တွေ့မြင်ရပါသည်။

"ကိုသိန်းဟန်ကလည်းဗျာ၊ အရေးထဲ ဘယ်သွားနေတယ် မသိပါဘူး"

ဝေနှင့် စကားပြောရန် စကားရှာမရသဖြင့် ကျွန်တော်က ကိုသိန်းဟန်ကို ရိုးမယ်ဖွဲ့ကာ စကားစလိုက်လေသည်။

"အို ကိုမြင့်ဝင်းကလည်း ကိုကို့အတွက် မပူပါနဲ့လို့ ပြောပြီးပြီဟာ။ ဒါကိုပဲ ထပ်ခါထပ်ခါ ပြောနေတာကို၊ ဘာလဲ ... ကိုမြင့်ဝင်းက ဝေ့ကို. ကိုကို့လောက်မခင်ဘူးလား" နှုတ်ခမ်းကလေးစူ မျက်စောင်းကလေးထိုးကာ ပြောလိုက်သော တင့်တင့်ဝေ၏အမူအရာကြောင့်–

"အိုကွယ် ... ဒီကဝေ့ကို မခင်လို့ပြောတာ မဟုတ်ပါဘူး။ သူက ပြန်မလာတော့ ဝေ့မှာ အခုလို အားကိုးရာမဲ့ဖြစ်နေရလို့ ပြောရတာပါဗျာ" ကျွန်တော်က ဝေ၏စကားကို ပြုံးပြုံးကြီးလုပ်ကာ ဖြေလိုက်လျှင် –

"အောင်မာ ... ဝေ့မှာ အားကိုးရာမဲ့ဘယ်မှာဖြစ်လို့လဲ။ ကိုမြင့်ဝင်းတစ်ယောက်လုံး အရှိသားဟာ ဝေတော့ ကိုမြင့်ဝင်းထင်သလို အားကိုးရာမဲ့ မဖြစ်ပေါင်"ဝေက ကျွန်တော့်အား မျက်စချီကာ ဟန်ပါပါ ပြောလိုက်သဖြင့် ကျွန်တော့်မှာ ဝေ့အား ခေတ္တမျှငေးကာ ကြည့်ကောင်းကောင်းရှိ၍ ကြည့်နေမိပါသည်။ သည်လိုအမူအရာကလေးတွေကို

mgyoe.com

mgyoe.com



လည်း မကြာခဏလုပ်ပါစေဦးဟု စိတ်ထဲတွင် တောင့်တမိပါ သည်။

ထို့နောက် သူရော ကျွန်တော်ပါ တစ်ဦးနှင့်တစ်ဦး စကားဆက်၍ မပြောကြတော့ဘဲ ကုတင်ပေါ်တွင် လှဲကြရင်း အတွေးကိုယ်စီနှင့် နေကြတော့သည်။

ကျွန်တော့်မှာ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း သူအိပ်သော ကုတင်ထက် သုံးပေခန့် အထက်နားသို့ ရောက်ရှိနေလေရာတွင် ဝေက လက်နှစ်ဖက်ကို နောက်ပြန် ခေါင်းရင်းဘက်သို့ပစ်၍ ကိုယ်ကို ပက်လက်လှန်ထားကာ မအိပ်သေးသော်လည်း မျက်စိနှစ်ဖက်ကို စုံမှိတ်၍ မှိန်းနေပြီး ဖိမ်ယူနေသောကြောင့် ကျွန်တော့်တွင် မတွေ့လိုသော်ငြား လည်းမနေရ ဟူသောစကားကဲ့သို့ ဝေ၏ သုံးဆယ့်နှစ်ကောဋ္ဌာ ရုပ် ခန္ဓာထုကို အားကောင်းသော ဖယောင်းတိုင်မီးရောင်ဖြင့် အထင်းသား အရှင်းသား မြင်တွေ့၍နေလေရာ ကျွန်တော်၏ရင်မှာ တဒိတ်ဒိတ်နှင့် ပြင်းစွာခုန်၍ နေတော့သည်။ ကျွန်တော်၏စိတ်အထင်ကို ပြောရလျှင် ကျွန်တော်၏ ရင်ခုန်သံမှာ ပြင်းထန်လွန်းသဖြင့် ဝေ၏နား၌ပင် ကြား လိမ့်မည်လောဟု ထင်မှတ်မှားမိပေသည်။

ခပ်လျောလျော့ဝတ်ထားသော ဇာဘော်လီကြောင့် သူမ၏ ဆူဖြိုးတောင့်တင်းလှသော ရင်သားနှစ်စုံမှာ မှန်နိုင်လွန်၏ကျေးဇူး ကြောင့် အထင်းသားမြင်ရသည့်အထဲ ယခုလို လက်နှစ်ဖက်ကို ခေါင်း ရင်းဘက်သို့ နောက်ပြန်ယှက်ကာ ပက်လက်ကလေးအိပ်နေမှုကြောင့် အထက်စီးကနေရသည့် ကျွန်တော့်အား ရမ္မက်မီးကြွရန် ဇွတ်ပင် တိုက် တွန်း အားပေးနေသည်နှင့် တူလှပေသည်။

ဆင်နှာမောင်းကဲ့သို့ အရင်းတုတ်၍ အဖျားသွယ်ကာ နေသော ဝေ၏ပေါင်၊ လက်တစ်ထွာထက်မပိုသော ခါး၊ မဖြူ မဝါဖြစ်၍နေ သော အသားနှင့် တန်ဆောင်မုန်း လပြည့်နေ့တွင် တိမ်စင်ကင်းစွာဖြင့်

mgyoe.com

mgyoe.com


ထွက်ပေါ်လာသော ဖိုးလမင်းကြီးနှင့်တူသော ဝေ၏ တင့်တယ်၍ ကျက်သရေရှိလှသည့်မျက်နှာ၊ လေးကိုင်းသဏ္ဍာန် ခုံးခုံးကလေးကော့နေသော မျက်ခုံး၊ သြဇာအာဏာပါသော သမင်မျက်လုံး၊ ပါးလုပ်၍ သဘာဝအတိုင်း ရဲရဲနီနေသည့် နှုတ်ခမ်းနှင့် မို့၍အိနေသော ပါးပြင်။ အို ... ကျွန်တော် ဒါတွေကိုသာ အနုစိပ်၍ ဖော်ပြရလျှင် စာမျက်နှာအတော်များများ သုံးနေရတော့မှာမို့ ဆက်၍မဖော်ပါရစေနဲ့တော့။ အတိုချုံး၍ရေးရလျှင် ဝေ၏အလှတို့မှာ ကျွန်တော့်စိတ်အား မဖောက်ပြား ဖောက်ပြားအောင် သွေးဆောင်နေသည်နှင့် တူလေတော့သည်။ ထို့ကြောင့် ကျွန်တော့်မှာ သူ့ကိုကြည့်နေရာမှ မျက်စိကို တခြားသို့ လွှဲပြောင်းပစ်လိုက်ပါသော်လည်း မရပါ၊ သူ၏ကိုယ်ခန္ဓာပေါ်သို့သာလျှင် ပြန်လည်၍ ရောက်ရှိသွားနေသဖြင့် အခက်တွေ့နေရလေသည်။

မိုးသံလေသံတို့၏ ရွာချသောအသံများမှာလည်း ကျွန်တော့်အား "ဟေ့ကောင် ငနွားရဲ့ ကိုယ့်ရှေ့မှောက်ရောက်လာတဲ့အစာကို စားပါတော့လားကွ"ဟူ၍ ပြောနေဘိအလား ကျွန်တော်၏စိတ်တွင် ထင်မှတ်၍ နေမိပါသည်။ တဖြည်းဖြည်း ကျွန်တော့်မှာ မုန်ယိုသည့်ဆင်နှင့် တူ၍လာပါတော့သည်။ ထို့ကြောင့် ကျွန်တော်သည် လှဲနေရာမှ ထလိုက်ပြီးလျှင် အိပ်ပျော်စပြုနေသော ဝေအား တပ်မက်သောမျက်လုံးနှင့် မမှိတ်မသုန်စိုက်၍ ကြည့်နေမိပြီးမှ "ဟယ် မတော်ပါဘူး၊ ငါဟာ ကိုယ့်ကိုယုံကြည်စိတ်ချလို့ လာပြီး အားကိုးအားထားပြုနေတဲ့ မိန်းကလေးကို စော်ကားလို့ တော်ရော့မလား၊ ပြီးတော့ သူ့အစ်ကို ... ကိုသိန်းဟန်ဆိုတာကလည်း ငါ့ကိုယုံကြည်လို့ အပ်နှံထားတာကို ငါက ခွေးကျင့်ခွေးကြံလုပ်လိုက်ရင် ငါ့တစ်သက်မှာဖျက်မရတဲ့အမည်းကွက်ကြီးဟာ ထင်သွားတော့မှာပေါ့။ မလုပ်ဘူး မလုပ်ဘူး ...၊ ငါဟာ ဘယ်နည်းနဲ့မှ ဒီအပြုအမူကို မလုပ်ထိုက်ဘူး" ကျွန်တော်သည် ထိုသို့ ကိုယ့်ကိုယ်ကို အားတင်းဆုံးမ၍ ဖောက်ပြန်မည့်စိတ်တွေကို ချုန်းအုပ်

mgyoe.com

mgyoe.com


ပစ်လိုက်ရပါသည်။

သို့သော် ... ကျွန်တော် တစ်ညလုံး သည်လိုသာသူနှင့်တစ်ခန်းတည်းတွင် နေရလျှင် တစ်ခါမမှား တစ်ခါတော့ မှားတော့မည်ကို ကျွန်တော်သိသဖြင့် အခန်းတွင်းမှ ထွက်ခဲ့၍ သဘော်ဦးပိုင်းဧည့်ခန်းတွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍ နေလေသည်။

အချိန်မှာ ည ၁ နာရီ ကျော်ခဲ့လေပြီ။ မိုးကား မစဲသေးဘဲ ဖွဲကြီးစွာဖြင့် သဲ၍ သဲ၍ ရွာနေတုန်းဖြစ်လေသည်။

ထိုခဏတွင် "ကိုမြင့်ဝင်း ... ကိုမြင့်ဝင်း"ဟု မိုးသံကို ထိုးဖောက်၍ ဝေ၏ခေါ်သံကြောင့် ကျွန်တော် အပြေးကလေး သူ့ဆီသို့ သွားခဲ့ပြီးလျှင် "ဘာလဲဝေ ... ဘာဖြစ်လို့လဲ"ဟု မေးလိုက်သည်တွင် ဝေက ရှုံ့မဲ့စွာ မျက်နှာကလေးကို ထားကာ ကျွန်တော့်အား "ဝေ ... ဝေလေ ဗိုက်ထဲက သိပ်နာလာလို့ နှိပ်ပေးစမ်းပါ ကိုမြင့်ဝင်းရယ် ..."

ရော် ... အခုမှ ကျွန်တော့်တွင် ခက်ရချေပြီ။ နဂိုကမှ ကိုယ့်ကိုယ်ကိုယ် စိတ်မထိန်းနိုင်ဘဲ အမှားတွေပြုမိမည်စိုးသဖြင့် တမင် အပြင်သို့ထွက်၍ ရှောင်နေရသူအား ယခုကဲ့သို့ အသားကိုထိ၍ အကူအညီပေးရမည်ဆိုလျှင် ဘုရား ... ဘုရား ကျွန်တော် ရှေ့ဆက်၍ မစဉ်းစားရဲတော့ပါ။

"ဒါဖြင့် ဆူဆေးသောက်လိုက်ပါလား ဝေ ... ဝမ်းတစ်ခါလောက် သွားလိုက်ရင် ပျောက်သွားမှာပါ" ကျွန်တော်က ဝေနှင့် ခပ်လှမ်းလှမ်းတွင် ရပ်ကာ သူ၏ဗိုက်ကို မနှိပ်ပေးလိုသဖြင့် ဆူဆေးကိုသောက်ခိုင်းရာ ...

"ဟာ ... ဝေ ဆေးမသောက်ချင်ဘူး" ဝေမှာ ဗိုက်ကို လက်နှစ်ဖက် ရှုံ့မဲ့ကာ နှိပ်နေရာမှ ကျွန်တော်၏စကားကို သဘောမကျဟန်ဖြင့် ခြေနှစ်ဖက်ကို ပွတ်ခါ၍ ပြန်ပြောလိုက်လေသည်။

"နို့ ... ဘာလုပ်မလဲ၊ ပရုတ်ဆီလိမ်းမလား"သည်တစ်ခါတော့

mgyoe.com

ဝေက လျှောလျှောရှုရှုပင် ခေါင်းညိတ်ပြလိုက်သဖြင့် ကျွန်တော်၏ သေတ္တာထဲမှ ဗစ်(ခ်)ဘမ်းပရုတ်ဆီဘူးကို ထုတ်ကာ–

"ရော့ ရော့ ဝေ ... ဟောဒီမှာ ပရုတ်ဆီ" ကျွန်တော်က လှမ်းပေးလိုက်သော်လည်း ဝေက လှမ်းမယူဘဲ–

"အို ... ကိုမြင့်ဝင်း လိမ်းပေးမှပေါ့။ ဝေ့ဟာဝေ လိမ်းလို့ ဘယ်ဖြစ်မလဲ"

"ဗျာ ... ကျွန်တော်လိမ်းပေးရမလား"

"ဟုတ်တယ် ..."ဝေက စိတ်မရှည်ဟန်နှင့် ခပ်ကျယ်ကျယ် ကျွန်တော့်အား လှမ်း၍အော်လိုက်ပြီးနောက် တရှုံ့ရှုံ့နှင့် ငိုနေပါတော့သည်။

"ခက်ပြီ၊ ခက်ပြီ၊ ယခုမှ အခက်ကြီးခက်လေပြီ။ ကိုယ့်ဝမ်းနာ ကိုယ်သာသိဆိုသလို ကျွန်တော်၏စိတ်ကို ကျွန်တော်သိသဖြင့် ဝေ့အား ခပ်ရှောင်ရှောင်လုပ်၍ နေသည်ကို မယ်မင်းကြီးမက အကြောင်းမှန်ကို မသိဘဲ သူ့အား ဂရုတစိုက် မပြုရကောင်းလားဟု အပြစ်တော်ရှု၍ နေတော့သည်။

သို့သော် ဤအခြေကျမှတော့ တုံးတိုက်တိုက် ကမ်းတိုက်တိုက် တိုက်လိုရာတိုက်တော့ နောင်ခါလာ နောင်ခါဈေးဟု သဘောထား၍ သူ့ဗိုက်ကို ပရုတ်ဆီလိမ်းပေးရပါတော့သည်။

ကျွန်တော်သည် ကုတင်ပေါ်တွင် တစောင်းထိုင်ချလိုက်ပြီး ဝေ၏ ဝါဝါဝင်းနေသော ဗိုက်ပေါ်သို့ ပရုတ်ဆီလိမ်းရန် ထမီကို တစ်ထွာခန့် အောက်ဘက်သို့ ဆွဲချ၍လည်းကောင်း၊ ဘော်လီအင်္ကျီအား အထက်သို့ ဆွဲလှန်လိုက်၍လည်းကောင်း၊ ခုန်နေသောရင် တုန်နေသော လက်တို့ဖြင့် သက်မကြီး အခါခါချရင်း ပြုလုပ်ပြီးလျှင် ပရုတ်ဆီ လိမ်း၍ အသာအယာ နှိပ်ပေးနေရ၏။ ဝေ့အား ကြည့်ရသည်မှာ ဝေဒနာ အတော့်ကို မချိမဆန့် ခံစားနေရပုံ ရပါသည်။ သူ၏ သောက်ရှူးကြယ်ပမာ ထွန်းတောက်ပနေသည့် မျက်လုံးနှစ်စုံမှာ ပုလဲငွေရည်

mgyoe.com

ရောင် ဥကလေးများဖြင့်တူသော မျက်ရည်များဖြင့် ပြည့်လျှံ၍နေသည်ကို မြင်ရသော ကျွန်တော်က ကရုဏာသက်စွာဖြင့် ...

"ဝေ သိပ်နာနေသလားဟင်၊ ဘာလုပ်ငိုနေရတာလဲကွယ်"

ကြင်နာယုယစွာနှင့် မေးလိုက်သော ကျွန်တော့်အသံကြောင့်

"ငိုမှာပေါ့ ကိုမြင့်ဝင်းက ဝေ့ကို ဂရုမှမစိုက်ဘဲ၊ ကျွတ် ... ကျွတ်" ဝေက ကျွန်တော့်အား လှမ်း၍ မကျေမချမ်းပြောရင်းနှင့် ဗိုက်ထဲမှ နာလာသဖြင့် စုတ်သပ်လိုက်ပါသည်။

"ကဲပါ ဝေရယ် ... တိတ်ပါတော့ ကိုမြင့်ဝင်းက ဂရုမစိုက်ချင်လို့မှ မဟုတ်ဘဲ။ မသင့်တော်လို့ ဗြုန်းကနဲ မနှိပ်ပေးဘဲနေတာပါကွယ်"

ကျွန်တော်က ဝေ့အား လေပျော့ကလေးနှင့် ရှင်းပြလိုက်ပြီးနောက် ဆက်၍ ...

"ဒီမှာ ဒီလိုလုပ်ရင်မကောင်းဘူးလား။ ကိုမြင့်ဝင်း ကုန်းပေါ်တက်ပြီး ဆရာဝန်သွားခေါ်ပေးမယ်လေ"

ဝေ၏ဝေဒနာကို စိုးရိမ်သဖြင့် ကျွန်တော်က ဆရာဝန်နှင့် ကုရန် အကြံပေးသော်လည်း ဝေမှာ နားမထောင်ဘဲ ခေါင်းကို တွင်တွင်ကြီးခါ၍ ...

"ဟင့်အင်း ... ဟင့်အင်း၊ ဆရာဝန်ကို ဒုက္ခခံပြီး ခေါ်မနေစမ်းပါနဲ့။ ကိုမြင့်ဝင်းသာ ဒီလိုပဲ ဝေ့ကိုနှိပ်ပေးနေစမ်းပါ။ တော်ကြာပျောက်သွားမှာပါပဲ။ ဝေက ဒီလိုပဲ မကြာမကြာ ဖြစ်တတ်တယ် ကိုမြင့်ဝင်းရဲ့" ထို့ကြောင့် နောက်ထပ် သူ့အား ဘာမျှ ကျွန်တော် ပြောမနေတော့ဘဲ သူ့အလိုကျ ဗိုက်ကို နှိပ်ပေး၍ နေရလေသည်။ သူ၏ဗိုက် အအေးမိနေမည်စိုး၍ စောစောကခွာ၍ထားသော ထမိနှင့် ဘော်လီကို နေသားတကျ ပြန်ဖုံးပေးပြီးလျှင် ကျွန်တော်သည် အသာအယာနှိပ်မြဲ နှိပ်၍နေရလေသည်။ သို့သော် နှိပ်သာနှိပ်နေရသည် ရင်တုန်နှင့် လက်တုန်ကတော့ မပျောက်သေး။

mgyoe.com

 mgyoe.com


ထိုသို့နှိပ်၍ တစ်မိနစ်ခန့်အကြာတွင် ဝေသည် ငြိမ်၍ အနှိပ်ခံနေရာမှ ဘယ်လိုဖြစ်သွားသည်မသိ "အား"ဟု တစ်ချက်ညည်းလိုက်ပြီး သူမ၏ခါးကို ကော့ပစ်လိုက်ပြီးသည့်နောက် တစ်ဆက်တည်း ကိုယ်ပါ လိမ့်ပစ်လိုက်ရာတွင် စောစောက ကျွန်တော် ဖုံးဖိပေးထားသော ထမီနှင့် ဘော်လီအင်္ကျီမှာ သူ၏ရုတ်တရက် ကိုယ်ကိုကော့ကာ လိမ့်လိုက်မှုကြောင့် ဘော်လီအင်္ကျီမှာ လုံးဝကျွတ်ထွက်သွားပြီး ထမီမှာမူ ပေါင်လယ်သို့ထိအောင် လျောကျသွားသဖြင့် ကျွန်တော်၏မျက်လုံးများမှာ ပျာကနဲ ဖြစ်ကာ လူမှာလည်း သတိကင်းလစ်၍သွားလေသည်။

မိနစ်ဝက်ခန့်တော့ ကျွန်တော် ဘာတွေပြု၍ ဘာတွေလုပ်လိုက်မိသည်ကိုမသိ၊ နောက်မှ တဖြည်းဖြည်း ကျွန်တော်၏စိတ်တွေ တည်ငြိမ်မှုကို ပြန်ရချိန်၌တွင်မူ ကျွန်တော်ကား ဝေ့အား တင်းကြပ်စွာပွေ့ဖက်၍ သူမ၏ပူနွေးသော နှုတ်ခမ်းကို အားရှိပါးရှိ စုပ်ယူ၍နေသည်ကို ကျွန်တော် သိရပါသည်။ ဝေကလည်း ထိုကဲ့သို့ပင် ကျွန်တော့်အား တင်းကြပ်စွာ ပွေ့ဖက်ထားလေသည်။

စောစောက သေတော့မလိုဖြစ်နေသော ဝေ၏ဗိုက်နာကား ကြက်ပျောက်ငှက်ပျောက် လွင့်ပျောက်၍ သွားခဲ့လေပြီ။

ဝေ၏ကိုယ်ပေါ်တွင် ယခုအချိန်၌ အဝတ်အစားမကပ်တော့ဘဲ မိမွေးတိုင်း ဖမွေးတိုင်းဖြစ်၍ နေတော့သည်။ ကျွန်တော်က ဝေ၏ နှင်းဆီနီကလေးပမာ ရဲရဲထနေသော နှုတ်ခမ်းအစုံကို အာသာပြင်းပြင်း စုပ်ယူသလို ဝေကလည်း ပြန်လည်၍ အားကျမခံ ကျွန်တော့်နှုတ်ခမ်းကို စုပ်ယူလေသည်။ ထိုသို့ တစ်ပြန်စီ အချစ်ရှိန်တက်နေကြခိုက် ထွန်းထားသော ဖယောင်းတိုင်များမှာ ကုန်ဆုံးသွားသဖြင့် တစ်ခန်းလုံးမှာ အမှောင်အတိဖုံး၍ သွားပါတော့သည်။ ထိုမှောင်ထဲတွင် ကျွန်တော်တို့၏ အချစ်မှောင်ကတစ်ဆင့် ထပ်မံ၍ ဖုံးအုပ်ပစ်လိုက်တော့

mgyoe.com

mgyoe.com

သည်။

"ဝေ ... မောင့်ကိုချစ်တယ်နော်" ကျွန်တော်တို့အချစ်ကား မြန်မာ သလောက် ဆန်းလည်းဆန်းလှကြပေသည်။ ဝေနှင့်ကျွန်တော်မှာ တစ်ဦးနှင့်တစ်ဦး ချစ်ကြိုက်စကား မပြောကြရခင် မရှောင်နိုင်သောအတွေ့ကြောင့် ယခုကဲ့သို့ ကျူးကျူးလွန်လွန် ဖြစ်ခဲ့ကြပြီးမှ ချစ်စကား ပြန်လည်၍ ပြောနေကြရပေသည်။

"ချစ်တာပေါ့ မောင်ရယ်၊ ချစ်လို့သာ တစ်ကိုယ်လုံး ပုံအပ်ခဲ့တာပေါ့ကွယ်"ဝေက မောသံနှင့် ပြန်လည်ဖြေရှာသည်။

"တကယ်လား ဝေရယ်၊ မောင်တော့ အစွဲကြီးစွဲမိပြီ အချစ်ရယ်"

"ဝေကလည်း မောင့်လိုပါပဲကွယ်"

"တော်ကြာ ဝေက မောင့်ကိုပစ်မသွားနဲ့နော်"

ကျွန်တော်ကား (မ)ဆိုလျှင် ဝေတစ်ယောက်သာလျှင် တွေ့ဖူးသူဖြစ်၍နေမိ၏။

"အမယ်လေးဟဲ့ ... ကောက်ညှင်းက စီးရမှာ ဆန်းကြမ်းကစီးနေပြန်ပါပြီ။ ဒါက ဝေတို့လို မိန်းမက ပြောရမဲ့စကားပါရှင့်"

ဝေက ကျွန်တော်၏ပါးနှစ်ဖက်ကို သူမ၏နူးညံ့သောလက်နှစ်ဖက်ဖြင့် အသာလိမ်ဆွဲပြီး ပြောလိုက်ပါသည်။ ထို့နောက် ဝေက ဆက်၍ ...

"စိတ်ချပါ မောင်ရယ်၊ မောင့်ကို ဝေ ဘယ်တော့မှမခွဲဘူး။ မောင့်ကို မြင်ကတည်းက ဝေ့ရဲ့စိတ်ထဲမှာ ကျိတ်ပြီးချစ်နေတာရှင့်။ ဒါကြောင့်မို့လည်း မောင့်ရဲ့ဆန္ဒကို ဝေ မငြင်းဆန်ဘဲ လိုက်လျောခဲ့တာပေါ့"

"ကဲ ... ဒါဖြင့် ဝေ့ရဲ့အစ်ကိုကို မနက်ဖြန်ကျတော့ ဒီအကြောင်းတွေ ပြောပြပြီး လက်ထပ်ခွင့်တောင်းရအောင်လား"

"ဟာ ဒါတော့မောင်က မစောလွန်းဘူးလားကွာ၊ ဒီလို မောင်က သွားပြီးပြောရင် ကိုကိုက မောင့်ကိုကော ဝေ့ကိုပါ အပြစ်တင်တော့မှာ

mgyoe.com

mgyoe.com

ပေါ့။ မောင်တစ်ခု စဉ်းစားကြည့်လေ။ ဝေနဲ့မောင်ဟာ ညနေပိုင်းကမှ သိကြပြီး၊ ညကျတော့ ဝေနဲ့မောင်ဟာ လွန်ကျူးခဲ့ကြတာကို ကိုကို သိရင် မောင်လည်း သစ္စာမရှိတဲ့ယောကျ်ားဖြစ်သွားမယ်။ ဝေ့မှာဆိုရင် လည်း အညာလွယ်တဲ့မိန်းမပေါ့ကလေး ဖြစ်သွားကြတော့မှာပေါ့။ ဒါ ကြောင့် ဒီကိစ္စကို အလျင်မလိုပါနဲ့လို့ ဝေက ပြောရတာပါ။ နောက်မှ ဝေနဲ့မောင်နဲ့ တိုင်ပင်ပြီး အဆင်ပြေသလို ကြည့်လုပ်ကြတာပေါ့"

"အေးလေ ဒီလိုဆိုရင်လည်း ပြီးရောပေါ့။ မောင်ကတော့ စိတ်ပူ လို့ ပြောရတာပါ"

"အံမာ ... ဒီကတော့ကော မပူလို့လား။ မောင်တို့မှာ ယောကျ်ား ဖြစ်လို့၊ တကယ်ဆိုတော့ ဝေနဲ့မောင်ရဲ့ကိစ္စမှာ လွဲချော်သွားဦးတော့ ပူပင်စရာမရှိပါဘူး။ ဝေတို့မိန်းမသားအဖို့ရာမှာသာ မဖုံးမဖိနိုင်တော့မဲ့ ကိစ္စကြီးဖြစ်လာမှာကို ပူနေရတာ ကိုယ်တော်ရေ သိပလား"

ဒေါသကလေးနှင့် ရန်တွေ့လိုက်သော ဝေ၏အသံမှာ ... ကျွန် တော့်အဖို့တွင် တစ်မျိုးနားထောင်၍ ကောင်းနေပါသည်။

"အေးပါဗျာ ... ပူပါ ... ပူပါ။ ခင်ဗျားတို့မိန်းမတွေ ပူတတ်ကြ မှန်း ကျုပ် သိပါတယ်" နောက်ဆုံးတွင် ကျွန်တော်က ရယ်စရာပြော၍ လက်ထပ်ရေး ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်လေသည်။

ထို့နောက် ချစ်သူတို့ဘာသာ အခြားစိတ်ကြည်နူးဖွယ်ရာတို့ကို ပြောဆိုနောက်ပြောင်နေကြရင်းဖြင့် နောက်တစ်နေ့နံနက်ဘက်သို့ ရောက်ရှိလာခဲ့လေသည်။

*

နောက်တစ်နေ့နံနက်သို့ ရောက်၍ လင်းရောင်ကလေးပေါ်သည် နှင့် တစ်ပြိုင်နက် ညက အိပ်မောကျနေကြသော ခရီးသည်များ၏အသံ မှန့်ပဲသွားရေစာနှင့် သတင်းစာများ လာရောင်းသူတို့၏အသံ၊ ကူလီ

mgyoe.com

mgyoe.com


များ၏ ဝါးဘိုးသင်္ဘောပေါ်သို့ ကုန်တင်ကြသည့်အသံ၊ နံနက်စောစော မှ သင်္ဘောအမီလာရောက်ခဲ့ကြသူများ၏ အသံတို့မှာ ညပိုင်းက တိတ်ဆိတ်ခဲ့သမျှ အတိုးချကာ ဆူဆူညံညံ ဖြစ်၍နေလေတော့သည်။ မိုးကား ... လုံးဝတိတ်၍ သွားခဲ့လေပြီ။ ဝေရော၊ ကျွန်တော်ပါ ညက အိပ်ရေးပျက်ခဲ့ကြသဖြင့် မျက်တွင်းတွေကျ၍ နေကြလေသည်။ ဝေ့အဖို့တွင် မျက်တွင်းပင်ကျခဲ့သော်လည်း၊ အလှမပျက်ဘဲ တစ်မျိုးအားဖြင့် ကြည့်ရှု၍ ကောင်းနေပါသည်။ ဝေ၏အစ်ကို ကိုသိန်းဟန်ကား မပေါ်လာသေး ...။

သို့သော် ကိုသိန်းဟန်နှင့်ပတ်သက်၍တော့ ကျွန်တော် ဝေ့ကို မေးလည်းမမေး၊ ပြောလည်းမပြောတော့ချေ။ အမှန်ဆိုတော့ ညက ဖြစ်ပျက်ခဲ့သော အပြစ်ကြီးကြောင့် ကိုသိန်းဟန်နှင့်တွေ့ဆုံရမှာကို ကျွန်တော် မျက်နှာပူလှသဖြင့် သူနှင့် လုံးဝတွေ့ချင်စိတ်မရှိတော့ပေ။ ကိုသိန်းဟန်တစ်ယောက် သင်္ဘောမမီပါစေနှင့်ဟုပင် စိတ်ထဲ၌ ကျိတ်၍ ကျွန်တော် ဆုတောင်းနေမိပါသည်။ ဝေကလည်း ကျွန်တော်ကဲ့သို့ပင် ကိုသိန်းဟန်အား မေးမြန်းခြင်းမပြုပေ။

သင်္ဘောမှာ ခြောက်နာရီတိတိတွင်မှ ထွက်မည်ဖြစ်၍ နောက်ထပ် မိနစ်လေးဆယ်မျှ ထွက်ရန်လိုသေးကြောင်းကို သိရသဖြင့် ဝေနှင့် ကျွန်တော်သည် သင်္ဘောပေါ်တွင်ရှိသော လက်ဖက်ရည်ဆိုင်၌ မသောက်ဘဲ အညောင်းအညာလည်း ပြေစေရန်အတွက် ကုန်းပေါ်သို့ တက်၍ မော်တင်ထိပ်ရှိ လက်ဖက်ရည်ဆိုင်တွင် သွားရောက်သောက်ကြပါသည်။

လက်ဖက်ရည်သောက်ခဲ့ပြီးနောက် နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်၍ သင်္ဘောဆီသို့ ပြန်ခဲ့ကြစဉ် နောက်မှ ...

"မမဝေ ... မမဝေ ..."ဟူသော ခေါ်သံကြောင့် ကျွန်တော်တို့နှစ်ယောက် လှည့်၍ကြည့်လိုက်ရာ အသက် ၁၆ နှစ်ခန့်ရှိ ကောင်လေး

mgyoe.com

mgyoe.com


တစ်ယောက် အပြေးကလေး ဝဲ့ထံသို့ရောက်လာပြီးလျှင် စာတစ်စောင်ကို ပေး၍ ...

"အစ်ကိုကြီးက အပေးခိုင်းလိုက်တယ်။ သူ ဒီနေ့ထွက်မဲ့သင်္ဘောနဲ့ မလိုက်ဖြစ်တော့ဘူးတဲ့။ မမဝေတစ်ယောက်တည်းသာ ဒီစာထဲမှာ ရေးလိုက်တဲ့လူနဲ့ သွားပါတဲ့။ သူကတော့ နောက်တစ်နေ့ထွက်မယ့် လေယာဉ်ပျံနဲ့ မြောင်းမြလိုက်ပြီး မမဝေကို ကြိုနေမယ်တဲ့"

သွက်လက်ချက်ချာပုံရသော ကောင်လေးက ထိုသို့ပြောလိုက်လျှင် ...

"အေး အေး ... ကောင်းပြီလို့ ပြောလိုက်။ သူ အခု ဘယ်မှာလဲ အတာ၊ မင်းတို့အိမ်မှာပဲလား"

ဝေက အတာဟုခေါ်သော ကောင်လေးအား မေးလိုက်ရာ ...

"ဟုတ်တယ် မမဝေ၊ အိမ်မှာပဲ။ ကဲ ... ကျွန်တော် သွားမယ်"

"အေး ... အေး ကျေးဇူးတင်ပါတယ်ကွယ်။ မင်း ဒီလိုလာပြောတာကို..." ထို့နောက် ကောင်လေးထွက်သွားလေလျှင် ဝေက ကောင်လေး ပေးသွားသောစာကို ကျွန်တော့်အား ပေးပြီး ...

"ရော့ ကိုကိုက မောင့်ကိုပေးလိုက်တဲ့စာ။ ဘာတွေများ ရေးထားသလဲ မသိဘူး"

ကျွန်တော်သည် ဝေပေးထားသောစာကို လှမ်း၍ယူလိုက်ပြီးလျှင် မျက်နှာကို စပ်ဖြဲဖြဲကြီးလုပ်၍ ...

"အဟမ်း ... ယောက်ဖကြီးက ဘာတွေများရေးမှာလဲ။ သူ့နှမကို ကိုယ်ဖိရင်ဖိ စောင့်ရှောက်ဖို့ကို ရေးမှာပေါ့ဗျ"

ထိုသို့ ကျွန်တော်က အသားယူ၍ နောက်လိုက်သဖြင့် ဝေက ချစ်စနိုးနှင့် မျက်စောင်းထိုးပြီး ကျွန်တော်၏လက်မောင်းကို ပုတ်လိုက်ပြီး ...

"ဟင်း ... သူကတော့ အသားကြီးနဲ့ပြောပြီး မနောခွေ့နေလိုက်

mgyoe.com

mgyoe.com


တာ။ ဒီအကြောင်းတွေများ ကိုကိုသိရင် ဝေတို့ကို အစိမ်းလိုက်ကိုက်ပြီး စားချင်အောင် ဒေါပွနေမှာကိုတော့ သူမသိဘဲနဲ့"

"အမယ်လေး ကိုယ်တို့အစ်ကိုကြီးက ဒီလောက် သဘောထား မသေးပါဘူးကွာ"ဟု ကျွန်တော်က ပြောပြီး နှစ်ယောက်သား ကိုသိန်းဟန် သင်္ဘောပေါ်သို့ မလာတော့မှန်း သိသဖြင့် တပြုံးပြုံးနှင့် ဝမ်းသာနေကြပါသည်။ ထို့နောက် ကျွန်တော်တို့သည် ထွက်လုနီးပြီဖြစ်သော ဝါးဘိုးသင်္ဘောပေါ်သို့ တက်ခဲ့ကြပါသည်။

ကျွန်တော်တို့နေသော အခန်းတွင်းသို့ ရောက်ကြလျှင် ကျွန်တော်တို့သည် ကိုသိန်းဟန်ပေးလိုက်သောစာကို ထုတ်၍ဖတ်ကြည့်ရာ အောက်ပါအတိုင်း တွေ့ရလေသည်။

ကိုမြင့်ဝင်း

ကျွန်တော့်ရဲ့အလုပ်ကိစ္စတစ်ခုဟာ မပြီးမပြတ်ဖြစ်နေတဲ့အတွက် ဒီကနေ့ထွက်မဲ့ ဝါးဘိုးသင်္ဘောနဲ့ မလိုက်ဖြစ်တော့လို့ ခင်ဗျားပဲ ဝေ့ကို မြောင်းမြအထိ စောင့်ရှောက်ပြီး ခေါ်သွားပါတော့ဗျာ။ ကျွန်တော်တော့ နောက်တစ်နေ့ ပုသိမ်ထွက်မဲ့ ယူဘီအေ လေယာဉ်ပျံနဲ့လိုက်ပြီး မြောင်းမြသင်္ဘောဆိပ်ကို လာကြိုနှင့်မယ်။

မြောင်းမြမရောက်ခင်တော့ ဝေ့ကိုစောင့်ရှောက်ဖို့ ခင်ဗျားပဲ တာဝန်ယူပေတော့ဗျို့။

ခင်ဗျားနဲ့ကျွန်တော်ဟာ သိကျွမ်းခဲ့ကြတဲ့ အချိန်မှာ အလွန်တိုတောင်းလှပေမဲ့ ခင်ဗျားရဲ့ ရိုးသားတည်ကြည်တဲ့ ရုပ်ရည်ကို မြင်မြင်ချင်း နှစ်သက်မိလို့ပဲ နှမအပျိုကို ဝကွက်ပြီး အပ်လိုက်တာပဲ။ အားလည်း အားကိုးပါရစေဗျာ။

mgyoe.com

mgyoe.com


ဝေ့ကိုလည်း ဒီအကြောင်းတွေ ပြောပြလိုက်ပါ
ဗျာ။ ကဲ ... ကဲ ခင်ဗျားတို့နှစ်ဦး ချောချောမောမော
ဖြစ်ကြပါစေဗျာ ...။

*ကြိုတင်ကျေးဇူးတင်စွာနှင့် ...*
*သိန်းဟန်*

ကျွန်တော်နှင့်ဝေသည် အထက်ပါ ကိုသိန်းဟန်၏စာကို ခေါင်းချင်းဆိုင်၍ ဖတ်လိုက်ကြပြီးနောက် တစ်ဦးနှင့်တစ်ဦး ကြည့်၍ပြုံးလိုက်ကြပါသည်။

"ယောက်ဖကြီးက တယ်ပြီးယုံလိုက်ပါလားဝေ၊ အော် ဒါထက်ကိုသိန်းဟန်က လေယာဉ်ပျံနဲ့ နောက်တစ်နေ့မှလိုက်မယ်ဆိုတော့ ဒီသင်္ဘောထက်အရင် မြောင်းမြကို ရောက်ပါ့မလား" ကျွန်တော်က ကိုသိန်းဟန် သင်္ဘောမမှီဘဲ၊ မြောင်းမြသို့ အရောက်နောက်ကျနေခဲ့ပါလျှင် ဝေတစ်ယောက်တည်း ပုသိမ်သို့သွားရမည်ဖြစ်သဖြင့် ဝေ့အတွက် စိုးရိမ်မိကာ မေးလိုက်ပါသည်။

"မီတာပေါ့ မောင်ရဲ့၊ လေယာဉ်ပျံက မြောင်းမြလေဆိပ်ကို ရှစ်နာရီနဲ့ လေးဆယ့်ငါးမိနစ်မှာ ရောက်တယ်။ ဝေတို့သင်္ဘောက နောက်တစ်နေ့မနက် ဝါးခယ်မကနေပြီး ခြောက်နာရီခွဲမှာမှ ထွက်ပြီး မြောင်းမြကို စောရင် ကိုးနာရီမှာ ရောက်မယ်။ နောက်ကျရင် ဆယ်နာရီလောက်မှ ရောက်တာမို့ ကောင်းကောင်းကြီး မီတာပေါ့" ကျွန်တော့်မှာ သင်္ဘောနှင့် မြောင်းမြသို့ ပထမအကြိမ်အဖြစ်ဖြင့်သာ သွားဖူးသူဖြစ်သဖြင့် ဝေက ရှင်းပြမှသာလျှင် သိရှိရပါတော့သည်။

ထိုအချိန်တွင် ဧရာဝတီပိုင် ဝါးဘိုးနှစ်ထပ်သင်္ဘောကြီးမှာ ရန်ကုန်ဆိပ်ကမ်းမှ ခွာစပြု၍ နေလေပြီ။ ဝေနှင့် ကျွန်တော်မှာ တစ်ခန်းစီ ခွဲမနေကြတော့ဘဲ ကျွန်တော်၏အခန်းထဲတွင် ဝေ၏ပစ္စည်းများနှင့် ကိုသိန်းဟန်၏ပစ္စည်းများကို သယ်ယူခဲ့ပြီးလျှင် တစ်ခန်းတည်း ရွှေ့

mgyoe.com

mgyoe.com


ပြောင်းနေလိုက်ကြလေသည်။

နှစ်ယောက်သားမှာ ကိန္နရီမောင်နှံတို့ပမာ တတွဲတွဲနှင့် သွားအတူ၊ စားအတူ၊ အိပ်အတူ နေကြသဖြင့် အခြားသင်္ဘောစီး ခရီးသည်များမှာ ကျွန်တော်တို့စုံတွဲအား ရခါစလင်မယားဟု ထင်မှတ်၍နေကြလေသည်။ ကျွန်တော်ကလည်း ထိုသို့ထင်မှတ်ခြင်းခံရသည်ကိုပင် အလွန်မနောခွေ့၍ ပီတိဖြစ်နေပါသည်။

ဝါးခယ်မသို့ ရောက်သည့်ညတွင်လည်း လွန်ခဲ့သောညကဲ့သို့ပင် ဝေနှင့်ကျွန်တော်တို့မှာ မီးကုန်ယမ်းကုန် အချစ်စခန်းဖွင့်ကာ အချစ်ကြီး ချစ်နေခဲ့ကြ၏။ ထို့ပြင် ဝါးခယ်မမြို့ပေါ်လည်း နှစ်ယောက်သားလည်ပတ်ခဲ့ကြသေးသည်။ ကနဦးက ရွှယ်၍ထားသော ကျွန်တော်၏ဆွေမျိုးများထံ ဝင်ဖို့ အကြံအစည်မှာ အခြေအနေအရ ဖျက်သိမ်းပစ်လိုက်ရ၏။

နောက်တစ်နေ့နံနက်ဆိုလျှင် ဝေနှင့် ကျွန်တော်သည် မိမိတို့၏ကိုယ်ရေးကိုယ်တာ ကိစ္စကြောင့် ခေတ္တမျှခွဲခွာကြရပေတော့မည်။ ဝေ့အား မကြာခင် ကျွန်တော်သည် ရန်ကုန်သို့ပြန်၍ရောက်ခဲ့ကြလျှင် အမြန်ဆုံးနည်းနှင့် လက်ထပ်ကြရန် ထပ်တလဲလဲပြောနေမိသဖြင့် ဝေ၏ နောက်ပြောင်ခြင်းကိုပင် ခံရပါသေးသည်။ ရန်ကုန်ရောက်လျှင် သူတို့နေထိုင်သည့်နေရာကို လာနိုင်ရန်အတွက် သူတို့၏အိမ်လိပ်စာကို တောင်းယူ၍ထားပြီး ကျွန်တော်၏အိမ်လိပ်စာနှင့် ရုံးလိပ်စာကိုလည်း ဝေ့အား သေသေချာချာရေး၍ ပေးထားလိုက်ပါသည်။

ဝါးခယ်မတွင် တစ်ညအိပ်ပြီးနောက် သင်္ဘောကြီးသည် နောက်တစ်နေ့ နံနက် ခြောက်နာရီခွဲအချိန်တွင် ဝါးခယ်မမှ မြောင်းမြသို့ ထွက်ခွာခဲ့၍ မြောင်းမြသို့ နံနက် ၉ နာရီတွင် ဆိုက်ရောက်ခဲ့လေသည်။

တတူတူနှင့် ဥဩသံပေးကာ ကျွန်တော်တို့ စီးနင်းလိုက်ပါခဲ့သည့် ဝါးဘိုးအမည်ရှိ သင်္ဘောကြီးမှာ မြောင်းမြသို့ဆိုက်ကပ်ပြီးလေပြီ။

mgyoe.com

mgyoe.com


ခရီးသည်များမှာလည်း မိမိတို့၏အိပ်ရာပစ္စည်းများကို ထုပ်ပိုးသယ်ယူခြင်း၊ ကူလီများကလည်း ကူလီကူလီဟူ၍ နှုတ်မှအော်ရင်း ခရီးသည်များ၏ ပစ္စည်းအထုပ်အပိုးတို့ကို သယ်ယူကြခြင်း စသဖြင့် ကိုယ်စီကိုယ်င ပြုလုပ်နေကြသောကြောင့် သင်္ဘောတစ်စင်းလုံးမှာ ပွက်ပွက်ရိုက်ကာ ဆူညံ၍နေတော့လေသည်။

ကျွန်တော့်အဖို့တွင်မူ တစ်ချိန်လုံး ပျော်ခဲ့သမျှ ယခုတော့မူ ရင်ထဲတွင် တလှပ်လှပ်နှင့် ဝေနှင့်ခွဲရမည့်အရေးကြောင့် စိတ်နွမ်းလူပန်းဖြစ်၍ နေရလေသည်။

ဝေကတော့ သူ၏ငိုထားသဖြင့် နီရဲနေသော မျက်လုံးကို လူမြင်မခံချင်သဖြင့် နေကာမျက်မှန်အနက်ကို ထုတ်၍တပ်ထားပါသည်။

"ဝေ ... မောင်ပြောတာတွေကို မမေ့နဲ့နော် ... ရန်ကုန်ပြန်ရောက်ကြရင် မောင်တို့ လက်ထပ်ကြရအောင်"

တုန်ယင်စွာ ထွက်ပေါ်လာခဲ့သော ကျွန်တော်၏အသံနှင့် ဝေ့အား ပြောပြလိုက်မိပါသည်။

"စိတ်ချပါမောင်ရယ်၊ ဝေက သာပြီး မောင်နဲ့ကွဲမှာကို ပူပါတယ်မောင်"ဝေကလည်း မျက်ရည်အဝိုင်းသားနှင့် ကျွန်တော့်အား ညှိုးငယ်စွာ ပြန်ပြောရှာသည်။

ကျွန်တော်တို့နှစ်ဦးကား တစ်ချိန်လုံး သင်္ဘောပေါ်တွင် ပျော်ခဲ့ကြသမျှ ယခု မြောင်းမြအရောက်တွင်တော့ အလွမ်းဇာတ်ဆင်ကာ နေကြရလေသည်။ ထိုသို့ နှစ်ယောက်သား လွမ်းနေကြခိုက် ...

"ဟေး ... ကိုမြင့်ဝင်း"

မည်သည့်အချိန်က သင်္ဘောပေါ်တက်ခဲ့သည်မသိ ဝေ့အစ်ကို ကိုသိန်းဟန်မှာ ကျွန်တော်တို့နှစ်ယောက်ရှေ့တွင် မားမားကြီးရပ်ကာ ကျွန်တော့်အား ဝမ်းသာအားရနှင့် ခေါ်လိုက်သဖြင့် ပထမသော် ကျွန်တော့်မှာ ယောင်အမ်းအမ်းဖြစ်ကာ ငိုင်နေပြီးမှ ...

mgyoe.com

mgyoe.com


"ဟာ … ကိုသိန်းဟန်၊ ခင်ဗျား သိပ်ရှော်တဲ့လူပဲဗျာ။ ကျွန်တော်ဖြင့် ဟိုနေ့ညက မလာမလာနဲ့ မျှော်လိုက်ရတာ"

ကျွန်တော်၏အပြော၊ ကျွန်တော်၏မျက်နှာပေး အမူအရာမှာ တကယ့် ရုပ်ရှင်မင်းသားကြီး ဆန်လှပေသည်။ ကျွန်တော်ကား ကိုယ့်ကိုယ်ကိုယ် ခြောက်ပြစ်ကင်းလုပ်၍ ဝေနှင့်ဘာမျှ မဖြစ်ပျက်ခဲ့သလို အမူအရာနှင့် သူ့ကိုပင် ဦးအောင် ကြိမ်းနေလိုက်သေးသဖြင့် ကိုသိန်းဟန်မှာ တဟဲဟဲနှင့် ရယ်ရင်း …

"အေးဗျာ … ခင်ဗျားပြောလည်း ခံရမှာပဲ။ သွားတုန်းကတော့ ခဏရယ်လို့ သွားတာပဲ။ ဟိုရောက်တော့ ကိစ္စတွေက မှိုပေါက်သလို အလျှိုလျှိုနဲ့ ပေါ်လာတာနဲ့ ခင်ဗျားတို့ဆီ ပြန်မလာနိုင်ဘဲ ဖြစ်သွားတယ်ဗျာ။ ဆောရီးပဲ ကိုမြင့်ဝင်း"

ဝေကတော့ ကျွန်တော်နှင့် သူ့အစ်ကို ပြောဆိုနေကြသည်သာ မရွှင်ပျသော မျက်နှာနှင့် ကြည့်၍နေပြီး သူကတော့ ဘာမျှ ဝင်ရောက်ပြောဆိုခြင်း မပြုပေ။ ထိုအခိုက်တွင် …

"ဟော အစ်ကိုက ဒီမှာကို ကျွန်တော်ဖြင့် ရှာလိုက်ရတာ မူးနေတာပဲ။ ဒီသင်္ဘောနဲ့ ပါမလာတော့ဘူးတောင် မှတ်နေတာ"

ကျွန်တော်၏ ညီတော်မောင် သတို့သားလောင်းက ကျွန်တော်ကြိုတင်၍ မှာကြားထားသည့်အတွက် သင်္ဘောဆိပ်သို့ လာ၍ ကြိုဆိုရာ ကျွန်တော့်ကို မတွေ့သဖြင့် သင်္ဘောအနှံ့အပြား လိုက်ရှာရာမှ ကျွန်တော့်အား မြင်သွားလေရာတွင် သူက အထက်ပါအတိုင်း ပြောပြီး အခန်းထဲသို့ ဝင်လာလေသည်။

"အေးကွာ ငါလည်းဆင်းခဲ့မလို့ပါ။ ဟောဒီက မိတ်ဆွေတွေနဲ့ စကားပြောနေရလို့ကွ။ ဩော် ကိုသိန်းဟန် သူပေါ့ဗျ၊ မင်္ဂလာဆောင်မယ်ဆိုတာ သူ့နာမည်ကတော့ စိုးမြင့်တဲ့။ ဟေ့ ညီလေး ဒါက ကိုကိုတို့နဲ့ သင်္ဘောတစ်စီးတည်း စီးလာကြတဲ့ မိတ်ဆွေ ကိုသိန်းဟန်နဲ့

mgyoe.com

mgyoe.com


ဟိုဟာက သူ့နှမ ဝေခေါ် တင့်တင့်ဝေတဲ့ကွ"

သူတို့မောင်နှမနှစ်ယောက်နှင့် ကျွန်တော့်ညီအား မိတ်ဆက်၍ ပေးလိုက်ရာ ကိုသိန်းဟန်က ကျွန်တော့်ညီ၏လက်ကိုဆွဲ၍ နှုတ်ဆက်ရင်း ...

"တွေ့ရတာ ဝမ်းသာပါတယ်ဗျာ။ ကျွန်တော်တို့လည်း မှတ်ထားပေါ့ဗျာ"ဟု ကိုသိန်းဟန်က ဆိုသဖြင့် စိုးမြင့်ကလည်း ပြုံး၍ ...

"ဟုတ်ကဲ့ အခုလိုသိကျွမ်းရတာကို ကျွန်တော်လည်း ဝမ်းသာပါတယ်ဗျာ"ဟု ပြန်လည်၍ ပြောဆိုပြီးနောက် ...

"ကိုသိန်းဟန်တို့လည်း မြို့ထဲကိုဆင်းပြီး လည်ကြဦးမယ်မဟုတ်လား"

"ဟုတ်ကဲ့ ဆင်းတော့ဆင်းမယ်၊ ဒါပေမဲ့ လည်ဖို့တော့ မဟုတ်ပါဘူး"

"ဒါဖြင့်ရင်လည်း အခုတစ်ခါတည်း ကျွန်တော့်အိမ်ကို လိုက်ခဲ့ကြပြီး မနက်စာ စားကြပါလားဗျာ"

ကျွန်တော်၏ညီ စိုးမြင့်က သူ၏အိမ်တွင် နံနက်စာစားကြရန် ကိုသိန်းဟန်တို့အား ခေါ်လေရာ ကိုသိန်းဟန်က အားနာစွာနှင့် ပြုံး၍ ခေါင်းကို အသာရမ်းလိုက်ပြီး ...

"ဆောရီးပဲဗျာ၊ ခင်ဗျားရဲ့ ဝမ်းမြောက်စွာ ဖိတ်ကြားတာကို ကျွန်တော်တို့ မလိုက်လျောနိုင်လို့ ဆောရီးပဲ ကိုစိုးမြင့်။ ဒီမြို့မှာ ကျွန်တော်တို့ရဲ့ အတွင်းရေးကိစ္စတစ်ခု ရှိနေသေးလို့ ခွင့်လွှတ်ပါဗျာ"

ကိုသိန်းဟန်က မလိုက်နိုင်ကြောင်းပြောသဖြင့် ကျွန်တော်က ဝေ့အား အကူအညီရလိုရငြား လှမ်း၍ကြည့်မိပါသေးသည်။ သို့သော် ဝေကလည်း သူ၏အစ်ကိုစကားကို ဟုတ်မှန်ကြောင်း ဝန်ခံသည့်အလား မရွှင်ပျသောမျက်နှာကလေးနှင့် သူ၏ခေါင်းကို မသိမသာရမ်း၍ ကျွန်တော့်အား ပြလိုက်ပါသည်။ နောက်ဆုံးတွင် ကျွန်တော်တို့

mgyoe.com

mgyoe.com


ညီအစ်ကိုနှစ်ယောက်မှာ သူတို့အားခေါ်ရန် လက်လျှော့လိုက်ကြပြီး လျှင် သူတို့မောင်နှမကို နှုတ်ဆက်၍ ထွက်ခဲ့ကြပါသည်။ မထွက်ခွာမီ သူတို့မောင်နှမအား ကျွန်တော်က သင်္ဘော မြောင်းမြမှ မထွက်ခွာမီ လာခဲ့ဦးမည်ဟုလည်း ပြောပြခဲ့သေးသည်။

"အစ်ကို့ကြည့်ရတာ တော်တော်ဆွေးနေပုံရတယ်"

ဝါးဘိုးသင်္ဘောပေါ်မှဆင်း၍ မြို့ထဲသို့ နှစ်ယောက်သား လမ်းလျှောက်လာကြစဉ် ညီတော်မောင်က ကျွန်တော့်အားလှမ်း၍ ပြုံးစိစိနှင့် ကြည့်ရင်း ပြောလိုက်သဖြင့် ခေါင်းကို အောက်စိုက်၍ မလှမ်းချင် လှမ်းချင်နှင့် အလွမ်းမင်းသားဟန်ဖြင့် လျှောက်၍နေသော ကျွန်တော် က ဆတ်ခနဲ ခေါင်းကိုမော့လိုက်ပြီး ...

"ဘာလဲကွ မင်းဟာက ငါက ဘာကိုဆွေးရမှာလဲ"

သူပြောသည့်အဓိပ္ပာယ်ကို ရိပ်မိသော်လည်း မသိဟန်ဆောင်၍ ခပ်တည်တည်နှင့် မေးလိုက်ရာ ...

"ဟဲ ... ဟဲ ...၊ မသိဟန်ဆောင်မနေစမ်းပါနဲ့ အစ်ကိုရာ။ ရန်ကုန်ကနေပြီး မြောင်းမြအထိအောင် အစ်ကို ဘော်ဒီဂတ်လုပ်ပြီး လာခဲ့ရတဲ့ မိန်းကလေးတစ်ယောက်နဲ့ အခုခွဲခဲ့ရလို့ အစ်ကို့မှာ ဆွေးနေ တာကို ပြောတာပါ"

သူက စုံထောက်ဦးစံရှားလေမျိုးနှင့် တိတိကျကျ မှန်ကန်စွာ ပြောလိုက်သဖြင့် ကျွန်တော်မှာ မငြင်းသာတော့ဘဲ အံ့သြစွာနှင့်ပင် သူ့ကို လှမ်းကြည့်လိုက်ပြီးနောက် ...

"အလို မင်းက ဒီကနေပြီး ငါနဲ့ဝေနဲ့ တစ်လမ်းလုံး နှစ်ယောက် တည်း အတူ သင်္ဘောစီးလာတယ်လို့ မင်းဘယ်လိုပြောနိုင်သလဲကွ။ ဝေနဲ့အတူ သူ့အစ်ကို ကိုသိန်းဟန်ကိုလည်း မင်း တွေ့ခဲ့ရဲ့သားနဲ့များ ကွာ"

"အဲဒီ ကိုသိန်းဟန်ကို တွေ့ခဲ့ရလို့ ကျွန်တော်က အစ်ကိုနဲ့ဝေဟာ

mgyoe.com

mgyoe.com


တစ်လမ်းလုံးမှာ နှစ်ယောက်တည်း စီးလာခဲ့ကြရမယ်လို့ တပ်အပ်သိရတာပဲ"

"ဘာကွ ... မင်းဟာက ရှုပ်လိုက်တာ။ သေသေချာချာရှင်းပြစမ်းပါဦး ဦးစံရှားရယ်"

ကျွန်တော်က သူ၏စွပ်စွဲချက်များကို ရှင်းပြရန် ခိုင်းသဖြင့် ခွေးကောင်မှာ သူ့ကိုယ်သူ အတော်ပင် အထင်ကြီးသွားပုံ ရပါသည်။

"ဒါက ဒီလိုလေ၊ ဒီကနေ့မနက် သင်္ဘောနဲ့ အစ်ကိုလာမယ်လို့ သိရတဲ့အတွက် ကျွန်တော်က သင်္ဘောဆိပ်ကို မနက် ရှစ်နာရီခွဲကျော်လောက်ကတည်းက ကြိုဖို့ရောက်နေတယ်။ နောက် သင်္ဘောက မလာနိုင်သေးတာနဲ့ ကမ်းနားထိပ်က လက်ဖက်ရည်ဆိုင်မှာ လက်ဖက်ရည်မှာသောက်ပြီး သင်္ဘောအလာကို ထိုင်စောင့်နေစဉ်မှာ ကိုသိန်းဟန်ဆိုတဲ့လူဟာ ဆိုက်ကားနဲ့ရောက်လာပြီး ဘောတံတားဘက် ဆင်းသွားတာကို ကျွန်တော် မြင်လိုက်လို့ပဲ။ သူ့ကို ဘာကြောင့် သေသေချာချာ ဂရုပြုမိသလဲဆိုရင် သူဟာ တံတားဘက်မဆင်းခင် ကျွန်တော်သောက်နေတဲ့ လက်ဖက်ရည်ဆိုင်ကို ဝင်ပြီး ဆိုက်ကားခပေးဖို့ အကြွေဝင်လဲတယ်။ နောက် ဆိုက်ကားခအပေးမှာ ဆိုက်ကားသမားကို သူပေးတဲ့ ငွေဟာ နဲနေလို့ သူနဲ့ ဆိုက်ကားသမား စကားများကြတာကို တွေ့ရလို့ပဲ။ ဒါပေမဲ့ ဘေးကလူတွေ ဝိုင်းဖျန်ဖြေကြလို့ ရန်ပွဲဟာ ခဏနဲ့ပြီးသွားကြတယ်။ ဒီနောက် သူလည်း တံတားဘက်ကိုဆက်ပြီး ဆင်းသွားတာပဲ။ အဲ ... နောက်တစ်ချက်ပိုပြီး သတိထားမိတာကတော့ သူဝတ်ထားတဲ့ မန္တလေး မြောက်ပြင် ပိုးလုံချည်အနီနဲ့ အနက်ကွက်ကြီးပဲ။ တော်တော်လေးကြာတော့ အစ်ကိုစီးလာတဲ့ သင်္ဘောဆိုက်ပြီး အစ်ကိုနဲ့လာအတွေ့မှာ အစ်ကိုက ကျွန်တော့်ကိုဆီးပြီး ရန်ကုန်ကတည်းက အစ်ကိုနဲ့ အတူ ခရီးသွားတွေပဲလို့ ပြောလိုက်တော့ ကျွန်တော်ဖြင့် ဗြုန်းကနဲတော့ အတော် အစဉ်းစားရကြပ်သွားတယ်။ နောက်မှ အစ်ကိုနဲ့ဝေဆိုတဲ့

mgyoe.com

mgyoe.com


မိန်းမရဲ့ မျက်နှာကဲတွေကို ရိပ်မိပြီး ဩော် ဒီလိုကိုးဆိုပြီး ကျွန်တော့် အဖို့ အဓိပ္ပာယ်ရှင်းသွားပြီးတဲ့နောက် အစ်ကိုနဲ့ဝေသာ ရန်ကုန်တည်းကနေပြီး မြောင်းမြထိအောင် အတူတူခရီးသွားဖြစ်မယ်။ ကိုသိန်းဟန်ကတော့ လေယာဉ်ပျံနဲ့ မနက်ကမှ ရောက်လာတဲ့အတွက် ကေန္တ ဒီလူဟာ သဘော်မမီလို့ အမီလိုက်လာတဲ့လူ ဖြစ်ရမယ်လို့ ကျွန်တော် တွေးမိတာပေါ့။ ဘယ့်နှယ်လဲ အစ်ကို ညီလေးရဲ့အတွေးအခေါ်ဟာ သွေးထွက်အောင် မှန်မနေဘူးလား"

"မှန်ပါ့ဗျာ၊ မင်းရဲ့အတွေးအခေါ်ဟာဖြင့် သပ်သပ်ရပ်ရပ်ရှိပါပေတယ်။ ဒါကြောင့်လည်း မင်းဟာ စုံထောက်ဖြစ်နေတာပဲ"

ကျွန်တော်က ညီတော်မောင်၏ အချက်ပိုင်ပိုင် ရှည်လျားစွာရှင်းပြချက်ကြောင့် တကယ်ပင် ဝမ်းထဲမှ လှိုက်လှိုက်လှဲလှဲ ချီးကျူးပြောဆိုလိုက်ပါသည်။

မကြာမီ ကျွန်တော့်ညီစိုးမြင့်နှင့် ခယ်မတို့နေသော အိမ်သို့ရောက်ခဲ့လေသည်။

ကျွန်တော်၏ခယ်မလောင်း မညွန့်ရင်မှာ တောဆန်ဆန် ချောမွေ့သူကလေး ဖြစ်ပေသည်။ ကျွန်တော့်ကိုလည်း မြင်လျှင်မြင်ချင်းပင် အစ်ကိုရင်းတစ်ဦးပမာ ခင်မင်ရှာပါသည်။ သူမ၏မိဘများကလည်း ဖော်ဖော်ရွေရွေ ရှိလှပါသည်။

အကယ်၍သာ ကျွန်တော်သည် ဝေနှင့် သင်္ဘောပေါ်တွင် မည်သို့မျှ ဖြစ်ပျက်ခဲ့ခြင်း မရှိပါလျှင် အတော်ပင် ပျော်ရွှင်ဝမ်းမြောက်ခြင်း ဖြစ်မိပေလိမ့်မည်။ ယခုမူ ဟန်လုပ်၍သာ မေးထူးခေါ်ပြော၍ နေရသည်။ စိတ်တို့ကတော့ ဝေ့ထံသို့ ရောက်၍နေလေသည်။

နံနက်စာကို သူတို့တစ်အိမ်သားလုံး လောကွတ်တွေ ဒလဟောနှင့် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ကျွေးမွေး ရှာကြ၏။ သို့သော် ကျွန်တော့်အဖို့တွင် သင်္ဘောပေါ်၌ ဝေနှင့်အတူ စားခဲ့ရစဉ်ကလောက် ခံတွင်း

mgyoe.com

mgyoe.com

အရသာ မတွေ့ဘဲ ပေါ့ပျက်ပျက်ကြီးဖြစ်ကာ နေမိလေသည်။ မကောင်းတတ်၍သာလျှင် ဟန်မပျက် ဇွတ်နှစ်ကာ အတင်းမျိုချနေရပါသည်။

ထိုအချိန်ကဆိုလျှင် ကျွန်တော်၏အဖို့ရာ၌ ဝေတစ်ယောက်သာလျှင် ဤလောကတစ်ခွင်ဝယ် မက်မောခင်တွယ်စရာ ဖြစ်၍ ဝေ၏အပြုအစု အယုအယကိုသာလျှင် တောင့်တ၍နေခဲ့မိပေသည်။

ထို့ကြောင့်လည်း တစ်အိမ်သားလုံးက မည်မျှပင် စေတနာတွေ ရေစီးကမ်းပြိုလိုက်ကာ နေကြသော်လည်း ကျွန်တော့်အဖို့ရာတွင် မပျော်ပိုက်နိုင်ပါ။

သို့သော်လည်း ကျွန်တော်၏ ဝမ်းတွင်း၌ ခံစားနေရသော အဖြစ်ကို သူတို့ သိရှိရိပ်မိသွားကြမည်ကို စိုးရမ်သဖြင့် ဟန်မပျက် အနှစ်မပါသော ပျော်ရွှင်မှုဖြင့် ရယ်ရယ်မောမော သူတို့နှင့် ပြောဆို၍ နေရလေသည်။

ဆယ်နာရီခွဲလျှင် ကျွန်တော်သည် ညီဖြစ်သူ စိုးမြင့်ကိုခေါ်၍ ပုသိမ်သို့ ဆက်၍ထွက်ခွာမည့် ဝါးဘိုးသင်္ဘောသို့ ဝေတို့မောင်နှမအား နှုတ်ဆက်ရန် ထွက်ခဲ့ကြလေသည်။ သင်္ဘောကြီးမှာ မြောင်းမြမှ ပုသိမ်သို့ထွက်ရန် နာရီဝက်မျှသာ လိုတော့သဖြင့် လူအများမှာ ရှုပ်ယှက်ခတ်မျှ ဥဒဟို ဝင်ထွက်သွားလာ၍ နေကြလေသည်။

ကျွန်တော်သည် သင်္ဘောဆီသို့ လျှောက်၍လာရင်း ဝေနှင့် ကျွန်တော် အချစ်နာလန်ထခဲ့ကြသည့်အခန်းကို လှမ်း၍ကြည့်မိရာ အခန်းမှ ပြတင်းပေါက်များမှာ နံနက်ဘက်က ကျွန်တော်နှင့်ဝေ ပိတ်ထားခဲ့သည့်အတိုင်းပင် တံခါးပိတ်မြဲ ပိတ်၍နေသည်ကို မြင်တွေ့ရသဖြင့် ကျွန်တော်၏ရင်ထဲတွင် အတိတ်မှ ဝေနှင့်ပျော်ပါးခဲ့ကြပုံများကို ပြန်လည်ကာ သတိရမိသောကြောင့် ကျွန်တော်၏ရင်ထဲဝယ် တစ်ဆို့၍ လာခဲ့ပါတော့သည်။

mgyoe.com

သဘော်အပေါ်ထပ်သို့ မောင်စိုးမြင့်က ရှေ့မှတက်၍ ကျွန်တော်က နောက်မှလိုက်ကာ တက်သွားပါသည်။ ဝေတို့မောင်နှမအား သူတို့နေထိုင်နေကြသည့် အခန်း၀သို့ရောက်သည့်တိုင် သူတို့၏ အရိပ် အယောင်ကိုမျှ မတွေ့မြင်ရသေးသဖြင့် ကျွန်တော်၏ရင်ထဲတွင် ဒိတ်ကနဲဖြစ်၍သွားမိလေသည်။ ဝေတို့၏အခန်းမှာ ပိတ်ထားသည်ကို တွေ့ရသဖြင့် အတွင်း၌များ ရှိကြမလားဟူသောအထင်နှင့် တံခါးကို လေးငါးချက် ခေါက်၍ကြည့်ပါသော်လည်း အကြောင်းမထူးပေ။

"ဟော့ ... ညီလေး သူတို့ မြို့ထဲက ပြန်မရောက်ကြသေးဘူး ထင်တယ်ကွ" ကျွန်တော်က အခန်း၀တွင်ရပ်ရင်း မောင်စိုးမြင့်အား လှမ်း၍ ထင်မြင်ချက်ကို ပြောပြလိုက်မိပါသည်။

"ကျွန်တော်တော့ ဒီလိုမထင်မိဘူး အစ်ကို၊ ကျွန်တော်တို့ မလာခင် တစ်ခါတည်း လစ်သွားကြပြီလို့ ထင်တယ်။ ပြီးတော့ သူတို့နှစ်ယောက်ဟာ မောင်နှမဆိုတာလည်း ဟုတ်မယ်မထင်ပါဘူး။ အစ်ကို့ကို သူတို့ တစ်စုံတစ်ခု လျှို့ဝှက်ထားစရာရှိလို့ ပတ်တီးချလိုက်တာနဲ့ တူပါတယ် အစ်ကိုရာ"

မောင်စိုးမြင့်က ပုလိပ်ပီပီ သူ၏ထင်မြင်ချက်တွေကို ထုတ်နေသဖြင့် ...

"တော်စမ်းပါကွာ၊ မင်းကလည်း ပုလိပ်ပီပီ လူတစ်ယောက်မြင်ရင် မသင်္ကာစိတ်တွေ ဘာလို့ဝင်ချင်ရတာလဲကွ။ သူတို့ မောင်နှမအစစ်မဟုတ်ဘူးလို့ ဆိုရအောင် မင်းက ဘယ်လိုအထောက်အထားတွေများ ကိုးကားပြီး တင်ပြနိုင်လို့လဲ"

ကျွန်တော်က မောင်စိုးမြင့်၏ ထင်မြင်ချက်ကို မကြိုက်သဖြင့် ရှေ့သို့ ဆက်၍ သူမပြောနိုင်အောင် ပိတ်၍ပြောလိုက်ပါသည်။

"ဟင် ... ဒီလိုဆို ငါကရော သူတို့မောင်နှမအစစ်ဖြစ်ကြောင်းကို ဘယ်လိုအထောက်အထားနဲ့ ပြောနိုင်သလဲ" မောင်စိုးမြင့်ကို နှုတ်မှ

mgyee.com

mgyoe.com


ပြောရင်း ကျွန်တော်၏စိတ်ထဲ၌လည်း အထက်ပါအတိုင်း ကိုယ့်ကိုယ်ကိုယ် ပြန်လည်၍ မေးနေမိပါသည်။

မည်သို့ပင်ဖြစ်စေ ကျွန်တော်ကတော့ ဝေနှင့်ပတ်သက်၍လာလျှင် အကောင်းကိုသာ ကြားချင်ပါသည်။ အဆိုးကိုတော့ ကြားလည်း မကြားလို၊ ပြောလည်း မပြောလိုပါ။

သို့နှင့် ကျွန်တော်တို့ညီအစ်ကိုနှစ်ယောက်မှာ ရှေ့သို့ဆက်၍ စကားမပြောကြတော့ဘဲ၊ သင်္ဘောဦးပိုင်း ဧည့်ခန်းသို့ထွက်ကာ ဝရံတာလက်တန်းကိုမှီ၍ သင်္ဘောဆိပ်သို့ သွားလာနေကြသောလူထုထဲတွင် ဝေတို့မောင်နှမအား ပါလိုပါငြားရပ်၍ ကြည့်နေမိပါသည်။

သင်္ဘောကြီးကား ထွက်ခွာရန် အချိန်စေ့ကာနီးပြီဖြစ်၍ အချက်ပေး ဥသြပင် ပထမအကြိမ် ဆွဲစပြု၍ နေလေပြီ။ သို့သော် ဝေနှင့်ကိုသိန်းဟန်တို့ကား ယခုထက်တိုင် မပေါ်လာသေးသဖြင့် စိတ်ထဲတွင် မောင်စိုးမြင့်ပြောသလို ဒင်းတို့ဟာ မောင်နှမအစစ်မှ ဟုတ်ကဲ့လား ဟူသော သံသယသည် ပထမအကြိမ် ကျွန်တော့်တွင် ဖြစ်ပေါ်၍ လာပါတော့သည်။ နောက်ဆုံးတွင် သင်္ဘောမှ ဒုတိယအကြိမ် အချက်ပေးဥသြအမှုတ်တွင် ညီဖြစ်သူ မောင်စိုးမြင့်က ...

"ကဲပါ အစ်ကိုရာ သူတို့ ပြန်လာတော့မှာ မဟုတ်ပါဘူး။ ပြန်ကြပါစို့။ ကျွန်တော်ပြောတဲ့အတိုင်း သူတို့ လစ်ပြေးသွားကြပါပြီ။ အစ်ကိုကသာ တကယ့်မောင်နှမထင်နေတာကို ကျွန်တော်တို့လို ပုလိပ်မျက်စိနဲ့ ကြည့်ပြီး ပုလိပ်တွေးတွေးရရင် ခုတင်က ကျွန်တော်ပြောခဲ့သလိုပဲ သူတို့ မောင်နှမဆိုတာဟာ လံကြုပ်ဇာတ်ကလေးပါ။ သူတို့ရဲ့နောက်ပိုင်းမှာ လျှို့ဝှက်ချက်တစ်ခုကြောင့်သာ အစ်ကို့ကို လှည့်စားသွားတာဖြစ်ရမယ်။ ကဲ ကဲ ... သေချာသွားအောင် သင်္ဘောစာရေးဆီ သွားမေးကြည့်စို့လား"

မောင်စိုးမြင့်ကပြောမှ ကျွန်တော့်တွင် သင်္ဘောစာရေးကို ဝေတို့

mgyoe.com

mgyee.com


အကြောင်း မေးကြည့်ရန် သတိရ၍ "အေး ဟုတ်တယ်ကွ၊ သူ့ကို မေး ကြည့်ရင်တော့ သိရလိမ့်မယ်ထင်တာပဲ"

ထို့နောက် ညီအစ်ကိုနှစ်ယောက် အောက်ထပ်သို့ ပြန်ဆင်းခဲ့ကြ ပြီးလျှင် သဘော်စာရေးရှိသော အခန်းသို့ လာခဲ့ကြပါသည်။

သဘော်စာရေးမှာ ကျွန်တော့်အား မျက်မှန်းတန်းမိနေသဖြင့် ကျွန်တော့်ကို မြင်လျှင်မြင်ချင်း သူကပင်စတင်၍ နှုတ်ဆက်လိုက်ပါ သည်။

"လာဗျို့ ခင်ဗျားအတွက် စာတစ်စောင် ကျွန်တော့်ဆီ ရောက်နေ တယ်"

"စာတစ်စောင် ဟုတ်လား၊ ဘယ်ကများလဲဗျာ"

"ဘယ်ကရမှာလဲဗျ၊ တစ်လမ်းလုံး ခင်ဗျားနဲ့ တတွဲတွဲလုပ်နေတဲ့ ဟိုမိန်းမဟာ ဘယ်သူဆိုလားဗျာ၊ (ဤနေရာတွင် ကျွန်တော်က ဝင်၍ ဝေဟု ထောက်လိုက်မှ) အဲ ... အဲ ဝေက ခင်ဗျား ဒီသဘော်ကိုပြန်လာ ခဲ့လို့ရှိရင် ပေးလိုက်ပါဆိုပြီး ပေးသွားတယ်ဗျ။ သူတို့တော့ အရေးကြီး တဲ့ ကိစ္စတစ်ခု ပေါ်လာလို့ ပုသိမ်ကို ဆက်ပြီးမသွားတော့ဘူးတဲ့ဗျ။ ရော့ ... ရော့ သူပေးသွားတဲ့စာ" သဘော်စာရေးသည် ပါးစပ်မှပြောရင်း စာအိတ်တစ်အိတ်ကို ကျွန်တော့်အား လှမ်း၍ပေးလိုက်သဖြင့် ကျွန်တော်သည် ကျေးဇူးတင်စကား ပြောကြားခဲ့ပြီး ထွက်လုထွက်ခင် ဖြစ်နေသော ဝါးဘိုးသဘော်ကြီးမှ ထွက်ခဲ့ကြလေသည်။

"ဘယ့်နှယ်လဲ အစ်ကို၊ ကျွန်တော် ပြောတဲ့အတိုင်း ဖြစ်နေပြီ မဟုတ်လား" လမ်းတွင် မောင်စိုးမြင့်က ကျွန်တော့်အား လှမ်း၍ပြော လိုက်သောကြောင့် "နေပါဦးကွာ အိမ်ရောက်မှ သူ့စာကိုဖတ်ကြည့်ပြီး သိရတဲ့အခါကျမှ မင်းရဲ့စကား မှန်တယ် မမှန်ဘူးဆိုတာကို ဆုံးဖြတ် တာပေါ့။ အခုပြောဖို့တော့ အချိန်စောပါသေးတယ်"

"အင်း ... အစ်ကိုကတော့ ခုထက်ထိ ဖွဲကောင်းကောင်းနဲ့

mgyee.com

mgyoe.com

ယုံကြည်နေတုန်းပဲနော်။ အေးလေ ဒါကြောင့်မို့လည်း အစ်ကို့လို လူကိုမှ ရွေးပေါင်းပြီး ကလိမ်ကျသွားတာပဲ။ တောက် ဒီနေရာမှာ ကျွန်တော်နဲ့ လူချင်းလဲလိုက်ချင်တယ် အစ်ကိုရာ"

"ဟ ညီလေးရ၊ မင်းကလည်း အကျိုးအကြောင်း ဘာမှဖြင့် သေသေချာချာမသိရသေးဘဲနဲ့ ဘာဖြစ်လို့ တစ်ဖက်သားအပေါ်မှာ ဝန်တိုစိတ် ပွားနေရတာလဲကွ"

"ဝန်တိုစိတ် ပွားနေတာမဟုတ်ဘူး အစ်ကို၊ သူတို့ရဲ့အပြုအမူတွေဟာ ကြာလေ မူမမှန်လေ ဖြစ်ဖြစ်နေလို့ ပြောရတာ။ အစ်ကိုပဲ စဉ်းစားကြည့်လေ ... ပထမ ရန်ကုန်ကနေပြီး အစ်ကိုနဲ့အတူ ဝေဆိုတဲ့ မိန်းမကို နမအဖြစ်နဲ့ တစ်ယောက်တည်းထည့်လိုက်ပြီး သူကတော့ ဒီသင်္ဘောနဲ့ မလိုက်ဘဲ အရေးကြီးတဲ့ကိစ္စကြောင့်ဆိုပြီး နောက်တစ်နေ့မှ မြောင်းမြကို လေယာဉ်ပျံနဲ့လိုက်ခဲ့တယ်။ ကဲ ... စဉ်းစားစရာတွေကို ကျွန်တော် ထုတ်ပြတော့မယ်။ ရန်ကုန်တုန်းကတော့ အစ်ကို့ကို ပုသိမ်က အမျိုးတွေဆီသွားကြမလို့လို့ ပြောတယ်နော်။ ဟောဒီလည်းကျရောသူတို့ရဲ့ခရီးစဉ်ကို ဗြုန်းကနဲ ပြောင်းပစ်လိုက်ပြီးတော့ အရေးကြီးတဲ့ကိစ္စတစ်ခု ထပ်ပေါ်လာလို့ ပုသိမ်ဘက် ဆက်မသွားတော့ဘူးလို့ဆိုပြီး သင်္ဘောစာရေးကို သူတို့ စာရေးပေးခဲ့တယ်။ အဲဒီနှစ်ချက်ကို အစ်ကို စဉ်းစားကြည့်စမ်း။ သူတို့ဘင်္ဂလားမောင်နှမဟာ တစ်စုံတစ်ခုကို ပြောင်းလွဲပြီး လုပ်တော့မယ်ဆိုတိုင်း အရေးကြီးတဲ့ကိစ္စဆိုတဲ့ စကားနဲ့ အကြောင်းပြပြပြီး သွားကြတာကို တွေ့ရတယ်။ ဘာပြောတယ် အစ်ကို ကိစ္စဆိုတာ အချိန်မရွေး ပေါ်ချင် ပေါ်နိုင်တာပဲဟုတ်လား။ ကိုင်း ရှိစေတော့၊ ဒီလိုပေါ်ပေါက်လာလို့ရှိရင် သွေးရိုးသားရိုးသာဆိုရင် ဘယ်လောက်ပဲ ကိစ္စက အရေးကြီးကြီး အစ်ကိုတည်းတဲ့အိမ်ကိုတော့ လိုက်လာကြပြီး အကျိုးအကြောင်း ပြောပြကြမှာပေါ့။ တည်းတဲ့ အိမ်ကိုလည်း သူတို့အသိသားပဲဟာ။ အခုတော့ အကျိုးအကြောင်း လာမပြော

mgyoe.com

mgyoe.com


ဘဲနဲ့ တစ်ခါတည်း ခြေရာပျောက် စာကလေးတစ်စောင်ပေးပြီး လစ်သွားကြတယ်။ ကဲ ... ဒီတော့ကာ သူတို့ကို မောင်နှမအစစ်ပါလို့ ယုံစရာ ရှိသေးလား ...”

မောင်စိုးမြင့်ကား ကျွန်တော်၏ညီပင် ဖြစ်လင့်ကစား လူမှုပေါင်းသင်းဆက်ဆံရေးတွင် ကျွန်တော့်ထက်နှံ့စပ်သူဖြစ်၍ လူတစ်ယောက်၏ နဖူးရေဒူးရေကိုလည်းကောင်း၊ စကားအပြောအဆိုကိုလည်းကောင်း၊ ကြားမြင်ရုံနှင့် မည်ကဲ့သို့ လူစားဖြစ်သည်ကို ပြောနိုင်သူ တစ်ဦး ဖြစ်ပေသည်။ ယခု ဝေတို့မောင်နှမနှင့် ပတ်သက်၍လည်း စဉ်းစားစရာအချက်များကို တစ်လှေချင်းယူကာ ရှင်းပြနေသဖြင့် ကျွန်တော်မှာ ဘာမျှပြန်မပြောနိုင်ဘဲ ဘေးမှသာ လမ်းလျှောက်ရင်း သူပြောသမျှ နားထောင်၍ နေရပါသည်။

“ကဲ အစ်ကို ... ကျွန်တော်တော့ အိမ်ပြန်မလိုက်သေးဘူး။ ဟိုဘဂ်လားမောင်နှမ ဘယ်လို ကိုယ်ဖျောက်သွားတယ်ဆိုတာကို သိရအောင် လိုက်စုံစမ်းဦးမယ်။ အစ်ကို့ဘာသာ တစ်ယောက်တည်းပြန်ပြီး ဟိုစာကို ဖတ်ကြည့်ပေတော့။ ကဲ ... သွား အစ်ကို”

ပြောပြောဆိုဆိုနှင့် မောင်စိုးမြင့်မှာ ကျွန်တော့်အပါးမှ ထွက်ပြေးသွားလေရာ ကျွန်တော်လည်း ဘာမျှပြန်ပြောမနေတော့ဘဲ သဘောစာရေး ပေးလိုက်သော ဝေတို့ထံမှစာကို ဖတ်ကြည့်ရန်အတွက် ညီတော်မောင်၏အိမ်သို့ ပြန်ခဲ့လေသည်။

အိမ်သို့ ရောက်လျှင်ရောက်ချင်း မည်သူ့ကိုမျှ စကားပြောမနေတော့ဘဲ ကျွန်တော့်အတွက် အိပ်ရန်ပေးထားသောအခန်းသို့ တန်း၍ဝင်သွားပြီးလျှင် အိတ်ထဲမှစာအိတ်ကို ထုတ်ဖောက်လိုက်ရာတွင် စာမှာနှစ်စောင်ဖြစ်၍ နေသည်ကို တွေ့ရပြီး တစ်စောင်မှာ အတော်ထူ၍နောက်တစ်စောင်မှာမူ ခပ်ပါးပါးသာ ရှိသဖြင့် စာရွက်အထူခေါက်ကို အရင်ယူ၍ ဖတ်ကြည့်ရာ ကိုသိန်းဟန်၏လက်ရေးဖြင့် ရှည်လျားစွာ

mgyoe.com

mgyoe.com


ရေးသားထားသည်ကို တွေ့ရပေသည်။

ချစ်မိတ်ဆွေကြီး ကိုမြင့်ဝင်းခင်ဗျား ...

ဝမ်းနည်းအားနာစွာဖြင့်ပဲ ကျွန်တော်တို့ရဲ့အဖြစ်အပျက် အမှန်ကို ဤစာဖြင့် ယခု ဖွင့်ပြပါတော့မယ်။

အမှန်မတော့ ကျွန်တော့်ရဲ့အဖြစ်အပျက်ဟာ တော်တော်ကလေးပဲ ဆန်းကြယ်ပြီး လူကြားရင်တောင် မယုံမဲ့ကိစ္စကြီးပဲဗျ။ အဲ ... ခင်ဗျားအဖို့ရာမှလည်း ဒီစာကို အဆုံး ဖတ်ကြည့်ပြီးလို့ သိရတဲ့အခါမှာ ခင်ဗျားဟာ ကျွန်တော်တို့ကို ဒေါပွစရာပဲပေါ့ဗျာ။

ကဲပါလေ ... နိဒါန်းတွေ အကျယ်ချဲ့နေလို့ ခင်ဗျားအဖို့ အမြင်ကပ်လှရော့မယ်။ ဒါကြောင့်မို့ ခင်ဗျား သိရအောင် ကျွန်တော်တို့ရဲ့ ဘင်္ဂလားမောင်နှမဓာတ်ရှုပ်ကို ရှင်းချက်ထုတ်ကြစို့လား။

ဝေနဲ့ ကျွန်တော်ဟာလေ ခင်ဗျားကိုပြောခဲ့သလို မောင်နှမ မဟုတ်ဘူး အာစရိရေ့။ ငယ်လင်ငယ်မယားဗျ။ ဒါပေမဲ့ ဘဝက အကျိုးပေးနံ့ချာခဲ့လို့ အခုဘဝမှာ ကျွန်တော်ဟာ ငယ်ငယ်ရွယ်ရွယ်နဲ့ ပန်းသေရောဂါ စွဲကပ်ခြင်း ခံရလို့ လူဖြစ်ရှုံးခဲ့ရတယ်ဗျာ။

အမှန်မတော့ဗျာ အတိတ်ဘဝက အကျိုးပေးသက်သက်ကြောင့်ချည်းလည်း မဟုတ်ပါဘူး။ ယခုဘဝမှာ ဆိုရင် ကျွန်တော်ဟာ ပိုက်ဆံချမ်းသာတဲ့ မိဘနှစ်ပါးက ပေါက်ဖွားလာခဲ့တဲ့လူတစ်ယောက်မို့ အချိန်တန် အရွယ်ရောက်လို့ လူပျိုပေါက်ဖြစ်တယ်ဆိုရင်ပဲ သူဌေးသားပီပီ ကျွန်တော်ဟာ အပေါင်းအသင်းတွေ တပြုံကြီးနဲ့ သောက်ဟယ် စားဟယ်၊ ရန်ကုန်မှာရှိသမျှ နာမည်ကြီး

mgyoe.com

mgyoe.com


ဟိုတယ်တွေ၊ ပြည့်တန်ဆာမတွေနဲ့ အလေလိုက်ပြီး ကမြင်းခဲ့တဲ့ဒဏ်တွေဟာ ဟော … ဝေနဲ့လည်းရပြီးလို့ တစ်နှစ်လောက်လည်းကြာရော ကောက်ကာငင်ကာ ပန်းသေရောဂါ စွဲတော့တာမို့ အပြစ်တင်ခြင်းတင်ရင် ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်ရမှာပေါ့ဗျ။ ဘဝရဲ့အကျိုးပေးမှုကို အပြစ်မတင်ချင်ပါဘူး။

ဒီရောဂါ ဖြစ်လျှင်ဖြစ်ချင်းပဲ မြန်မာပြည်မှာ ကျော်ပေ့ဆိုတဲ့ ဆရာဝန်တွေရော၊ မြန်မာသမားတော် အကျော်အမော်တွေရော ပင့်ပြီး ကုသခဲ့ပေမဲ့ ရောဂါဟာ ကျွမ်းနေတဲ့အတွက် ပိုးသာကုန် မောင်ပုံစောင်းမတတ်ဆိုတဲ့ စကားလိုပဲ ကျွန်တော့်မှာလည်း ငွေသာ သောက်သောက်လဲ ကုန်ခဲ့ပြီး၊ ရောဂါကတော့ ဘာမှမထူးခြားခဲ့ဘူး။ ဒါနဲ့ နောက်ဆုံး မြန်မာပြည်မှာ ကုမရရင် အိန္ဒိယတက်ပြီး ကုမယ်ဆိုပြီး အိန္ဒိယတစ်ခွင် ပြုံပြုံစင်အောင် ကုခဲ့ပေမဲ့ ကျွန်တော့်ကို ကုခဲ့သမျှ ဆရာဝန်တိုင်းက မျှော်လင့်ချက်မရှိဘူးလို့ မှတ်ချက်ချခဲ့လို့ အဆုံးမတော့ ကျွန်တော်ဟာ ဒီရောဂါကို ကုဖို့ လက်မြှောက်ပြီး အရှုံးပေးခဲ့ရတယ်။ ဒီလို ကျွန်တော့်ရဲ့ရောဂါဟာ ကုလို့မရဘူးဆိုတာလည်း သိရော ကျွန်တော်ဟာ ဝေ့ကို အဖြစ်စုံပြောပြပြီး ချုံးချငိုမိတော့တာပဲ။ ဝေ့ကိုလည်း ကျွန်တော်နဲ့ ကွာရှင်းပြီး နောက်အိမ်ထောင်ပြုလိုက်ဖို့ကို ပြောပြတယ်။ ဒါပေမဲ့ ဝေဟာ အဲဒီအကြံပေးချက်ကို ခါးခါးသီးသီး ငြင်းလိုက်ပြီး သူက ဘယ်လိုပြန်ပြောသလဲဆိုရင် သူဟာ ကျွန်တော့်အပေါ်မှာ တဏှာကိုမူတည်ပြီး ချစ်တဲ့ အချစ် မဟုတ်ပါဘူးတဲ့။ အလွန်ဖြူစင်သန့်ရှင်းတဲ့ ရိုးရိုး

mgyoe.com

mgyoe.com


မေတ္တာနဲ့ ချစ်တာပါလို့ ပြောတယ်။ ဒီလိုသူက ပြော တော့ ကျွန်တော်က သုံ့ သေသေချာချာ ပိုပြီး သဘော ပေါက်အောင် ဒီမှာဝေ တစ်မိသားနဲ့ တစ်မိသားဟာ လင် ရယ် မယားရယ်လို့ ဖြစ်လာတဲ့အခါမှာ ဘယ်လိုပဲ အချစ် ဟာ သန့်ပါတယ်ပြောပြော သွေးသားသောင်းကျန်းလာ တဲ့အခါမှာ ရာဂဆိုတဲ့စိတ်ဟာ ပေါ်ပေါက်လာပြီး တစ်ဦးနဲ့တစ်ဦး ဆက်ဆံမှုကို ပြုလိုကြမှာ အမှန်ပဲ။ အခု သာ ဝေက သွေးသားတည်ငြိမ်နေတုန်းအခါမို့ မောင့်ကို တဏှာမဖက် သဒ္ဓါသက်သက်နဲ့ ချစ်နေပေမယ်လို့ အဲဟို စိတ်တွေ ဖြစ်ပေါ်လာတဲ့အခါမှာတော့ ဝေဟာ တစ်ခါ နှစ်ခါသာ သည်းခံပြီးနေနိုင်ပေမဲ့ ရေရှည်ကျတော့ ဘယ် နည်းနဲ့မှ သည်းခံနိုင်စွမ်း ရှမှာမဟုတ်တော့ဘူးလို့ ကျွန် တော်က သူနားလည်အောင် ရှင်းပြပေမဲ့ သူကတော့ ဇွတ်ပဲ ကျွန်တော့်ကို တွယ်ကပ်နေတာကြောင့် နောက်ဆုံး မှာတော့ ကျွန်တော်ဟာ လက်လျှော့ခဲ့ရတယ်။

ဒါပေမဲ့ ကိုမြင့်ဝင်းရေ ဝေဟာလည်း ပုထုဇဉ်သား တစ်ယောက်မို့ သူ့ရဲ့ဟိုစိတ်တွေဟာ လောကဓမ္မတာ အတိုင်းပဲ ပေါ်ပေါက်ခဲ့တယ်။ သူကတော့ ဒီလိုဖြစ်ပေါ် ပြီးလာတဲ့စိတ်ကို ကျွန်တော်မသိအောင် ကျိတ်မှိတ်ပြီး ခံနေပေမဲ့ ဒီအချက်ကို အစကတည်းက ကွက်ကျော်မြင် ထားတဲ့ ကျွန်တော့်အဖို့မှာတော့ သူဖြစ်ပျက်နေတာကို တွေ့ရတော့ ဘယ်မှာ စိတ်ချမ်းသာနေမှာလဲဗျာ။ သူ့ရဲ့ ဖြစ်ပေါ်ခံစားနေရတဲ့ဒုက္ခကို လင်သားတစ်ယောက် အနေနဲ့ ပြေငြိမ်းအောင် ပြုချင်ပေမဲ့ စိတ်သာရှိတယ်။ လူ ကတော့ ဘာမှ မတတ်နိုင်ခဲ့ဘူး။

mgyoe.com

mgyoe.com



အဲ ... နောက်ဆုံးကျတော့ ကျွန်တော်ဟာ အကြံတစ်ခု စိတ်ကူးရမိတယ်။ ဘယ်လိုအကြံလဲဆိုရင် ...

၁။ ဝေ့ကို ကျွန်တော်ကပဲ လင်ငယ်နေခိုင်းရမလား။

၂။ ဒါမှမဟုတ်ရရင် တစ်မြို့ကို နဂိုရုပ်ဖျက်သွားပြီး သူ့စိမ်းတရံဆံယောကျ်ားတစ်ယောက်ကို တိတ်တိတ်ကျိတ် ငွေပေးလို့ဖြစ်ဖြစ်၊ သို့မဟုတ် ဒီ့ပြင်တစ်နည်းနဲ့ဖြစ်ဖြစ် ခေါ်ပြီး ဝေ့ရဲ့ဆန္ဒကို ဖြည့်စွမ်းခိုင်းရမလား။

အဲဒီနှစ်ခုအနက် ၁ အချက်ဟာ ဝေ့ရဲ့ဂုဏ်ကိုလည်း ထိခိုက်မယ်။ နောက်ပြီးတော့ ကျွန်တော့်ကိုလည်း အရပ်က နွားကြီးလို့ ကွယ်ရာမှာ အကဲ့ရဲ့ခံရမှာမို့ (၁) အချက်ကို ပယ်လိုက်ပြီး (၂)အချက်ကို စဉ်းစားကြည့်တဲ့အခါမှာ (၂)အချက်ဟာဖြင့် ကျွန်တော်တို့နဲ့ သင့်တော်မယ်ထင်လို့ ရွေးလိုက်တယ်။ ဒီလို ကျွန်တော် ရွေးလိုက်တဲ့အခါမှာ ဝေ့ကို အကြောင်းစုံ ဖွင့်ပြောပြလိုက်တယ်။ အဲဒီတုန်းကများဆိုရင် ဝေဟာ သူ့ကို ဒီလိုလုပ်ဖို့ ပြောရမလားဆိုပြီး သုံးလေးရက်ဆက်ပြီး ငိုနေခဲ့သေးတယ်။ နောက်ဆုံး ကျွန်တော်က မရမက ဇွတ်အတင်းတိုက်တွန်းပြီး ဝေ့ကို အကျိုးအကြောင်း သေသေချာချာ နားဝင်အောင် ရှင်းပြပြောဆိုပြီး ဖျောင်းဖျမှ ဝေဟာ သဘောတူလိုက်ရှာပါတယ်။

ဒီလို ဝေ့ဆီက သဘောတူချက် ရပြီးတဲ့အခါမှာ ကျွန်တော်တို့ဟာ ကိုယ့်မြို့ကိုယ့်ဒေသက ခြေရာဖျောက်ထွက်ခဲ့ကြပြီး တခြားမြို့တွေမှာ အမည်အမျိုးမျိုး အသွင်အမျိုးမျိုးနဲ့ နေပြီး အူကြောင်ကြောင်ငနဲတွေကို အမိဖမ်း

mgyoe.com

mgyoe.com


မိတ်ဖွဲ့၍ ဝေရဲ့အလှနဲ့ မြူဆွယ်ပြီး အနုနည်းနဲ့ဖြစ်စေ၊ အကြမ်းနည်းနဲ့ဖြစ်စေ သိမ်းသွင်းယူပြီးတဲ့နောက် ကျွန်တော် ဖြည့်စွမ်းခြင်းငှာ မတတ်နိုင်တဲ့ ဝေရဲ့အလိုဆန္ဒကို ဖြည့်တင်းပေးဖို့ အသုံးပြုခဲ့တာပဲ။ အခု ခင်ဗျားကို နှပ်ခဲ့သလိုပေါ့ဗျာ။ ဟဲ ဟဲ ဟဲ ... ဒီလိုရေးပြလိုက်မိလို့ ကိုယ့်လူတော့ အတော်အောင့်သွားရှာမယ်။

ဒါပေမဲ့ ကိုမြင့်ဝင်းရေ ... ကိုယ်မချိ၊ အမိသော်လဲ သားတော်ခဲ့ဆိုတဲ့စကားလို ကျွန်တော်ကမှ မစွမ်းဆောင်နိုင်တဲ့ အလုပ်တစ်ခုကို ဒီအတိုင်းပဲ လက်ပိုက်ကြည့်နေလို့ရှိရင် ကျွန်တော်ကသာ မဟုတ်ဘူး၊ ဝေပါ စိတ်မချမ်းမသာ ဖြစ်မှာမို့ ကိုယ့်အသက်လောက်ချစ်တဲ့ မယားပေမဲ့ ဘဝရဲ့အကျိုးပေးဟာ နုံချာညံ့ဖျင်းမှုကြောင့် အခုလိုပဲ သူတစ်ပါးလက်ထဲကို စိတ်ချမ်းမြေ့မှု လုံးဝမရှိဘဲနဲ့ မျက်စိမှိတ်ပြီး ဝကွက်အပ်လိုက်ရတာပဲ။

ဒါပေမဲ့ ခင်ဗျား တစ်ခုသိထားဖို့ဟာက အခုခေတ်မှာဆိုရင် အချို့ ယောကျ်ားဖာခေါင်းတွေဟာ ကိုယ့်မယားကို တခြားလူတွေနဲ့ အခယူပြီး ပျော်ပါးခိုင်းလေ့ရှိတယ်ဆိုတာကို ခင်ဗျားလည်းပဲ ကြားဖူးနားဝတော့ ရှိမှာပါပဲ။ အဲ ကျွန်တော်ကတော့ ဒီလိုမဟုတ်ပါဘူး။ ဝေနဲ့ ပျော်ပါးမဲ့ ယောကျ်ားမှန်ရင် သူတို့ဆီက တစ်ပြားတစ်ချပ်မှ ကျွန်တော်တို့က မယူဘဲနဲ့ ကျွန်တော်တို့ကသာ ကိုယ်တိုင်ကိုယ်ကျ စိုက်ထုတ်ပြီး အကုန်အကျခံခဲ့တာပဲ။

တည့်တည့်ပြောရရင် ပြည့်တန်ဆာမတစ်ယောက်နဲ့ ပျော်ပါးလိုတဲ့အခါ ပျော်ပါးမဲ့လူက ငွေပေးပြီး ပျော်ရသလိုပဲ ကျွန်တော်တို့ကလည်း ဝေနဲ့ပျော်ပါးတဲ့

mgyoe.com

mgyoe.com


ယောက်ျားမှန်ရင် ယောက်ျားပြည့်တန်ဆာတစ်ဦးအနေနဲ့ သဘောထားပြီး ပျော်ပါးခငွေကို သွယ်ဝိုက်တဲ့နည်းနဲ့ ပေးလိုက်ခြင်းပဲ။ ကဲ ... ရှင်းပလားဗျ။

အကယ်၍များ ပြင်သစ်ပြည်က ပဲရစ်မြို့တော်လို ရန်ကုန်မှာ မိန်းမတွေအတွက် ဖျော်ဖြေပေးဖို့ ယောက်ျား ပြည့်တန်ဆာတွေများရှိရင် ကျွန်တော်တို့အဖို့ ဒီလောက် တောင် အပင်ပန်းခံနေရမှာ မဟုတ်ဘူးဗျာ။ အခုတော့ ဒီလိုဟာမျိုးမရှိလို့ နယ်လှည့်ပြီး ဒုက္ခခံနေကြရတာဗျ။

ကဲ ကဲ ... ခင်ဗျားရဲ့အကြောင်းကို ဆက်ကြစို့။ ခင်ဗျားနဲ့ ကျွန်တော်တို့ ရေစက်ဆုံမယ့်နေ့က ကျွန်တော် တို့ လင်မယားဟာ ဝါးဘိုးသင်္ဘောနဲ့ ဝါးခယ်မကို လိုက် မလို့ပဲဗျ။ ဒါပေမဲ့ ခင်ဗျားနဲ့ မမျှော်လင့်ဘဲ တွေ့ခဲ့ပြီးတဲ့ နောက် ခင်ဗျားဟာ မြောင်းမြဘက်ကို သွားမယ့်လူဆို တာကိုလည်း သင်္ဘောစာရေးဆီက သိရှိခဲ့တဲ့အတွက် ကျွန်တော်တို့ဟာ မူလအစီအစဉ်တွေကို ဖျောက်ပြီး ပုသိမ်ဘက်ကို လှည့်လိုက်တာပဲ။

ခင်ဗျားကို တွေ့တွေ့ချင်း ဘာလို့ ချက်ချင်းအစီ အစဉ်တွေကို ပြောင်းရသလဲဆိုတော့ ခင်ဗျားရဲ့အသွင် အပြင်ဟာ ရိုးသားပြီး ကျွန်တော်တို့လိမ့်ရင် လိမ့်မယ့်လူ ဆိုတာ မြင်မြင်ချင်းပဲ စားနေကျကြောင်ဖားဖြစ်တဲ့ဝေက သိလိုက်လို့ပဲဗျ။ ဝေဆိုတာကတော့ ဒီဘက်မှာ အပွဲပွဲ တွေ အတော်ကလေးပဲ နွှဲလာပြီးတဲ့သူမို့ သူ့ရဲ့ အော့(ဖ်) ဆာဗေးရှင်းဟာ အင်မတန်မှ လွဲခဲတာပဲ။ ခင်ဗျားဆိုတဲ့ ခင်ဗျားကလည်း ဝေ့ကိုမြင်လိုက်တယ်ဆိုရင်ပဲ တကက တည်းဗျာ မိန်းမ မမြင်ဖူး မတွေ့ဖူးတဲ့လူကျနေတာပဲ။

mgyoe.com

mgyoe.com


စိုက်ပြီးများ မျက်တောင်မခတ်ဘဲ ကြည့်နေလိုက်တာ။ အနားကပါလာတဲ့ ကျွန်တော့်ကိုတောင် အားနာရကောင်းမှန်း မသိဘူး။ တော်တော်လည်း ခေါ်တောကျတဲ့လူပဲ။ ဝေကဆိုရင်လည်း ခင်ဗျားရဲ့မဟာဆွေ ဇာတ်လိုက်ဆန်တဲ့အချိုးအစား ကိုယ်လုံးကိုယ်ပေါက်နဲ့ ရုပ်ရှင်မင်းသားဆန်ဆန် ချောမွေ့လှပတဲ့အင်္ဂါရုပ်ကို မြင်တော့ အံတော်ပဲ ကျသွားတယ်ဗျ။

ဒါကြောင့်မို့ ကျွန်တော်တို့ဟာ ခင်ဗျားနဲ့ အသိဖွဲ့ဖို့ရာ လံကြုတ်ဇာတ်ကလေးတစ်ခုကို နှစ်ယောက်သားစီးဝါးကိုက်အောင်လုပ်လိုက်ပြီးတော့ ညနေ ခင်ဗျားအပြင်ဘက် ထမင်းစားသွားတဲ့အခါမှာ ကျွန်တော်တို့လင်မယားနှစ်ယောက်က နောက်ယောင်ခံပြီး လိုက်ခဲ့တယ်။ နောက် ခင်ဗျားဟာ ဂူခစ်ကီဟိုတယ်ထဲ ဝင်သွားတဲ့အခါကျမှ ကျွန်တော်တို့က မတော်တဆတွေ့တဲ့အနေနဲ့ ဝင်ပြီး ခင်ဗျားကို မိတ်ဖွဲ့။ ခင်ဗျားကလည်း ဝေ့ကိုခပ်ကျကျဖြစ်နေတာမှာ ဝေဟာ အပျိုဆိုတာမှန်းလည်း သိရော ရွှေသဘောတွေ တော်တော်ခွေ့ပြီးသွားတဲ့အတွက် ကနဦးက ကျွန်တော်တို့ ရည်မှန်းထားတာထက် ပိုပြီး ခင်ဗျားဆီက ရင်းရင်းနှီးနှီးကြီး ပြန်ပြီး အသိဖွဲ့မှုကို ရလိုက်တဲ့အခါမှာ ကျွန်တော်က ပရိယာယ်တစ်ခု ဆင်ပြီး ရေကျော်ဘက်မှာ အလုပ်ကိစ္စတစ်ခုအတွက် သွားရဦးမယ်ဆိုပြီး ဝေ့ကို ခင်ဗျားထံအပ်ခဲ့ပြီး လစ်ခဲ့တယ်။ နောက်တစ်နေ့မနက်ကျတော့ အလုပ်မပြီးသေးလို့ ဒီဝါးဘိုးသင်္ဘောနဲ့ မလိုက်ဖြစ်ဘူးဆိုတဲ့အကြောင်း ခင်ဗျားတို့ဆီ စာပေးခိုင်းလိုက်တယ်။ အဲ ..

mgyoe.com

mgyoe.com


ပေးလိုက်တဲ့စာထဲမှာ နောက်ဆုံးစာကြောင်းကလေးကို ခင်ဗျား အဲဒီတုန်းက မွှန်နေလို့ သတိပြုမိချင်မှ ပြုမိမယ်။ "ခင်ဗျားတို့နှစ်ယောက် ချောချောမောမောဖြစ်ကြပါစေဗျာ"ဆိုတဲ့ စာကြောင်းကလေးကိုလေ။ အဲဒါဟာ အလကားရေးတဲ့စာမဟုတ်ဘူး။ ခင်ဗျားနဲ့ ဝေတို့ကို ကျွန်တော်က ကြည်ကြည်ဖြူဖြူနဲ့ နေဖို့ခွင့်ပေးပါတယ်ဆိုတဲ့အကြောင်းပဲဗျ။ နောက်ပိုင်း ဖြစ်ပျက်တာတွေကတော့ ခင်ဗျား ကိုယ်တွေ့မို့ ကျွန်တော် ရှင်းပြမနေချင်တော့ပါဘူး။ ခင်ဗျားကို နောက်ဆုံးရှင်းပြချင်တာကတော့ ကျွန်တော်တို့ဟာ ဘာဖြစ်လို့ မူလသွားမယ်ဆိုတဲ့ ပုသိမ်ဘက်ကို မသွားတော့ဘဲ မြောင်းမြကနေ ခြေရာပျောက်လစ်ခဲ့သလဲဆိုတဲ့ အချက်ပဲ။

ဒါ တခြားကြောင့်တော့ မဟုတ်ပါဘူး။ ဝေက ခင်ဗျားနဲ့ နောက်ထပ် မျက်နှာချင်းဆိုင်ဖို့ ဝန်လေးမိလို့ပဲဗျ။ ဘာဖြစ်လို့လဲဆိုရင် ဝေရဲ့အဖို့မှာ အရင့်အရင်က သူပျော်ပါးခဲ့သမျှ ယောကျ်ားတွေတုန်းက ပြီးပြီးပျောက်ပျောက် သူဟာ နေနိုင်ခဲ့ပေမဲ့ ခင်ဗျားနဲ့ကျတော့ အဲဒီလို မနေနိုင်တော့ဘဲ ခင်ဗျားအပေါ်မှာ ဝေဟာ တော်တော်ပဲ ကရုဏာသက်မိလို့ပဲဗျ။ ခင်ဗျားဟာ စိတ်နေသဘောထားရော ရုပ်ရည်ရော အတော်ပဲ ချောမွေ့စင်ကြယ်လှတဲ့ အတွက် ဝေဟာ တော်တော်ပဲ ခင်ဗျားကို သနားကရုဏာသက်မိလေတော့ ခင်ဗျားရဲ့မျက်နှာကို ထပ်ပြီးမြင်တွေ့ရရင် ဝေရဲ့စိတ်ဟာ ပိုလို့ မချမ်းမသာဖြစ်မှာမို့ ခင်ဗျားနဲ့ဝေ နောက်ထပ်ပြီး တွေ့ခွင့်မပေးတော့ဘဲ ခင်ဗျားတို့သဘောကိုလာပြီးမနှုတ်ဆက်မိ ကျွန်တော်တို့ လစ်ခဲ့ကြတာပဲဗျ။

mgyoe.com

mgyoe.com


ကဲ ကဲ ဒီလောက်ဆိုရင် ကျွန်တော်တို့ရဲ့ စိတ်ဝင်စားဖွယ်ကောင်းတဲ့ အဖြစ်အပျက်ကလေးနဲ့ ခင်ဗျား အနှပ်ခံခဲ့ရတာကလေးကို သိလောက်ရောပေါ့ဗျာ။

ဒါကြောင့် နောက်ဆုံး ခင်ဗျားကိုပြောချင်တာက တော့ ခင်ဗျားဟာ ကျွန်တော်တို့အပေါ်မျှာ မကျေမနပ် ဖြစ်ပြီး ရှာလားဖွေလား လုပ်မနေနဲ့။ ဒီလိုလုပ်လို့လည်း ခင်ဗျားမှာ မောရုံပဲရှိမယ်။ ကျွန်တော်တို့ကိုတော့ ခင်ဗျား တွေ့မှာမဟုတ်ဘူး။ ပြီးတော့ ကျွန်တော်တို့ ခင်ဗျားကို ပြောထားတဲ့ ကိုသိန်းဟန်နဲ့ ဝေဆိုတဲ့နာမည်ဟာလည်း ကျွန်တော်တို့ရဲ့ နာမည်မှန် မဟုတ်ဘူး။ အခြေအနေအရ မှည့်ထားလိုက်တဲ့ နာမည်တွေမို့လို့ ဒီနာမည်တွေနဲ့သာ ခင်ဗျား လိုက်ပြီးစုံစမ်းနေမယ်ဆိုရင် ဒီဘဝမပြောနဲ့ နောင်ဘဝတွေမှာတောင် အစအနတွေ့မှာမဟုတ်ဘူး။

ဒါကိုမှ နားမထောင်ဘဲ ဇွတ်တိုးလို့ ကျွန်တော်တို့ ကို လိုက်ရှာဦးမယ်ဆိုရင်လည်း ရှာပေါ့ဗျာ။ ဒါကတော့ ခင်ဗျားသဘောပဲလေ။

ယောကျ်ားပဲဗျာ၊ ဒီလိုဖြစ်ရလို့ ခင်ဗျားအတွက် နာစရာမရှိပါဘူး။ ကျွန်တော်ကတောင် ကိုယ့်ရဲ့ ချော မောလှပ ချစ်မဝရှုမငြီးတဲ့ ဇနီးသည်ကို ရက်ရက်ရောရော ကြည်ကြည်ဖြူဖြူ ပေးရက်သေးတာမို့ နာချင်းနာရင် ကျွန်တော်ကသာ နာရမှာပါဗျ။ ဟဲ ... ဟဲ။

နောက်ပြီး ဒီကိစ္စက ခင်ဗျားရယ်၊ ကျွန်တော်တို့ လင်မယားရယ်က လွဲပြီး ဘယ်သူမှလည်း သိတာ မဟုတ်တဲ့အတွက် ခင်ဗျားရဲ့ လူပျိုဂုဏ်ကိုလည်း မထိ ခိုက်နိုင်ပါဘူးဗျာ။

mgyoe.com

mgyoe.com


အဲဒါကြောင့် ခင်ဗျားရဲ့စိတ်ထဲမှာ ငါဟာ ဒင်းတို့အလိုမ့်ကို ခံရလေခြင်းဆိုပြီး ဒေါပွနေမဲ့အစား သြော်၊ ငါဟာ သူတို့အတွက် ရက်ရောတဲ့အကူအညီကို ပေးလိုက်တာပါလားဆိုပြီးတော့သာ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့် ရစ်ပေတော့ဗျို့။

ပြီးတော့ ခင်ဗျားဟာ ဝေရဲ့ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံနဲ့ ဖောဋ္ဌဗ္ဗာရုံတွေကို စွဲလမ်းတသမှု ဖြစ်မနေနဲ့တော့ဗျာ။ ဒီလိုဖြစ်ပြီးနေလို့လည်း ခင်ဗျားမှာ ဘာမှ အကျိုးရှိမှာမဟုတ်ဘူး။ ဝေနဲ့ နောက်ထပ်တွေ့ရဖို့ အခွင့်အရေးဆိုတာတော့ မမျှော်လင့်နဲ့တော့ ဆရာရေ့။

ခင်ဗျားအတွက် အကောင်းဆုံးနည်းကတော့ ရန်ကုန်ကို ပြန်ရောက်ရင် အခုလို လူပျိုကြီးဘဝနဲ့ ရေသာခိုမနေဘဲ ခင်ဗျားရဲ့အကြိုက် 'ဘဝကြင်ဖော်'တစ်ယောက်ကို ရှာယူလိုက်ပါလို့ နောက်ဆုံးပြောချင်တာပါပဲ။

ဒါမှလည်း ခင်ဗျားမှာ အခုခံစားနေရတဲ့ အာရုံတွေ ပျောက်ကွယ်သွားလိမ့်မယ်။

ကဲ ကဲ ... အချိန်ကလည်း ကမန်းကတန်းမို့လို့ ဒီမျှနဲ့ပဲ တော်တော့မယ်ဗျို့။ ယခုလို ရက်ရက်ရောရောကြီး စေတနာထားလို့ ကူညီတဲ့အတွက် ခင်ဗျားကို ကျွန်တော် မောင်သိန်းဟန်နဲ့ ဝေတို့က အထူးပဲ ကျေးဇူးတင်ရှိပါသဗျာ။

သင်၏မိတ်ဆွေ
သိန်းဟန်

ကိုသိန်းဟန် အမည်ခံထားသော ကိုကလိန်၏စာပြီးလျှင် ဝေ အမည်ခံထားသူ မကလိန်၏စာကို ဆက်၍ဖတ်ကြည့်ပါသည်။

mgyoe.com

mgyoe.com


ကိုမြင့်ဝင်းရှင့် ...

ကျွန်မတို့ဇနီးမောင်နှံရဲ့ ထူးခြားတဲ့ ဖြစ်စဉ်ကလေးကို ကိုမြင့်ဝင်းဟာ ကျွန်မရဲ့ယောကျ်ား ရေးထားတဲ့ စာကို ဖတ်ပြီးတဲ့အတွက် အကြောင်းစုံ သိရောပေါ့။ အကယ်၍ မသိသေးလျှင်လည်း ကျွန်မယောကျ်ားရဲ့စာကိုသာ အရင်ဖတ်ကြည့်စေလိုပါတယ်။ ကျွန်မစာကိုတော့ နောက်မှပဲ ဖတ်ပေါ့ရှင်။

ကျွန်မအဖို့မှာဆိုရင် အခုလို ကိုမြင့်ဝင်းကို လှည့်စားမိတဲ့အတွက် အတော့်ကို စိတ်မကောင်းဖြစ်မိပါတယ်ရှင်။

အမှန်ပြောရရင် ကျွန်မတွေ့ဖူးခဲ့သမျှ ယောကျ်ားတွေထဲမှာ ကျွန်မဟာ ကိုမြင့်ဝင်းကို အချစ်ဆုံးပဲ။ အကယ်၍သာ ကျွန်မယောကျ်ားအရင် ကိုမြင့်ဝင်းနဲ့ ဆုံကြမယ်ဆိုရင် ကျွန်မဟာ ကိုမြင့်ဝင်းကိုပဲ ရာသက်ပန် ယောကျ်ားအဖြစ် ပေါင်းသင်းမိမှာ အမှန်ပါပဲ။

အခုတော့ အတွေ့နောက်ကျခဲ့လို့ ကိုမြင့်ဝင်းကို ပစ်ပယ်ခဲ့ရတယ်။ ကျွန်မရဲ့စိတ်ထဲမှာ ကျွန်မယောကျ်ားကလွဲပြီး ဘယ်ယောကျ်ားကိုမှ မမက်မောနိုင်ဘူး။ ပြီးတော့ သူနဲ့ကျွန်မဟာ ကျောင်းနေစဉ်အရွယ်ကတည်းက တစ်ဦးကိုတစ်ဦး နှစ်နှစ်ကာကာကြီး ချစ်ခဲ့ကြပြီး၊ နှစ်ဦးနှစ်ဖက် မိဘများကလည်း ကြည်ကြည်ဖြူဖြူနဲ့ ပေးစားခဲ့ကြသူတွေမို့ ကျွန်မရဲ့ မေတ္တာဟာ အလွန်တရာမှပဲ ခိုင်မြဲခဲ့ကြတယ်။ ဒါပေမဲ့ ကျွန်မယောကျ်ားဟာ အပေါင်းအသင်းစုံခဲ့တဲ့အတွက်

mgyoe.com

mgyoe.com

အပျော်အပါးတွေ လွန်လွန်ကြူးကြူး လိုက်စားပြီး နေခဲ့တာဟာ နောက်ဆုံး ကျွန်မနဲ့ရပြီး နှစ်နှစ်လောက် အကြာမှာ ပန်းသေရောဂါဖြစ်ပြီး ဒီနေ့အထိ လူဖြစ်ရှုံး နေခဲ့ရှာတယ်။

ကျွန်မအဖို့မှာတော့ မယားကောင်းတစ်ဦးပီပီ သူ့အပေါ်မှာ စိတ်မပြောင်းဘဲနဲ့ ဆက်ပြီးပေါင်းသင်းခဲ့ တယ်။

ဒါပေမဲ့ သွေးသားဆူဖြိုးတဲ့အရွယ်မို့လို့ ကျွန်မ ဟာ တစ်လမှာ တစ်ခါနှစ်ခါ အနည်းဆုံးအကြိမ် သွေး သား သောင်းကျန်းမှု ဖြစ်ခဲ့တဲ့အတွက် နောက်ဆုံး ကျွန်မရဲ့ယောကျ်ားဟာ ကျွန်မခံစားနေရတဲ့ စိတ်ဒုက္ခ ကို တာရှည်ဆက်ပြီး ကြည့်မနေရက်လို့ အခုလို အလုပ်ကို မရမက အတင်းပဲ အကြံပေးတိုက်တွန်းခဲ့ တာနဲ့ ကျွန်မလည်း သဘောတူလိုက်ခဲ့တာပဲ။ ကိုင်း ... ကိုမြင့်ဝင်းပဲ ကျွန်မတို့နေရာမှာ ဝင်ပြီး စဉ်းစားကြည့်စမ်းပါရှင် ...။ ဘယ်လောက်များ အသည်းနာစရာကောင်းတဲ့ဘဝလဲလို့၊ ကျွန်မအဖို့ရာ မှာ အခုလို ယောကျ်ားတကာတွေနဲ့လည်ပြီး သွေး သား တောင့်တမှုကို ဖြည့်နေရပေမယ့် နည်းနည်း ကလေးမှ စိတ်ချမ်းသာမှု မဖြစ်ခဲ့ပါဘူးရှင်။

ဒါကြောင့်မို့ ကျွန်မ နောက်ဆုံးပြောချင်တာက တော့ ကျွန်မနဲ့ ကိုမြင့်ဝင်းဟာ ဒီဘဝဟာ ဒီမျှပဲ ဖူးစာ ပါခဲ့မို့ ကျွန်မအတွက် စိတ်ဒုက္ခရောက်မနေပါနဲ့လို့ ကျွန်မ တောင်းပန်ချင်တာပဲ။

ကျွန်မကို ချစ်နေသေးရင် ကျွန်မစကားကို နား

mgyoe.com

သောင်ပါရှင်၊ ပြီးတော့ ကျွန်မနဲ့ ကိုမြင့်ဝင်းနဲ့ ဖြစ်ပျက်ခဲ့သမျှတွေကိုလည်း ချောက် အိပ်မက်လေးတစ်ခုပမာ သဘောထားပြီး မေ့လိုက်ပါ။

တချို့ ကျွန်မနဲ့ ဖြစ်ပျက်ခဲ့ဖူးတဲ့သူတွေဟာ ကျွန်မကို စွဲလမ်းခြင်းစိတ်နဲ့ ရူးမလိုလို နှမ်းမလိုလို တောင် ဖြစ်ခဲ့ကြသေးတယ်ရှင့်။

ကိုမြင့်ဝင်းကတော့ဖြင့် ဒီလို မဖြစ်တန်ကောင်းဘူးလို့တောင် အောက်မေ့မိတာပဲ။

ကိုမြင့်ဝင်းကို လှည့်စားခဲ့တဲ့ ကျွန်မကိုလည်း ကိုမြင့်ဝင်းက ခွင့်လွှတ်မယ်လို့ ယုံကြည်ပါတယ်။

ကျွန်မရဲ့အပြစ်တွေဟူသမျှကိုလည်း ဤစာနဲ့အတူ ကိုမြင့်ဝင်းကို ကန်တော့ခဲ့ပါတယ်ရှင်။

*ကိုမြင့်ဝင်းအား ကြည်ညိုလေးစားဖြင့်*
*ဒုက္ခသယ်မကလေး*
*ဝေ*

*

ဒါပါပဲခင်ဗျာ၊ ကျွန်တော်၏ True Story (ကိုယ်တွေ့ဖြစ်စဉ်) ကလေးမှာ ဤနေရာတွင်ပင် အဆုံးသတ်ခဲ့ပါပြီ။

သူတို့၏စာနှစ်စောင်ကို ဖတ်ပြီးသည့်အခါ ကျွန်တော့်စိတ်တွင် တစ်ပတ်ရိုက်ခံရခြင်းကို အလွန်အမင်း ခံပြင်းလှသဖြင့် ကျွန်တော့်မှာ တောက် တခေါက်ခေါက်နှင့်ဖြစ်ကာ အခန်းထဲတွင် ဂဏာမငြိမ်ဘဲ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်၍ နေမိပါသည်။

နာရီဝက်ခန့်အကြာ ကျွန်တော့်ညီ မောင်စိုးမြင့်မှာ ချွေးတွေ သံတွေ အရွဲသားနှင့် ပြန်ရောက်လာသဖြင့် သူ့အား ဝေတို့လင်မယား၏

mgyoe.com

mgyoe.com


သတင်းအစအနကို ရ မရမေးကြည့်လေရာ ဘာသတင်းမှ စုံစမ်း၍ မရခဲ့ကြောင်း သိရလေသည်။

သူတို့နှစ်ယောက်ကား ပိပိရိရိနှင့် သေသပ်စွာ မြောင်းမြမြို့မှ အစဖျောက်၍ ထွက်သွားခဲ့ကြလေပြီ။

ဇွဲကောင်းလှသော ကျွန်တော်၏ညီကတော့ မလျှော့သေးဘဲ သူ၏ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေများထံသို့ ကြေးနန်းရိုက် အကြောင်းကြားကာ ဝေတို့လင်မယား၏ ပုံပန်းသဏ္ဍာန်ကို ပေးပို့၍ စုံစမ်းပေးရန် ပြောကြားထားလေသည်။ ကျွန်တော်ကတော့ သူတို့၏စာထဲတွင် မှာကြားထားခဲ့သည့်အတိုင်း ရှာဖွေစုံစမ်းခြင်း လုံးဝမပြုတော့ပေ။

ထို့နောက် ကျွန်တော်လည်း ညီတော်မောင်၏မင်္ဂလာဆောင်ကိစ္စ ပြီးလျှင်ပြီးချင်း ရန်ကုန်သို့ ယူ–ဘီ–အေ လေယာဉ်ပျံဖြင့် ပြန်ခဲ့လေသည်။ သင်္ဘောကိုတော့ တစ်ခါတည်းနှင့်စီးရန် လန့်သွားခဲ့လေပြီ ...။

ဤကား ... ကျွန်တော် ရန်ကုန်မှ မြောင်းမြသို့ သွားရာတွင် ကျွန်တော်စီးနင်းလိုက်ပါလာခဲ့သော ဝါးဘိုးသင်္ဘောပေါ်၌ ကြုံတွေ့ခဲ့ရသည့် ကိုယ်တွေ့အဖြစ်အပျက်ကလေးတစ်ခု ဖြစ်လေသည်။

ရင်းနှီးသော ကျွန်တော့်သူငယ်ချင်းများကတော့ ကျွန်တော်၏ ရိုးသားစွာ ပြန်လည်ပြောဆိုချက်ကို ...

"မင်းက စာရေးဆရာရူးပိပိ စိတ်ကူးယဉ်ထားတဲ့ လမ်ကြုပ်ဓာတ်လမ်းကြီးကို ကိုယ်တွေ့လို့ ဖြီးမနေစမ်းပါနဲ့ကွာ"ဟုသာ တသောသောနှင့် ရယ်မော၍ ပြောဆိုလေ့ရှိကြပါသည်။

အမှန်ဆိုသော် ... ကျွန်တော်ကား နိပါတ်တော်ထဲတွင် ပါရှိသော ရွှေနန်းသူ၏ လှည့်စားခြင်းကို ခံရသည့် ဣသိသိင်္ဂရသေ့ကဲ့သို့ ကျွန်တော့်မှာလည်း အလားတူ ဝေ၏လှည့်စားခြင်းကို ခံခဲ့ရလေသည်။

တစ်ခုတော့ ဝေ့ကို ချီးကျူးချင်ပါသေးသည်။ ဒါကတော့ သူမ

mgyoe.com

mgyoe.com

၏ ယောက်ျားအပေါ်တွင် မေတ္တာမယိမ်းယိုင် သစ္စာထိန်းကာ ထားရှိသော စိတ်ဓာတ်ပင် ဖြစ်ပါသည်။

ရှူးသည်ဟုပဲ စာရှုသူချစ်ဆွေများက ဆိုချင်လည်း ဆိုစေတော့၊ ကျွန်တော်ကတော့ ယနေ့ထက်တိုင် မမေ့နိုင်ဘဲ ဝေ့ကို စွဲမြဲစွာနှင့် ချစ်မြဲပင် ချစ်လျက် ရှိပါသေးသတည်း။

☐

mgyoe.com

mgyoe.com

## ရယ်ရတဲ့အကြောင်းက

ဤဝတ္ထုသည် ကျွန်တော်၏ ပထမဆုံး ဟာသဝတ္ထုဖြစ်ပါသည်။ တစ်နည်းအားဖြင့် ပြောရမည်ဆိုလျှင် ယခုလို ကျွန်တော် ဟာသစာရေးဆရာအဖြစ်သို့ ရောက်ရှိရန် မျိုးစေ့ချလိုက်သော ဝတ္ထုဟု ဆိုရပေမည်။

ကျွန်တော့်အနေနှင့် ဤဝတ္ထုကိုပို့လိုက်စဉ်က ဟာသစာရေးဆရာအဖြစ်ဖြင့် နာမည်ယူရန်မဟုတ်ပေ။ ဝတ္ထုထဲတွင် ဟာသဝတ္ထုသည် (ရေးရအခက်ခဲဆုံးပါ)ဟူ၍ ဆရာ–ဆရာကြီးများက တညီတညွတ်တည်း ဝန်ခံထားကြပြန်လေရာ ကျွန်တော့်လို ကလောင်သစ်တစ်ဦးက အဘယ်မှာလျှင် ဟာသဝတ္ထုရေးဆရာအဖြစ် မှန်းရဲပါမည်နည်း။ ရေးသားရလွယ်ကူသော အချစ်ဝတ္ထုရေးဆရာအဖြစ်နှင့်သာလျှင် စာပေနယ်သို့ဝင်ရန် ရည်ရွယ်ထား၏။

ဤဝတ္ထုကို ကျွန်တော်သည် စာတိုက်မှနေ၍ သွေးသောက်တိုက်သို့ ပို့လိုက်သည်။ သွေးသောက်တိုက်သို့ ပို့ရခြင်းမှာလည်း အခြားကြောင့်မဟုတ်ဘဲ သွေးသောက်မဂ္ဂဇင်းသည် ကလောင်သစ်များ

mgyoe.com

ကို အများဆုံးမြေတောင်မြှောက်ပေးရာ တိုက်ဖြစ်သည်ကတစ်ကြောင်း၊ လွန်ခဲ့သောနှစ်များကလည်း ကျွန်တော်၏ ဝါးဘိုးဝတ္ထုကို ထည့်သွင်းဖော်ပြပေးခဲ့သည့် လက်စရှိနေသည်က တစ်ကြောင်းမို့ ကျွန်တော်သည် အခြားမဂ္ဂဇင်းတိုက်များသို့ မပို့တော့ဘဲ သွေးသောက်တိုက်သို့သာလျှင် ပေးပို့လိုက်ခြင်း ဖြစ်ပါသည်။

ဤဝတ္ထု၏ပထမအမည်မှာ 'ကြုံရတဲ့ဖုန်းဖြစ်အင်'ဖြစ်သည်။ သို့သော် ထိုအမည်ကို သွေးသောက်စာတည်းဖြစ်သူ စာရေးဆရာ ပြည့်စုံက 'ရယ်ရတဲ့အကြောင်းက'ဟူ၍ ပြင်ဆင်ကာ သွေးသောက်တွင် ထည့်သွင်း ဖော်ပြပေးသည်။

ထိုစဉ် ကျွန်တော်သည် ပန်းဆိုးတန်းလမ်းတွင်ရှိ ပြည်ထောင်စုအာမခံစနစ်အဖွဲ့ကြီးတွင် အထက်တန်းစာရေးအဖြစ်ဖြင့် ဝင်ရောက်လုပ်ကိုင်နေသည်။

ဝတ္ထုပါပြီးနောက်တစ်နေ့တွင် စာရေးဆရာ (ပြည့်စုံ)အမည်ခံ သွေးသောက်မဂ္ဂဇင်းတိုက်ပိုင်ရှင် ဦးကျော်ရိုးသည် ကျွန်တော်၏ရုံးသို့ ရောက်ရှိလာသည်။ ကျွန်တော့်အနေနှင့် ဦးကျော်ရိုးကို ပထမဆုံးအကြိမ် မြင်တွေ့ဖူးခြင်းပင် ဖြစ်ပါသည်။ ဦးကျော်ရိုးလာသည်ကို မြင်ရလျှင် ကျွန်တော့်မှာ အံ့လည်းအံ့သြ ဝမ်းလည်း အလွန်ပင် ဝမ်းသာသွားမိ၏။

သူက ကျွန်တော့်ကို နောက်ထပ်ဟာသဝတ္ထုရေးရန် ပြောသည်။ ဒီတော့ ကျွန်တော်ကလည်း ခပ်ရှင်းရှင်းပင် ကျွန်တော့်အနေနှင့် ဟာသဆက်၍ ရေးသားရန် ဖြစ်လိမ့်မည်မထင်ကြောင်း ပြောသည်။ သို့သော် ဦးကျော်ရိုးကလက်မခံဘဲ "ခင်ဗျားမှာ ဟာသဉာဏ်တွေ အများကြီးရှိပါတယ်ဗျာ၊ ပထမဆုံးရေးတဲ့ဝတ္ထုတောင် ဒီလောက်ကောင်းနေရင် နောက်ရေးမယ့်ဝတ္ထုလည်း ကောင်းမှာပေါ့၊ ဒီတော့ ရေးသာရေးကြည့်စမ်းပါ"ဟူ၍ ကျွန်တော့်ကို အတင်းတိုက်တွန်းတော့၏။

"ရေးတာတော့ ဟုတ်ပါပြီ၊ တော်ကြာ ကျွန်တော်ဟာ ဟာသ

mgyoe.com

mgyoe.com



ဝတ္ထုရေးဆရာ ဖြစ်သွားမှာလည်း စိုးရသေးတယ်။ ကျွန်တော် လုပ်ချင်တာက အချစ်ဝတ္ထုရေးဆရာလုပ်ချင်တာ”ကျွန်တော်က သူ့အား ပြန်၍ စောဒကတက်မိပြန်သည်။ ထိုအခါ သူက ပြုံး၍ “ဒါတော့ ခင်ဗျား စိတ်ကူးလွဲနေပြီ၊ အချစ်ဝတ္ထုရေးဆရာဆိုတာ မြန်မာပြည်မှာ လိုတာထက်တောင် ပိုနေပါပြီဗျာ။ အဲ ... ဟာသစာရေးဆရာဆိုကတော့ အလွန့်အလွန် နည်းနေပါတယ်ဗျာ။ ဒါကြောင့် ဟာသစာရေးဆရာပဲ လုပ်စမ်းပါ”

နောက်ဆုံးတွင်တော့ ကျွန်တော်လည်း ဦးကျော်ရိုး တိုက်တွန်းသည့်အတိုင်း ဟာသဝတ္ထုများကို ဆက်၍ရေးရန် သဘောတူလိုက်ရသည်။ ဤတွင် ကျွန်တော်လည်း ဟာသစာရေးဆရာဖြစ်၍လာလေတော့၏။ ထို့ကြောင့် ကျွန်တော် ယခုလို ဟာသစာရေးဆရာ ဖြစ်နေရခြင်းမှာ သွေးသောက်ဦးကျော်ရိုး၏ အားပေးတိုက်တွန်းမှုကြောင့်ပင် ဖြစ်ပါသည်။ ကျွန်တော်၏ ပထမဆုံးဟာသလက်ရာနှင့် ယနေ့ဟာသလက်ရာများကို ချစ်စွာသော စာရှုသူများ ယှဉ်တွဲ၍ လေ့လာနိုင်ရန်အတွက် မူရင်းအတိုင်း ပြန်လည်၍ ဖော်ပြလိုက်ရပါသည်။

*လက်ရွေးစင်ဝတ္ထု၊ အမှတ်စဉ် (၂)၊*
*သွေးသောက်မဂ္ဂဇင်း၊ အမှတ် (၁၃၉)၊*
*၁၉၅၇ ခု၊ ဩဂုတ်လ။*

□

mgyoe.com

mgyoe.com

## ရယ်ရတဲ့အကြောင်းက

"ဟော့ ... ခွေးကောင် အေးမြင့်"ဟူသော အသံနှင့်အတူ ကျွန်တော့်အား သန်မာသောလက်တစ်ဖက်က ကျွန်တော့်၏ဂုတ်ကို နောက်မှနေ၍ တအားဖမ်းညှစ်ကာ ထားလိုက်လေသည်။

ထို့ကြောင့် ကျွန်တော်သည် အလန့်တကြားဖြစ်ကာ လှည့်ကြည့်လိုက်မိသည်။

"ဟေး ... ဝင်းအောင်ကြီးပါလား ... ဟား ဟား ဟား"

ကျွန်တော်ဂုတ်ကိုလာ၍ ဖမ်းညှစ်ထားသူအား လှည့်၍ကြည့်လိုက်ပြီးနောက် သိရလျှင် အထက်ပါအတိုင်း ပြောပြီး ကျွန်တော်သည် အားရပါးရ တစ်ဆက်တည်း ရယ်ချလိုက်မိပါတော့သည်။

ထိုနည်းတူစွာပင် ဝင်းအောင်ကြီးမှာလည်း ကျွန်တော်၏ဂုတ်ကို လွှတ်ပေးလိုက်ပြီးနောက် ကျွန်တော့်ကိုကြည့်ကာ ရယ်မောနေတော့သည်။

ထိုကဲ့သို့ ကျွန်တော်တို့နှစ်ဦးမှာ တစ်ဦးမျက်နှာကိုတစ်ဦးကြည့်၍ ဟက်ဟက်ပက်ပက် ရယ်မောနေကြသည်ကို ပတ်ဝန်းကျင်ရှိ သွားလာနေကြသော လူများက ကျွန်တော်တို့အား အရူးတွေသဖွယ်ကြည့်၊

mgyoe.com

mgyoe.com


၍ ပြုံးစိစိနှင့်လုပ်ကာ သွားကြပါသည်။

ကျွန်တော်တို့ ယခု ရောက်ရှိနေကြသောနေရာမှာလည်း လူအလွန်ပင်စည်ကားလှသော ကွန်တီနင်တယ်မုန့်တိုက်ပေါ်တီကို (ဆင်ဝင်)အောက်တွင် ဖြစ်လေသည်။

အချိန်မှာမူ နေ့လည် နှစ်ချက်တီးခန့်ရှိလေပြီ၊ ထိုအချိန်မှာ လူအလွန်စည်ကားလှသော အချိန်ဖြစ်၍ သွားလာနေကြသောသူများက ယခုကဲ့သို့ လမ်းအလယ်ခေါင်တွင် ဟားတိုက်ကာနေကြသည့် ကျွန်တော်တို့အား လူရူးလူနှမ်းများသဖွယ် ကြည့်ရှု၍ သွားကြခြင်းဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့မှာတော့ ပတ်ဝန်းကျင်ကို လုံးဝဂရုမစိုက်နိုင်ကြဘဲ လွန်ခဲ့သော အတိတ်မှဖြစ်ပျက်ခဲ့သောအကြောင်းအရာတစ်ခုကြောင့် ဤကဲ့သို့ တစ်ဦးကိုတစ်ဦးကြည့်ရှု၍ ဟားတိုက်ကာ ရယ်မောနေမိခြင်း ဖြစ်ပါသည်။

"မင်း သိပ်တော်တဲ့ကောင်ကွာ၊ ဟိုတုန်းက ငါ့မှာသာ ပိုက်ဆံမပါရင် ဧရာမကျောက်ကြီးပဲ"

ဝင်းအောင်သည် ရယ်မောနေရာမှ ကျွန်တော့်အား လှမ်း၍ ပြောလိုက်လေသည်။

"ဆောရီးကွာ ... သူငယ်ချင်း၊ ငါ့မှာ ဒီလိုမှ အဲဒီအချိန်က မလုပ်ရင် မဖြစ်တော့လို့ လုပ်လိုက်ရတာပါကွာ၊ စိတ်မဆိုးပါနဲ့"

ကျွန်တော်ကလည်း သူ့အား တောင်းပန်စကားကို ပြော်လိုက်လေသည်။

"မင်းကို ငါ ဟိုတုန်းကတော့ တော်တော့်ကို စိတ်ဆိုးမိတယ်မောင် ... စိတ်ဆိုတာမှ မင်းကိုငါ သတ်ပစ်ချင်လောက်အောင်ကိုပဲကွာ ...။ ဒါပေမဲ့ နောက်တစ်နေ့ ငါ အိပ်ရာကနိုးလာတဲ့အခါကျမှ ငါဟာ ဒေါသတွေပြေသွားပြီး အကျွတ်တရားပါရလာတော့တယ်။

mgyoe.com

နောက်ကို သူများကကျွေးရင် ငမ်းငမ်းတက်မစားတော့ဘဲ စသုံးလုံးလုပ်ပြီးမှ စားတော့မယ်လို့ သန္နိဋ္ဌာန်ချလိုက်ပါတယ် ..."

ဝင်းအောင်သည် တကယ်ပင် နောင်တရသွားသည့်မျက်နှာဖြင့် ပြောလိုက်ပါသည်။

"ဘာလဲကွ ... စသုံးလုံးလုပ်ပြီးမှ စားမယ်ဆိုတာ ..."

ကျွန်တော်က သူ၏စကားကို သဘောမပေါက်သဖြင့် မေးလိုက်လေသည်။

"မင်းနှယ်ကွာ ... ဒါလေးတောင် မသိဘူးလား၊ စသုံးလုံးလုပ်ပြီးမှ စားမယ်ဆိုတာ စုံစမ်းစစ်ဆေးမေးမြန်းပြီးတော့မှ စားတော့မယ်ကို ပြောတာကွ။ အရင်က မင်းတို့ကျွေးရင် ဂမူးရှူးထိုးနဲ့ အဝအပြဲကျွေးတဲ့လူ စေတနာပျက်အောင် စားခဲ့တယ်မဟုတ်လားကွ။ အခုတော့ ဒီလိုမဟုတ်တော့ဘဲ မင်းမှာ ပိုက်ဆံပါလားလို့ ပထမမေးမယ်၊ နောက်ငါ့ကို ဘယ်လောက်ဖိုးအထိ ကျွေးနိုင်မှာလဲလို့ မေးဦးမယ်။ ဒီလိုကျွေးတဲ့သူမှာ ဘတ်ဂျက်ခိုက်သွားနိုင်သလားလို့ စစ်ဆေးပြီးမှ သဒ္ဓါသလောက် ငါစားတော့မှာကို ပြောတာပါကွ၊ သိပလား ဟား ဟား"

သူက ရှင်းလင်းပြောပြလိုက်တော့မှ ကျွန်တော်လည်း သဘောပေါက်၍သွားကာ နောက်တစ်ခါ အတူတကွ ရယ်မောကြပြန်တော့သည်။

"ဟေ ... တို့တစ်တွေ လမ်းလယ်ခေါင်ကြီးမှာရပ်ပြီး ရယ်လိုက်မောလိုက်နဲ့ စကားကောင်းနေလိုက်ကြတာကွာ။ ဟိုရှေ့က အိုရီယန်ကိုသွားပြီး တစ်ခုခုစားရင်း လေကန်ကြရအောင်"

ကျွန်တော်သည် နေပါဦး မင်းမှာ ပိုက်ဆံပါလို့လား၊ ဟိုတစ်ခါလိုတော့ မလုပ်နဲ့မောင် တစ်ခါသာရမှာကွ"

သူသည် ခဲမှန်ဖူးသော စာသူငယ်လို အထိတ်တလန့်နှင့် ကျွန်တော့်အား ကြည့်ရင်း မယုံသင်္ကာနှင့် မေးလိုက်ပါသည်။

mgyoe.com

mgyoe.com


"ဟာ ... ပါပါတယ်ကွ၊ ဟောဒီမှာကြည့် (ကျွန်တော်က ပိုက်ဆံအိတ်ကို ထုတ်ပြလိုက်သည်) တွေ့လား၊ မင်းကိုငါ ဒီတစ်ခါတော့ မညာပါဘူး၊ ဟိုတုန်းကတော့ ပိုက်ဆံမပါလို့ ဂျောက်ချခဲ့ရတာပါ ဟဲ ဟဲ ဟဲ"

ကျွန်တော်က သူ့အား ယုံကြည်စိတ်ချစေရန် ရှင်းပြလိုက်မှ "အေး ဒီလိုဆိုရင်တော့ ငါကမငြင်းပါဘူးကွ"ဟူ၍ ပြောပြီးနောက် ကျွန်တော်နှင့်အတူ အိုရီယန်ဟိုတယ်သို့ လိုက်ပါခဲ့လေသည်။

ဤနေရာတွင် ခေတ္တခန့်ဖြတ်၍ ကျွန်တော်တို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦးကြည့်၍ အဘယ့်ကြောင့် ဟက်ဟက်ပက်ပက် ရယ်မောကြရသည်ကို စာရှုသူမိတ်ဆွေများအား နားလည်အောင် ရှင်းလင်းပြောပြလိုက်ပါသည်။

သို့မှလည်း စာရှုသူမိတ်ဆွေတို့အဖို့ လိပ်ပတ်လည်ကာ ကျွန်တော်တို့နည်းတူ ရယ်မောခြင်းအရသာကို ထပ်တူထပ်မျှ ခံစားနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်သည် စာရှုသူမိတ်ဆွေများအား (က)အက္ခရာမှ (အ)အက္ခရာအထိ ဖြစ်ပွားခဲ့သော ကျွန်တော်တို့၏ ဖြစ်အင်များကို တစ်လုံးမကျန် အောက်တွင်ရေးသား၍ ဖောက်သည်ချရမည်ဆိုလျှင်—

*

လွန်ခဲ့သော နှစ်လခန့်က ဖြစ်ပေသည်။ ကျွန်တော်သည် ပန်းဆိုးတန်းလမ်းတွင်ရှိ အစိုးရဘုတ်အဖွဲ့ရုံးတစ်ရုံးမှ ဆူပရီတင်းဒင်း (Supretendent)ခေါ် ရုံးအုပ်စာရေးကြီးတစ်ဦးဖြစ်ပါသည်။ ကျွန်တော် နေထိုင်သည့် နေရပ်မှာတော့ ကုက္ကိုင်းဘက်တွင် ဖြစ်သည်။ တစ်နေ့ ရုံးအဆင်းတွင် ကျွန်တော်သည် အိမ်သို့ပြန်ရန်အတွက် ဗဟိုမီးသတ် တိုင်ရှေ့တွင် နဂါးကား (ယခု အမှတ် ၇) ကားအလာကို တခြားသူများ

mgyoe.com

mgyoe.com


နည်းတူ စောင့်မျှော်၍နေပါသည်။

ထိုသို့ စောင့်မျှော်၍နေရာမှ ကျွန်တော်သည် နေ့စဉ်ပြုလုပ်မြဲဖြစ်သော အကျင့်အတိုင်း ကားရပ်စောင့်နေကြသူများထဲမှ မည်သည့်မဒီသည် ယနေ့ညနေအဖို့ အနိုပ်ဆုံးနည်းဟူ၍ စိတ်ထဲမှ ကြံဆရင်း ကားအလာကို ရပ်စောင့်၍နေကြသော မိန်းမတစ်သိုက်အား မျက်စိကစားလိုက်လေသည်။

ထိုစဉ်အသက် နှစ်ဆယ့်ငါးနှစ်ခန့်ရှိ အပြာရောင်ဖက်ရှင်ကို ဆင်မြန်းထားသည့် မဒီကညာအနိုပ်ကလေးအား ဘတ်စ်ကားမှတ်တိုင်နားတွင် ရပ်နေသည်ကို မြင်တွေ့လိုက်ရလေသည်။

ထို့ကြောင့် ကျွန်တော်သည် မိန်းမချောကလေးများကို မြင်လျှင် ငမ်းငမ်းတက်ဂေါ်တတ်သည့်ဝါသနာအတိုင်း သူမနှင့် အတတ်နိုင်ဆုံးနီးနိုင်သမျှနီးအောင် သွား၍ ရပ်လိုက်လေသည်။ ပြီးလျှင် ကျွန်တော်သည် ပတ်ဝန်းကျင်ကိုမှ ဂရုမစိုက်နိုင်ဘဲ သူမ၏တောင့်လှ ဖြောင့်လှသော ဖေါင်ကြီးကို သွားရည်တမျှားမျှားဖြင့် အနုလုံပဋိလုံ သောက်ရှက်နည်းစွာ ကြည့်၍နေသည်။

ပထမတော့ အလှပိုင်ရှင်ကလေးမှာ (အဟမ်း ... ကဗျာဆန်ဆန်ရေးလိုက်တာလေ) ကျွန်တော့်အား ဂရုမပြုမိဘဲ အမှတ်တမဲ့ ရပ်နေလေသည်။ နောက်တော့ သူမအား ကျွန်တော်၏ရင်ထဲမှ အချစ်ဒိန်းတလိန်းနတ်ကြီးမှာ သွား၍ ပူးကပ်လိုက်လေရော့သလားမသိ၊ ဖျတ်ခနဲ ကျွန်တော့်အား လှမ်းကြည့်လိုက်ပါသည်။

ဤတွင် သူမမှာ ကျွန်တော်၏ သောက်ရှက်နည်းလှသော မျက်နှာကြီးကို မြင်သွားတော့၏။ ထို့ကြောင့် သူမသည် သဘောမကျ မနှစ်မြို့ဟန်ဖြင့် နှုတ်ခမ်းကြီးကိုစူ၍ သူမကိုယ်ကို တခြားဘက်သို့လှည့်ကာ ကျွန်တော့်အား ကျောခိုင်းလိုက်လေသည်။ (မြာစွဲတဲ့နေရာမှာတော့ အဲ့ဒါပဲ ကြည့်တော့ဗျို့) သို့သော် ကျွန်တော်က အလျှော့မပေးပါ။ သူမ

mgyoe.com

mgyoe.com



၏ ရှေ့ပိုင်းကို မမြင်ရတော့သည့်အဆုံး နောက်ပိုင်းကိုပင် အားပါးတရ လှေလာ၍ ရှုစားနေမိသည်။ (ကျွန်တော့်အတွက်တော့ ဘာကိုပဲကြည့်ရ ကြည့်ရ အရှုံးရှိတာမှမဟုတ်ဘဲကလား)

ကျွန်တော်သည် မိန်းမချောကလေးများအား ဂေါ်သည့်နေရာတွင် ပြိုင်ဘက်ကင်းသည့် နိုးတူးတစ်ဦး ဖြစ်ပါသည်။ ရုံးတွင်ဖြစ်စေ အိမ်တွင်ဖြစ်စေ သို့မဟုတ် ယခုကဲ့သို့ လမ်းပေါ်တွင်ဖြစ်စေ အလွတ်မပေးပေ။ ထို့ကြောင့်လည်း ရုံးတွင် အလုပ်လုပ်ကြသော စာရေးမ အပျိုချောကလေးများမှာ ကျွန်တော်၏လက်အောက်တွင် မည်သူမျှ ကြာကြာမနေကြပေ။ ကျွန်တော်၏လက်အောက် ရောက်ရှိလာကြသော စာရေးမချောကလေးတွေမှာ အလွန်ဆုံးကြာလှ သုံးလပင်ဖြစ်ပါသည်။ ထို့နောက်တော့ ကျွန်တော်၏ ဂေါ်ရေးဆင်မှုကြောင့် အချို့စာရေးမ အပျိုများမှာ တခြားဌာနသို့ ပြောင်းရွှေ့သွားကြပြီး အချို့မှာ ဤရုံးတွင် ဆက်လက်၍ လုပ်ကိုင်နေပါက ကျွန်တော်၏ သောက်ရှက်နည်းလှသော အ,မင်္ဂလာမျက်နှာကြီးကို မြင်တွေ့နေကြရဦးမည်မို့ အပြီးအပိုင် ရုံးမှ နှုတ်ထွက်၍သွားကြပါသည်။ (အဲသည့်အထိ ကျွန်တော်သည် အပျိုချောစာရေးမများ၏ ချစ်ကြည်မှုကို ခံယူခဲ့ရဖူးပါသည်ခင်ဗျား) ကဲ ကဲ ... ကျွန်တော်၏အကြောင်း လေဖောခန်းကို ဤတွင် ရပ်ဆိုင်းလိုက်ပြီးနောက် စောစောကအခန်းကို ပြန်၍ ဆက်ကြစို့။

ယင်းသို့ ကျွန်တော်သည် အလုပိုင်ရှင် မာနခဲကလေးအား အရသာခံ၍ ကြည့်ရှုနေစဉ် နဂါးတံဆိပ် ဘတ်စ်ကားသည် ကျွန်တော်တို့ ရပ်စောင့်နေကြသော မှတ်တိုင်ရှေ့သို့ ရောက်ရှိလာလေတော့သည်။ ဘတ်စ်ကားမှာ တစ်စင်းတည်း လာသည်ဖြစ်၍ ရပ်စောင့်၍ နေကြသောသူများမှာ သူ့ထက်ငါ နေရာရရန်အတွက် တိုးဝှေ့၍ တက်ကြလေ၏။ ထိုအထဲတွင် ကျွန်တော်လည်း ပါခဲ့သည်။ ကျွန်တော်သည် နှစ်ယောက်တန်းထိုင်ခုံတွင် နေရာရရှိသွား၏။ ကျွန်တော်၏ဘယ်

mgyoe.com

mgyoe.com


ဘက်တွင် အသက်ငါးဆယ်ခန့်ရှိ အဒေါ်ကြီးတစ်ယောက် ထိုင်၍နေလေသည်။

ထိုအခိုက် ကျွန်တော် စောစောက ရှုစား၍နေခဲ့သော အလှပိုင်ရှင်ကလေးမှာလည်း ကျွန်တော်စီးသောဘတ်စ်ကားပေါ်သို့ တက်ရောက်၍ လာလေသည်။ သို့သော် နေရာမှာ ပြည့်၍နေပြီဖြစ်သဖြင့် သူမမှာ ထိုင်ရန်အတွက် နေရာမရတော့ပေ။ ကားမှာလည်း ထွက်ခွာ၍လာခဲ့လေသည်။ သူမမှာ ကားထဲတွင် မတ်တတ်ကြီးရပ်လျက် လိုက်ပါခဲ့လေသည်။ မည်သူတစ်ဦးတစ်ယောက်ကမျှ သူမအား ထိုင်ရန်အတွက် နေရာကို ဖယ်မပေးကြပေ။ ဤတွင် ကျွန်တော့်အတွက် သူမနှင့် မိတ်ဆွေဖြစ်ရန် အခွင့်ကောင်းတစ်ခု ကြုံလာလေတော့သည်။ ထိုအခွင့်အရေးမှာ တခြားမဟုတ်၊ သူမအား ကျွန်တော်သည် နေရာဖယ်ပေး၍ သူမအား မိတ်ဖွဲ့လိုက်ရန် ဖြစ်ပေသည်။ ထို့ကြောင့် ကျွန်တော်သည် ထိုင်ရာမှထရပ်လိုက်ပြီးနောက် သူမအား ...

"ဒီမှာ နေရာမရှိရင် ဒီမှာလာထိုင်လေ"

ကျွန်တော်သည် ကြောင်သူတော်မျက်နှာမျိုးနှင့် ဖိတ်ခေါ်ရင်း နေရာကို ဖယ်ပေးလိုက်လေသည်။

သူမသည် ပထမတော့ ထိုင်မည့်ဟန်ပြင်ပြီးမှ ကျွန်တော်မှန်းသိလျှင် "နေပါစေရှင် ကျွန်မ ဒီလိုပဲရပ်လိုက်ပါ့မယ်"ဟူ၍ ပြောကာ ကျွန်တော်ပေးသောနေရာကို မထိုင်ဘဲနှင့် ငြင်းလိုက်ပါသည်။

"ဟာ ... ဘယ့်နှယ်နေပါစေလဲ၊ မိန်းကလေးတန်မဲ့ ရပ်ပြီးလိုက်နေတာ မကောင်းပါဘူးဗျာ။ လာပါ ထိုင်မှာသာထိုင်ပါ။ အားနာဖို့ မလိုပါဘူး"

ကျွန်တော်ကမူ ဇွတ်ပင်ပြော၍ ထိုင်ခိုင်းနေလေသည်။

"ဟုတ်သားပဲ သူငယ်မရဲ့ ဖယ်ပေးတဲ့လူက ဖယ်ပေးနေမှတော့ ဝင်ထိုင်လိုက်ပေါ့အေ"

mgyoe.com

mgyoe.com


ကျွန်တော်၏ဘေးမှ (ဘဝဆက်တိုင်း မိလျှံနာသူဌေးမကြီးဖြစ်မည့်) အဒေါ်ကြီးက ကြားမှဝင်၍ ပြောလိုက်မှ မရွှေချောမှာ မထိုင်ချင်ထိုင်ချင်နှင့် ဝင်ထိုင်လိုက်ပါတော့သည်။ ဘတ်စ်ကားပေါ်တွင် လိုက်ပါလာကြသော သူများမှာမူ ကျွန်တော်တို့နှစ်ဦးအား ပြုံးစိစိနှင့်လုပ်၍ ဝိုင်းကြည့်နေကြပါသည်။ သို့သော် ကျွန်တော်ကတော့ မရှက်ပါ၊ ဂုဏ်ပင် ယူလိုက်မိပါသေးသည်။ ဟုတ်တယ်လေ ဝိကာဆက်(စ်)ဆိုတဲ့ အားနည်းသောမိန်းကလေးတစ်ဦးအား အကူအညီပေးရခြင်းကား ဂုဏ်ယူစရာပင် မဟုတ်လော။ အဟမ်း ... အဟမ်း ...

မကြာမီ ဗဟန်းရွှေဂုံတိုင်အဝိုင်းကြီးသို့ ရောက်ခဲ့လျှင် သူမသည် ဘတ်စ်ကားပေါ်မှ ဆင်းသွားခဲ့လေသည်။ ဒါပေမဲ့ ကျွန်တော့်ကိုမူ နှုတ်ဆက်၍မသွားပါ။ ဘယ့်ကလောက် ရိုင်းစိုင်းတဲ့ သူငယ်မလဲဗျာ ... တောက်။

တကယ်ဆိုရင် သူမအား နေရာပေး၍ တစ်လမ်းလုံးခါးကြီးကုန်းရင်း အညောင်းခံကာ လိုက်ပါရသော ကျွန်တော့်အား ကျေးဇူးတင်စကားကို ပြော၍မသွားသည့်တိုင်အောင် အနည်းဆုံး ပြုံး၍တော့ဖြင့် နှုတ်ဆက်သွားဖို့ ကောင်းသည်မဟုတ်လား။ မိတ်ဆွေ၊ သည်လိုသာ ပြုံး၍နှုတ်ဆက်သွားပါက ဒီကအကောင်မှာ ညောင်းရုံမကဘူး ခါးကျိုးကျသွားအောင် ရပ်လိုက်ရပါစေ မှုမည်မဟုတ်ပါ။ ကျေနပ်ကြည်နူးခြင်း ဖြစ်သွားမည် အမှန်ပင်ဖြစ်ပါသည်။ ယခုတော့ သူမ၏အပြုအမူမှာ စိမ်းကားရက်စက်လွန်းလှပါသည်။

သို့သော် သည်တစ်နေ့တော့ဖြင့် ရှိစေတော့ မနက်ဖြန်ညနေကျမှ သူက ဘယ်လိုပင်တင်းတင်း ကျွန်တော်ကတော့ ဇွတ်အတင်းပင် မိတ်ဖွဲ့ပေတော့မည်။

လောကတွင် မဖြစ်နိုင်တာ ဘာမျှမရှိ၊ ခရုတွင် အဆံရှိ၍ လူတွင် အကြံဉာဏ်ရှိသည်မဟုတ်လော။ ကြိုးစားက ဆိုက်ကားသမားပင် ဝန်

mgyoe.com

ကြီးချုပ် တက်၍ဖြစ်နိုင်သောအနီ ပျိုဒေါ်သာခစ် (ပြည်တော်သာခေတ် မဟုတ်ပါ)ကြီးတွင် ကျွန်တော်လည်း ဘာကြောင့် သူမ၏အချစ်ပန်းကို ဆွတ်လှမ်း၍ မရနိုင်ရမည်နည်း။

ထို့ကြောင့် ကျွန်တော်သည် နောက်တစ်နေ့ ရုံးအဆင်းတွင် အလုပိုင်ရှင် မာနခဲမလေးနှင့် တွေ့ဆုံရန်အတွက် ရုံးမှ ဆယ့်ငါးမိနစ်စော၍ဆင်းကာ ဝီရိယပိုပိုနှင့် စောင့်နေကျ ကားမှတ်တိုင်နားတွင် ကြိုတင်၍ သူမ၏အလာကို စောင့်ဆိုင်းကာ နေလေသည်။

ညနေလေးနာရီနှင့် မိနစ်လေးဆယ်ခန့်တွင်တော့ မျှော်လင့်ထားသည့်အတိုင်း အလုပိုင်ရှင်မာနခဲကလေးသည် အစိမ်းရောင်ဖက်ရှင်ဖြင့် စတိုင်ကျကျဝတ်ကာ ကားမှတ်တိုင်သို့ ရောက်ရှိ၍ လာလေသည်။

ဘတ်စ်ကားတွေမှာလည်း ရုံးလွှတ်ချိန်ဖြစ်၍ အဆက်မပြတ် တစ်စင်းပြီးတစ်စင်း ဂိတ်မှလွှတ်ပေးနေသော်လည်း ထိုလွှတ်ပေးသမျှကားတွေမှာ လူအပြည့်ဖြင့် တစ်စင်းပြီးတစ်စင်း ထွက်ခွာ၍သွားကြရပါသည်။ ကြာတော့ မနေ့ကလိုပင် ဂိတ်တွင် လွှတ်ရန်ကားတွေ ကုန်ကာ အတန်ကြာပင် ဘတ်စ်ကားတွေမှာ မလာဘဲ ပြတ်သွားလေတော့သည်။

ထို့နောက် ကျွန်တော်သည် အလုပိုင်ရှင် မာနခဲကလေးထံသို့ အရဲစွန့်ကာ လျှောက်၍သွားပြီးနောက် မျက်နှာကို အချိုမြဆုံး ထားကာ ...

"ဩော် ... ရုံးဆင်းပလား၊ ဟဲ ဟဲ ..."ဟူ၍ ကျွန်တော်က မေးမြန်းလိုက်ပါသည်။ သို့သော် မာနခဲကလေးမှာတော့ ကျွန်တော့်အား ခပ်တည်တည်နှင့်ပင် ပြန်ကြည့်ပြီး နှုတ်မှမဖြေဘဲ ခေါင်းညိတ်၍ ဖြေလိုက်လေသည်။ ထို့ကြောင့် ကျွန်တော်သည် ရှေ့သို့ ဘာဆက်၍ ပြောရမှန်းမသိ ဖြစ်သွားခဲ့၏။

ဟယ် ... သို့သော်လည်း ဘုရားလောင်း မာတင်္ဂနှင့်မင်းကုသ

mgyoe.com

mgyee.com


ထိုး နှလုံးမူ၍ စ,ရပေတော့မည်။ သူတို့တစ်တွေမှာဆိုလျှင် ဘုရားလောင်း ရှင့်မကြီးတွေဖြစ်လျက်နှင့် မြာတစ်ယောက်စွဲဖို့အရေး အထုအထောင်း အရိုက်အနှက်တွေနှင့် ဒုက္ခအမျိုးမျိုးခံကာ ဂေါ်ခဲ့ရသည် မဟုတ်လော။ ငါ့မှာတော့ သည်လိုအဖြစ်မျိုး ခံရသေးတာမှမဟုတ်ဘဲ၊ ဘာကြောက်စရာရှိသလဲဟူ၍ ကိုယ့်ကိုယ်ကိုယ် ပြန်၍ အားပေးပြီးနောက်...

"တောက် ... ကားတွေကလည်းဗျာ၊ လာခဲ့လိုက်တာ"ဟူ၍ စကားစလိုက်ပြန်သည်။ သို့သော် မာနခဲကလေးကတော့ မတုန်လှုပ်ကျောက်ရုပ်။

"ဒါထက် ဒီက ဘယ်မှာလုပ်သလဲဗျာ ..."ကျွန်တော်သည် ဇွတ်ပင် သူမအား စကားမပြောပြောအောင် အကွက်ဆင်၍ မေးလိုက်လေသည်။

"ရုံးမှာပေါ့ ..."

သူမထံမှ ပထမဆုံးအကြိမ် ခပ်ပြတ်ပြတ်အသံဖြင့် ထွက်ပေါ်လာလေတော့သည်။ အဟမ်း ... စကားတစ်လုံးတော့ဖြင့် ရလေပြီ။

"အဲလေ ... ရုံးမှာလုပ်မှန်းတော့ သိတာပေါ့ဗျ။ ကျွန်တော် မေးတာက ဘယ်ရုံးမှာလဲလို့ပါ"

ကျွန်တော်၏စကားအဆုံးတွင် မာနခဲကလေးမှာ ဆတ်ခနဲ ကျွန်တော့်အား အလိုမကျဖြင့် မော့၍ကြည့်လိုက်ပြီးနောက်–

"ကျွန်မဟာကျွန်မ ဘယ်ရုံးမှာ လုပ်လုပ်ပေါ့ရှင့်။ ရှင့်ကို အမှန်အတိုင်း အစီရင်ခံမနေနိုင်ဘူး"ဟူ၍ ဘုကျကျ ပြန်ပြောလိုက်သည်။

"ဒီလိုလည်း သဘောမထားပါနဲ့ဗျာ။ ကျွန်တော်က လူမြင်ရင် ခင်တတ်လို့ပါ။ အထူးသဖြင့် ခင်ဗျားတို့လို မိန်းမချောကလေးတွေကို သာပြီးတော့ ခင်မင်တတ် ..."

"ဘာရှင့် ... ဘာပြောတယ် ရှင် စကားပြောတာ ကြည့်ပြောပါ။

mgyee.com

ရိသဲ့သဲ့လုပ်လို့ရတဲ့အစားထဲက မဟုတ်ဘူးရှင့် ...”

ကျွန်တော်၏စကားမှ မဆုံးသေးခင် မာနခဲကလေးမှာ ဒေါသတကြီးဖြင့် ကြားမှဖြတ်ကာ ရန်တွေ့လိုက်ပါသည်။

“အို ... အို ... စိတ်မဆိုးပါနဲ့ခင်ဗျာ။ ကျွန်တော်က ဒီလိုသဘောမထားပါဘူး။ ကျွန်တော်ဆိုလိုတာက ...”

“တော်စမ်းပါရှင် ... မြွေမြွေချင်းတော့ ခြေမြင်ပြီးသားပါ။ ဒါမျိုးတွေကို ကျွန်မက နောကျေနေပါပြီ။ ဒါကြောင့် ကျေးဇူးပြုပြီး ရှင်းလည်း ပြမနေပါနဲ့။ ပြီးတော့ ရှင့်ပါးစပ်ကိုလည်း ပိတ်ထားစမ်းပါ။ ဒီမှာဖြင့် ကားမလာနိုင်လို့ စိတ်ညစ်နေရတဲ့အထဲ ...”ဟူ၍ ဒီတစ်ကြိမ်လည်း ကျွန်တော်၏စကားမှ မဆုံးသေးခင် မာနခဲကလေးက ကြားဖြတ်၍ ပြောပြီးနောက် တစ်ချက်လွှတ် အမိန့်ထုတ်လိုက်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် နောက်ထပ် ဘာမျှမဟဝံ့တော့ဘဲ သူမအမိန့်အတိုင်း တိတ်ဆိတ်စွာဖြင့်ပင် ပါးစပ်ပိတ်ကာ နေလိုက်ရပါသည်။ အင်း ... မရခင်ကတည်းက ကြောက်နေရပါပေါ့လားဗျို့။

မကြာမီ နဂါးတံဆိပ် ဘတ်စ်ကားမှာ အရှိန်ပြင်းပြင်းနှင့် ကျွန်တော်တို့ စောင့်ဆိုင်းနေကြသော မှတ်တိုင်သို့ မောင်းဝင်လာလေသည်။ ကျွန်တော်သည် ကားမရပ်မီနေရာရရန်အတွက် စတန့်မင်းသား စတိုင်မျိုးဖြင့် ခုန်၍ တက်လိုက်ရာ ကားခြေနင်းခုံပေါ်အရောက်တွင် ကံဆိုးချင်တော့ ကျွန်တော်စီးထားသော ရှူးဖိနပ်နှင့် ကျွန်တော်၏ ဘန်ကောက်လုံအစကို နင်းလိုက်မိသည်တွင် ဝတ်ထားသော လုံချည်မှာ လျှောခနဲ ခါးပေါ်မှ အောက်သို့ ကျွတ်ကျသွားလေတော့သည်။ ကျွန်တော်သည် ကပျာကသီ လှမ်း၍တော့ လုံချည်ကို လက်ဖြင့်ဖမ်းလိုက်ပါသေးသည်။ သို့သော် ဂျက်လေယာဉ်နှုန်းထက် အကျွတ်မြန်သော လုံချည်ကို ဖမ်း၍မမီလိုက်ပေ။ လေကိုသာလျှင် ဖမ်းမိတော့၏။

ကျွန်တော်၏အဖြစ်ကိုကြည့်၍ ကားပေါ်က ခရီးသည်များသာ

mgyee.com


မက ကားပေါ်သို့ တက်ကြမည့် ခရီးသည်များကပါ ပြုံးစိစိနှင့်ကြည့်ကာ တခစ်ခစ်နှင့် ကြိတ်၍ရယ်မောနေကြပါသည်။ ထိုသည့်အထဲတွင် မာနခဲကလေးလည်း ပါပါသည်။ သူမမှာ ဤတစ်ကြိမ်တွင်တော့ မရယ်ဘဲမနေနိုင်၍ တခစ်ခစ်နှင့် ကျွန်တော့်ကိုကြည့်ကာ ရယ်မောပြီး နောက် တခြား နောက် အပေါက်က နေ၍ ဘတ်စ်ပေါ်သို့ တက်သွားပါသည်။ ကျွန်တော့်မှာလည်း ရှက်လိုက်သည့်ဖြစ်ချင်း၊ ကိုယ့်မျက်နှာသာ ကိုယ်ပြန်၍ ဓားနှင့်လှီးပစ်လိုက်ချင်တော့၏။ အဟုတ်ပါဗျာ ... လီနင်စူးရစေရဲ့၊ ကျွန်တော် အတော်ပဲ ရှက်သွားမိပါသည်။ ရှက်သမှ အတိုက်အခံ အမတ်ငါးဆယ့်လေးယောက်၏ အယုံအကြည်မရှိ အဆိုကို တင်သွင်းခြင်းခံရသည့် ဖဆ–ဆိုရှယ်အစိုးရမင်းတို့ထက် အဆပေါင်းတစ်ထောင်လောက် ပိုရှက်မိပါသည်။ တစ်ကိုယ်လုံးမှာလည်း ဘာလုပ်ရမှန်းမသိဘဲ ထူပူနေမိ၏။

သို့သော် အတွင်းခံဘောင်းဘီဝတ်ထားသဖြင့် အနည်းငယ်မျှတော့ ခံသာသွားပါသေးသည်။ နို့မို့ရင် ကျွန်တော့်မှာ မြို့လယ်ခေါင်တွင် လူထုကြီးကို မတော်တရော်လှစ်ပြမှုဖြင့် တရားစွဲခံချင် ခံနေရဦးမည်။

"ဟေ့လူ ... တက်ရင်လည်း တက်စမ်းပါဗျာ။ ဘယ့်နှယ် ကားအပေါက်ဝမှာ ကုန်းကွကွကြီးလုပ်ပြီး ရပ်နေရတာလဲ"ဟူ၍ လူတစ်ယောက်၏အသံနှင့်အတူ ထီးရိုးတစ်ခုမှာလည်း ကျွန်တော်၏ဖင်ကြားထဲသို့ လာ၍ အထိုးခံလိုက်ရသဖြင့် ကျွန်တော့်မှာ စတွန့်သွားကာ နှုတ်မှလည်း "ဟဲ့ သောက်ခွေး"ဟူ၍ ယောင်ရမ်းလိုက်မိပါသည်။

နောက်မှ ကျွန်တော်သည် ထီးနှင့်လာထိုးသူကို လှည့်ကြည့်လိုက်ပြီး–

"ကိုယ့်လူ ဘယ်နေရာ လာပြီးထိုးတာလဲ၊ မတော်တဆ စအိုကွဲသွားရင် ဘယ့်နှယ်လုပ်မလဲ။ ဒီလိုမလုပ်ပါနဲ့ဗျ"ဟု ပြောလိုက်ပါသည်။

mgyee.com

.mgyoe.com

"ထိုးနဲ့ထိုးတာသာ ခင်ဗျားက အပြစ်ပြောနေတာကိုးဗျ ... ခင်ဗျား အခုလို လမ်းပိတ်ထားတာတော့ ကောင်းသလား။ ကဲပါ တက်စမ်းပါ၊ ကားထွက်တော့မယ်"

"တက်မှာပေါ့ဗျ ... ဒီမှာ လုံချည်ကျွတ်ကျနေတာကိုလည်း ကောက်စမ်းပါရစေဦး။ တကတည်းမှပဲ"

ကျွန်တော်သည် ထိုသို့ပြောပြီးနောက် ကျွတ်ကျနေသော လုံချည်ကို ကုန်းကောက်၍ မျက်နှာပူပူနှင့် ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်ရာ–

"အမလေး ... သေပါပြီတော်"ဟူသည့် မိန်းမအသံနှင့်အတူ ကျွန်တော်၏ကျောကို တစ်စုံတစ်ဦး၏သွားဖြင့် အားပါးတရ ကိုက်ပစ်လိုက်ခြင်းကို ခံလိုက်ရပါသည်။

ထို့ကြောင့် ကျွန်တော်သည် ထိုင်နေရာမှ "အောင်မယ်လေး ... ကိုက်တယ်ဗျ"ဟူ၍ အော်ပြီးနောက် ကမန်းကတန်း ခုန်၍ထလိုက်သည်တွင် ဘတ်စ်ကားအမိုးနှင့် ဒိန်းခနဲ မြည်အောင် ချစ်ကြည်ရေးမိတ်ဆက်လိုက်ခြင်းကို မရှုမလှခံလိုက်ရလေသည်။ ခေါင်းတစ်ခုလုံးမှာလည်း ထိုသို့ဆောင့်လိုက်မိသဖြင့် မူးနောက်၍သွားပါသည်။

ထို့နောက် ကျွန်တော်သည် ကျောကိုလာ၍ ကိုက်သူအားငုံ့ကြည့်လိုက်ရာ လား ... လား မရွှေမာနခဲလေး ဖြစ်ပါတော့သည်။ သူမမှာလည်း ကျွန်တော်၏ လေးလံသောကိုယ်လုံးကြီးနှင့် ထိုင်အချခံရမှုကြောင့် အတော်ပင် နာသွားဟန်ဖြင့် ရှုံ့မဲ့လျက် နေပါသည်။ ထိုနည်းတူစွာပင် ကျွန်တော့်မှာလည်း သူမ၏ခွေးသွားတမျှ ထက်မြက်လှသော သွားတို့ဖြင့် ကျောကို အကိုက်ခံရလိုက်သဖြင့် ရှုံ့မဲ့နေမိပါသည်။

"ဒီမှာ လူတစ်ယောက်လုံး ထိုင်နေတာ မမြင်ဘူးလား။ ရှင့်မျက်စိလေး ဘာလေးလည်း ပွတ်သပ်ကြည့်ဦးမှပေါ့"

သူမက စတင်၍ ရန်တွေ့လိုက်ပါသည်။

mgyoe.com

mgyoe.com


"မမြင်လို့ပေါ့ဗျ၊ မြင်မှဖြင့် ထိုင်ပါ့မလား။ နို့ နေပါဦး၊ ခင်ဗျား ကကော ဘာဖြစ်လို့ ကျုပ်ကျောကို ကုန်းကိုက်ရတာလဲ။ သွားဖုံးယား တယ်လို့ ဆိုရအောင်လည်း ခင်ဗျားဟာ သွားပေါက်တဲ့အရွယ်က လွန် ခဲ့ပြီပဲ"

ကျွန်တော်သည် အမြင်ကပ်ကပ်ဖြင့် သူမအား ယခင်ကလို အညှာမခံတော့ဘဲ ပြန်၍ဘုတောလိုက်ပါသည်။

"ကိုက်မှာပေါ့ ရှင်က ဘာဖြစ်လို့ ကျွန်မအော်အော်ခြင်း ဖြုန်းကနဲ မထသလဲ ..."

"ဒီလိုမထတာနဲ့ပဲ ကုန်းကိုက်ရသလားဗျ။ တကယ်ဆိုရင် ကျွန် တော့်ကျောကို တွန်းပစ်လိုက်ပါလား"

"အို ရှင့်ကျောကို တွန်းပစ်နေဖို့ ကျွန်မမှာ အချိန်မရှိဘူး။ အမြန် ဆုံး ထိတဲ့နည်းကို သုံးလိုက်ရတာပဲ"ဟူ၍ မာနခဲကလေးကလည်း အညှာမခံဘဲ စူစူအောင့်အောင့်နှင့် ပြန်ပြောလိုက်ပါတော့သည်။

ဤသို့ ကျွန်တော်တို့နှစ်ဦး အချီအချပြော၍နေကြသည်ကို ကား အတွင်းရှိ ခရီးသည်များမှာ တခစ်ခစ်နှင့် ပွဲကျနေပါသည်။ ထိုအခိုက်-

"မော်တော်ယာဉ်ခကလေးခင်ဗျာ"ဟူ၍ စပယ်ယာကလေး၏ ပိုက်ဆံတောင်းသံကြားမှ ကျွန်တော်သည် ကားခအတွက် ငွေတစ်ကျပ် ကို ထုတ်၍ "ကုက္ကိုင်းကိုဟေ့"ဟုပြောကာ ပေးလိုက်ပြီးနောက် ကား အပြင်သို့ လှမ်းကြည့်မိလိုက်ပါသည်။ ကျွန်တော်တို့စီးလာသောကား မှာ အမေရိကန် သာသနာပြုဆေးရုံရှေ့သို့ပင် ရောက်နေလေပြီတကား။

စပယ်ယာကလေးမှာ ကျွန်တော်တို့နှစ်ဦးအား မည်ကဲ့သို့ သဘောထားသည်မသိ ပိုက်ဆံအကြွေ ပြားငါးဆယ်သာလျှင် ပြန် အမ်းပြီးနောက် ကားခကို နှစ်ယောက်အတွက် ယူထားလိုက်ပါသည်။ သို့သော် ကျွန်တော်ဆိုသည့် ကျွန်တော်ကလည်း မိန်းမချောကလေး တွေနှင့် အထင်ခံရလျှင် ယခုကဲ့သို့ ပိုက်ဆံတစ်မတ်လောက်သာမက

mgyoe.com

mgyoe.com

ပါသမျှငွေတွေပင် ကုန်စေတော့ အလွန်ပင် ကျေနပ်နေသောကောင်မျိုး ဖြစ်ပါသည်။

ထို့ကြောင့်လည်း ကျွန်တော်သည် အသောက်အစား လောင်းကစားကင်း၍ အပူအပင် အတွယ်အတာမရှိသည့် တစ်ကိုယ်တော် လူပျိုကြီးတစ်ဦးပင် ဖြစ်သော်လည်း ရရှိသည့်လခ ငွေလေးရာမှာ ပိုလျှံသည်ဟူ၍ မရှိဘဲ အကြွေးတွေပင် ဝိုင်းသည့်အခါ ဝိုင်းနေလိုက်သေးတော့သည်။

"ဟော့ ... ဒီမှာ ကားခမယူတော့ဘူးလား"

ရွှေဂုံတိုင်အဝိုင်းကြီးရှိ မှတ်တိုင်သို့ရောက်၍ ကားရပ်လျှင် မာနခဲ အလှပိုင်ရှင်ကလေးက ဆင်းခါနီးတွင် စပယ်ယာအား လှမ်း၍ပြောရင်း ပိုက်ဆံပြားနှစ်ဆယ်ကို ပေးဟန်ပြင်လိုက်လေတော့သည်။

"မမအတွက် ကားခကို ရပြီးပြီခင်ဗျ"

စပယ်ယာကလေးက လှမ်း၍ သူမကို ပြောလိုက်သည်။

"ဟင် ... ဘယ်သူက ပေးလိုက်လို့လဲကွဲ့"

မာနခဲအလှပိုင်ရှင်က အံ့သြစွာဖြင့် ပြန်မေးလိုက်လေသည်။

"ဟို ... အထဲက အစ်ကိုကြီးက မမအတွက် ပေးတယ်ခင်ဗျ"

စပယ်ယာကလေးသည် ကျွန်တော့်အား လက်ညှိုးထိုး၍ပြရင်း ပြောလိုက်ပါသည်။ ထိုအချိန်တွင် ဘတ်စ်ကားမှာ ထွက်ရန်အတွက် ဂီယာကိုသွင်းလိုက်ပြီး ဖြစ်သဖြင့် မာနခဲကလေးမှာ ကားပေါ်မှ ကပျာကသီ ဆင်းလိုက်ပြီးနောက် ကျွန်တော့်အား သဘောမကျဟန်ဖြင့် မျက်စောင်းထိုးလိုက်လေသည်။

"ရှင်က ဘာဆိုင်လို့ ကျွန်မအတွက် ပေးလိုက်ရတာလဲ"ဟု သူမက မကျေမနပ်ဖြင့် မေးလိုက်လေသည်။

"ကျုပ်က ပေးတာမဟုတ်ဘူးခင်ဗျ။ သူက နှစ်ယောက်အတွက် ယူထားလိုက်တာ။ ဒါပေမဲ့ ကိစ္စမရှိပါဘူးခင်ဗျာ၊ ခင်ဗျားပေါင်ပေါ်ကို

mgyoe.com

mgyoe.com



တက်ထိုင်မိတာနဲ့ ချေလိုက်ပေါ့။ ဟဲ ... ဟဲ ... ဟဲ"

ကျွန်တော်က မဲနိုင်ငံသော အမတ်မင်း၏ ရယ်သံမျိုးဖြင့် ရယ်မော၍ ပြောဆိုလိုက်ပါသည်။ ထိုစဉ် ကားမှာလည်း ရှေ့သို့ ခရီးဆက်၍ ထွက်ခွာသွားခဲ့သဖြင့် မာနခဲကလေးမှာ နောက်ထပ် ဘာမျှမပြောနိုင်တော့ဘဲ၊ နှုတ်ခမ်းကြီးစူကာ ငေးကျန်ရစ်ခဲ့ပါတော့သည်။

*

"ဒီမှာ ... ရှင် မနေ့က စိုက်ပေးခဲ့တဲ့ ကားခ ပြားနှစ်ဆယ် ရော့ရှင်"

နောက်တစ်နေ့ညနေ ရုံးဆင်းချိန်သို့ ရောက်၍ ဘတ်စ်ကားမှတ်တိုင်တွင် တွေ့ကြသောအခါ အလှပိုင်ရှင်မာနခဲကလေးသည် ကျွန်တော့်အား ပြားနှစ်ဆယ်ကို လှမ်း၍ပေးရင်း ပြောလိုက်လေသည်။

"ဟာဗျာ မဟုတ်တာဘဲ၊ မလိုချင်ပါဘူး မနေ့က ကျွန်တော့်မှာ ငွေအကြွေတွေ အလွယ်တကူရှိလို့ ပေးလိုက်တာပါ"

ကျွန်တော်က လက်ကိုကာ၍ ပြရင်း ငြင်းဆန်လိုက်လေသည်။

"မဟုတ်ဘူး၊ ရှင်ယူရမယ်။ နို့ မနေ့က ရှင်ပြောသွားတော့ ကျွန်မ ပေါင်ပေါ်ကို တက်ထိုင်မိလို့ လျော်ကြေးပေးတာဆို ကောင်းပြီ၊ ဒီလိုဆို ကျွန်မကလည်း ရှင့်ကျောကို ကိုက်မိတဲ့အတွက် အလျော်ပေးပါရစေ။ ကိုင်းရော့"

သူမ၏စကားကို ကျွန်တော် သဘောကျစွာဖြင့် တဟားဟား ရယ်မောကာ နားထောင်နေလေသည်။ သူမမှာလည်း ယခင်ကလို မဟုတ်တော့ဘဲ ကျွန်တော်၏နည်းတူ ဒီတစ်ခါတော့ လိုက်၍ သွားကလေးများပေါ်အောင် ရယ်မောဖော် ရလာလေသည်။

"ခင်ဗျားကပေမဲ့ မှတ်ဉာဏ်အကောင်းကြီးဝဲ။ ကျွန်တော်ဖြင့် မနေ့က ဘာတွေဖြစ်လို့ ဘာတွေပြောမိလုပ်မိခဲ့မှန်းတောင် မသိတော့

mgyoe.com

mgyoe.com

ပါဘူးဗျာ”

ကျွန်တော်က သူမအား အမွှန်းတင်လို၍ လှိမ့်နေလိုက်ပါတော့သည်။

“ရှင် မမှတ်မိပေမဲ့ ကျွန်မကတော့ မှတ်မိတယ်ရှင့်။ အထူးသဖြင့် ရှင် ကားပေါ်ကို ဇာတ်လိုက်ကျော်ဆွေကြီး စတိုင် ပြေးခုန်အတက်မှာ ခါးကလုံချည်ဟာ လျှော့ကနဲ လူပုံအလယ်မှာ ကျွတ်ကျသွားခဲ့တာကို သာပြီးတော့တောင် မှတ်မိသေးတယ်။ ခစ် ...”

မာနခဲကလေးမှာ ထိုသို့ပြောပြီးနောက် မနေ့ကအဖြစ်ကို ပြန်လည်၍ သတိရဟန်ဖြင့် တခစ်ခစ်နှင့် ရယ်မောနေပေသည်။ ထို့ကြောင့် ကျွန်တော်လည်း လိုက်၍ ရယ်မောပြီးနောက် –

“အေးဗျာ၊ မနေ့ကဖြစ်ပုံတော့ မပြောချင်ပါဘူး။ ခင်ဗျားက လုံချည်ကျွတ်ကျတာတင် သိတာကိုးဗျ။ ကျွန်တော့်လုံချည် ကျွတ်ကျသွားလို့ ကားအပေါက်ဝမှာ မတက်နိုင် မဆင်းနိုင်နဲ့ ကုန်းကွကွကြီးဖြစ်အနေမှာ နောက်ကနေပြီး လူတစ်ယောက်က ထီးရိုးကြီးနဲ့ ဆောင့်ပြီး ထိုးလိုက်တာဟာ စအိုတည့်တည့်ကို လာထိမိတဲ့အတွက် ကံကောင်းလို့ ကျွန်တော့်မှာ အီအီးတွေ ဖင်ကထွက်မကုန်တယ်။ လူတစ်ကိုယ်လုံး မွှန်ထူနေတော့တာပဲ။ ဒါကြောင့် ခင်ဗျားရဲ့ပေါင်ပေါ်ကို ဝင်ပြီး မှားထိုင်မိတာပေါ့ဗျ။ ဒါကို ခင်ဗျားက ထပ်ပြီး ကျောကို အားရှိပါးရှိ ကုန်းကိုက်လိုက်ရသေးတယ်ဗျာ။ ခင်ဗျားကိုက်တဲ့ဒဏ်ရာကြောင့် ညက တစ်ညလုံး ကိုက်နေလို့ အိပ်လို့တောင်မပျော်ဘူး ဟဲ ... ဟဲ”

ကျွန်တော်ကလည်း မနေ့ကအဖြစ်တွေကို အပိုဆာဒါတွေ ရော၍ ရှမ်းလိုက်လေသည်။ ထို့ကြောင့် မာနခဲကလေးမှာ ဣန္ဒြေမဆယ်နိုင်တော့ဘဲ တခစ်ခစ်နှင့် အူလှိုက်သဲလှိုက် ရယ်မောနေလေတော့သည်။

“တော်ပါတော့ရှင် ကြာရင် အူတက်နေလိမ့်မယ်။ ရှင်ဟာ အား

mgyoe.com

mgyoe.com



ကြီး ရယ်စရာပြောတဲ့လူ။ လူပြက်လုပ်စားဖို့ ကောင်းတယ်"

"ဟာ ခင်ဗျားပြောတာ နောက်ကျနေသေးတယ်။ ကျွန်တော် လည်း တစ်ခါတုန်းက လူပြက်လုပ်ဖို့ ကြံခဲ့သေးတာပေါ့ဗျာ။ ဒါပေမဲ့ မင်းသမီးတွေက ကျွန်တော်လူပြက်လုပ်တဲ့အငြိမ့်မှာ မကချင်ဘူးဆိုကြ လို့ ကျွန်တော့်မှာ လူပြက်မဖြစ်ခဲ့တာဗျ။ သြော် ဒါထက် မနေ့က ခင်ဗျားပေါင်ပေါ့ကို တက်ထိုင်မိတဲ့အတွက် ကျွန်တော်က တောင်းပန် ပါတယ်ဗျာ။ စိတ်မဆိုးပါနဲ့"

"မဆိုးပါဘူးရှင်၊ မဆိုးလို့လည်း ရှင့်ကို အခုလိုလက်ခံပြီး စကားပြောနေတာပေါ့ရှင်"

မာနခဲကလေးက ရယ်မောကာပြန်ပြောလိုက်လေသည်။ နိပ်ဟ ဒီအတိုင်းသာဆိုလျှင် ငါ၏ရည်မှန်းချက်ကြီးသည် အောင်မြင်ရန် မဝေး တော့ပြီတကား...

ယနေ့အဖို့ မာနခဲကလေးကို ကြည့်ရသည်မှာ ယခင့်ယခင် နေ့ များကဲ့သို့ မဟုတ်တော့ဘဲ ကျွန်တော့်အား အတော်ကလေး လိုက်လျော နေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် ကျွန်တော်က–

"ဒီနေ့ ခင်ဗျားကို ကြည့်ရတာ အတော်အူမြူးနေပုံရတယ်"

ဟု သူမအား ပြောလိုက်ပါသည်။

"ဘာကြောင့်"

"သြော် အရင်နေ့တွေတုန်းကဆိုရင် ခင်ဗျားရဲ့မျက်နှာဟာ လငပုပတ်ဖမ်းထားသလိုပဲ စူပုပ်ပြီးထားလို့ပါ။ ဒီနေ့ကျတော့လည်း လပြည့်ဝန်းကြီးလို ကြည်လင်အေးမြလို့ပဲ"

ကျွန်တော်က ကဗျာဆန်ဆန်တင်စား၍ သူမအား ပြောလိုက် လေသည်။ ကျွန်တော်၏စကားကြောင့် သူမမှာ မျက်စောင်းကလေး တစ်ချက် ထိုးလိုက်ပြီး–

"ဒါတော့ရှင် မိန်းကလေးဆိုတာ မျက်နှာကို တည်တည်ထားမှ

mgyoe.com

mgyoe.com

ဖြစ်တော့မပေါ့။ နို့မို့ရင် အပေါစားထဲကလို့ ဒို့ပြင်ယောက်ျားတွေက မှတ်ပြီး အနှောင့်အယှက်ပေးတာ ခံရမှာစိုးလို့ ကျွန်မက မျက်နှာကို တည်တည်ထားရတာ။ ဒါတောင် ရှင်ဟာ လိုက်ပြီးရောသေးတယ် မဟုတ်လား ဟင်”

“ကဲပါဗျာ၊ နောက်ကိုလည်း အခုလိုပဲ ခင်ဗျားရဲ့မျက်နှာကလေး ကို ကြည်ကြည်လင်လင်ထားစမ်းပါ။ ဒီလိုထားလို့လည်း ခင်ဗျားကို အပေါစားလို့ ကျွန်တော်က မအောက်မေ့ပါဘူး ... ဟဲ ဟဲ ဟဲ”

ထို့နောက်တော့ ကျွန်တော်တို့သည် ယခင့်ယခင်နေ့များက ကဲ့သို့ ဘုမကျတော့ဘဲ အတော်ပင် လေပေးဖြောင့်သွားကြပါသည်။ ၎င်းပြင် သူမ၏နာမည်မှာ ခင်ထားထားဖြစ်ကြောင်းကိုလည်း သိရှိရ ပါသည်။ သို့သော် နေအိမ်နှင့်ရုံးကိုတော့ လုံးဝမေး၍မရသေးပေ။

ဘာပဲဖြစ်ဖြစ် ကျွန်တော်၏အဖို့တော့ ယခင်ကထက်စာလျှင် အတော်ပင် ဟန်ကျ၍နေလေပြီ။ ဒီလိုသာ ရှေ့ကိုလည်း ဆက်၍ ဟန် ကျသွားခဲ့ပါလျှင် ကျွန်တော်သည် လူပျိုကြီးဘဝမှ မေဒင်ပြုတ်ရပေဦး တော့မည်။ ဩော် ... သခါ်ရ ... သခါ်ရ .... အိုရဦးတော့မည်။ နာရ ဦးမည်ပါတကား။

ထိုနေ့ကစ၍ ခင်ထားထားနှင့် ကျွန်တော့်မှာ ခင်မင်ရင်းနှီး၍ သွားကာ ညနေရုံးဆင်းချိန်တိုင်း တစ်ဦးကိုတစ်ဦး စောင့်၍ ဘတ်စ် ကားကို အတူစီးကာ ပြန်ခဲ့ကြပေသည်။ အဲ ... ရုံးအသွားတော့ အချိန် မမှန်ကြသဖြင့် တစ်ဦးနှင့်တစ်ဦး မစောင့်ကြတော့ဘဲ၊ ကိုယ့်ဘာသာ ကိုယ် သွားကြပါသည်။

သည်လိုနှင့် ကျွန်တော်တို့နှစ်ဦးမှာ ခင်မင်ရင်းနှီးစွာ နေလာခဲ့ကြ ရာ ကြာတော့ တစ်ဦးနှင့်တစ်ဦး ဖွင့်ဟ၍ မပြောကြသေးသော်လည်း နှစ်ဦးစလုံး၏ စိတ်ထဲတွင်တော့ အချစ်စိတ်ကလေးများမှာ သိသိသာ သာကြီး ခိုအောင်း၍ နေခဲ့ကြလေသည်။ ထိုစဉ်ကသာလျှင် ကျွန်တော်

mgyoe.com

mgyoe.com


သည် အချိန်ကိုဆွဲ၍ မနေဘဲ နှုတ်ပေါ့ပေါ့ဖြင့် ရဲဝံ့စွာ သူမ၏အချစ်ပန်းကို ဆင်မြန်းခွင့်တောင်းလိုက်မည်ဆိုပါက သူမ ငြင်းဆန်လိမ့်မည် မဟုတ်ပေ။ လက်ခံလိုက်မည်သာ ဖြစ်ပါသည်။ ယခုတော့ ကျွန်တော့်မှာ တစ်နေ့ဖွင့်ပြောရကောင်းနိုးနိုးနှင့် ရက်ဆွဲ၍ နေလာခဲ့မှုကြောင့် တစ်နေ့တွင် အောက်ပါအတိုင်း မမျှော်လင့်သော ချောက်ပေါက်ကြီးနှင့် တိုးကာ သူမနှင့်လည်း ခွာပြဲခဲ့ကြလေသည်။

ထိုနေ့ကား စနေနေ့ဖြစ်ပါသည်။

ကျွန်တော်သည် ရုံးမှ နေ့ဝက်ဆင်းသောနေ့ဖြစ်၍ ယခင်ကလို အိမ်သို့မပြန်သေးဘဲ သိမ်ကြီးဈေးဘက်တွင် ဝယ်စရာရှိ၍ ဘားလမ်းဆိပ်ကမ်းမှတ်တိုင်သို့ လျှောက်လာခဲ့ပါသည်။

ကံဆိုးချင်တော့ ခင်ထားထားသည်လည်း ၎င်းဘားလမ်းထိပ်ရှိ မှတ်တိုင်တွင် ကားရပ်စောင့်နေသည်ကို မမျှော်လင့်ဘဲ တွေ့မြင်ရပါသည်။ ခင်ထားထားနှင့်ထိုသို့တွေ့သည်ကို ကျွန်တော်က ကံဆိုးသည်ဟူ၍ ရေးသဖြင့် စာရှုသူ မိတ်ဆွေ၏စိတ်ထဲတွင် "ဘယ့်နှယ် ... ခင်ထားထားနဲ့ တွေ့တာကိုများ ကံကောင်းတယ်လို့ မရေးဘဲ၊ ဘယ့်နှယ်ကြောင့် ကံဆိုးတယ်လို့ ရေးရတာလဲ"ဟူ၍ အပြစ်တင်လိုကောင်း တင်လိုပေလိမ့်မည်။ သို့သော် မိတ်ဆွေ၏စိတ်ကို ရှည်ရှည်ထား၍ ရှေ့ကိုဆက်ဖတ်သွားပါလျှင် ကျွန်တော်ရေးသည်မှာ မှန်ကန်နေကြောင်းကို သိရှိရမည် ဖြစ်ပါသည်။

ကျွန်တော်သည် လာမည့်ဘေးကို မမြင်သဖြင့် ခင်ထားထားကို မြင်လျှင် သိန်းထီပေါက်သောသူ၏ မျက်နှာမျိုးဖြင့် အနီးသို့ သွားရပ်လိုက်ပြီးနောက်–

"ဟင် ... ထားထားပါလား ဘယ်သွားမလို့လဲ"ဟုကျွန်တော်က မေးလိုက်ပါသည်။

"သြော် ... ကိုအေးမြင့်ပါလား၊ ကျွန်မ ကုန်ဈေးတန်းကို သွား

mgyoe.com

mgyoe.com


စရာရှိလို့၊ နို့ ရှင်ကကော"

ခင်ထားထားသည် ကျွန်တော့်ကိုမြင်လျှင် ရွှင်လန်းစွာဖြင့် ပြန်လည်၍ ပြောလိုက်လေသည်။

"ကျွန်တော်လည်း အဲဒီကုန်ဈေးတန်းဘက်ကိုပါပဲဗျာ။ ဟောဟိုမှာ ကားလာနေပြီ။ သွားကြစို့"

ထို့နောက်တော့ ကျွန်တော်တို့နှစ်ဦးသည် မြင်းနီတံဆိပ် ဘတ်စ်ကားပေါ်သို့ တက်ထိုင်လိုက်ကြပါသည်။

ကုန်ဈေးတန်းသို့ရောက်လျှင် ကျွန်တော်တို့နှစ်ဦးသည် ကားပေါ်မှ ဆင်းသက်ခဲ့ကြပြီးနောက်–

"ကဲဗျာ၊ အခုလို ကြုံကြိုက်တဲ့အခါ ကျွန်တော်က စားစရာတစ်ခုခု ကျွေးပြီး၊ ခင်ဗျားကို ဆပ်ပလိုင်းလုပ်ပါရစေ"

ကျွန်တော်က ခင်ထားထားကို စေတနာတွေပိုလိုက်လေသည်။

"ဘာများကျွေးမလို့လဲရှင့်၊ စေတနာကောင်းနဲ့ဆိုရင်တော့ ကျွန်မက လက်ခံရမှာပေါ့။ တော်ကြာသာ ကျွန်မဆီက တစ်ခုခု တောင်းချင်တဲ့အတွက် လာဘ်ထိုးတာမျိုးသာ မဖြစ်ပါစေနဲ့"

ခင်ထားထားက လာမည့်ဘေးကို ကြိုတင်မြင်ဟန်ဖြင့် ကျွန်တော့်အား ပြောလိုက်ပါသည်။

"အာ အာ ... ဒီလိုသဘောမျိုး မဟုတ်ပါဘူးဗျာ။ ကျွန်တော်က ဒီလိုလုပ်ပြီး အခွင့်အရေးကို ယူတတ်တဲ့ကောင်စား မဟုတ်ပါဘူး။ ယူဖို့လည်း ဝါသနာမပါပါဘူး။ ခင်ဗျားကို ကျွေးမှာဟာ တကယ့်စေတနာနဲ့ကျွေးမှာပါ။ ကဲ ... ဘာစားမလဲ၊ တရုတ်စာ စားမလား၊ ကုလားစာ စားမလား"

"တရုတ်စာဆိုရင် သွားရမှာ ဝေးပါတယ်။ မဂိုလမ်းက ပလာတာဆိုင်ပဲ သွားကြပါစို့"

ထို့နောက် ကျွန်တော်တို့သည် မဂိုလမ်းထိပ်တွင် တည်ခင်း

mgyoe.com

mgyoe.com


ရောင်းချ၍နေသော ပလာတာဆိုင်သို့ လျှောက်လာခဲ့ကြပါသည်။

*

"ကဲ ... ဘာစားမလဲ၊ စားချင်တာတွေသာ မှာပေတော့" ဆိုင်ထဲသို့ ရောက်၍ စားပွဲဘေးတွင် ကုလားထိုင်တစ်ယောက်တစ်လုံးစီဖြင့် ဝင်ထိုင်ကြရင်းမှ ကျွန်တော်က ဝေဿန္တရာဟန်မျိုးဖြင့် ပြောလိုက်လေသည်။

"ကျွန်မတော့ ပလာတာနဲ့ ဆိတ်သားကင်စားမယ်၊ ရှင်ကော"

"ကျွန်တော်လည်း ခင်ဗျားစားတာပဲ စားမှာပေါ့ဗျာ"

ကျွန်တော်သည် ထိုသို့ပြန်ပြောပြီးနောက် ဆိတ်သားကင် နို့အုံကင်နှင့် ပလာတာများကို မှာကြားလိုက်ပါသည်။

ထို့နောက် ကျွန်တော်သည် စားစရာများကို စားသောက်နေရင်းမှ အလ္လာပ၊ သလ္လာပစကားများကို ပြောဆိုနေကြပါသည်။ ထိုသို့ ပြောဆိုနေရာမှ ခင်ထားထားက တခြားစကားများကို ဖြတ်လိုက်ပြီးနောက် သူမ၏အတွင်းရေးကို ပြောဆိုပါသည်။

သူမအား ယခင်ကျောင်းနေစဉ်က သိကျွမ်းခဲ့ဖူးသော စက်သူဌေးသားတစ်ယောက်က လက်ထပ်ရန်အတွက် မကြာခဏ လာရောက်၍ နားပူနေကြောင်းကိုလည်းကောင်း၊ သူမကလည်း ထိုသူကို ပိုက်ဆံရှိသော်လည်း အရုပ်ဆိုးလှသဖြင့် သူမက လက်မထပ်လိုကြောင်းကိုလည်းကောင်း ဘာရည်ရွယ်ချက်ဖြင့် မသိ ကျွန်တော့်အား ပြန်လည်ပြောပြနေပါသည်။ ထို့ကြောင့် ကျွန်တော်က–

"အရုပ်ဆိုးပေမဲ့ ပိုက်ဆံအရှိသားပဲဗျာ၊ ယူလိုက်ရောပေါ့။ ရုပ်ဆိုးတာမျိုးက ကျိုသောက်လို့ ရတာမျိုးမှ မဟုတ်တာဘဲ" ဟူ၍ သူတော်ကောင်းယောင် ဆောင်၍ ပြောလိုက်လေသည်။

"အံမာ သူကပါ ဟိုဘက်ကလိုက်ပြီး တိုက်တွန်းနေပြန်ပါပြီ။

mgyoe.com

mgyoe.com


ရှင် ဘာမှ တိုက်တွန်းပြီးပြောနေစရာ မလိုဘူး။ ကျွန်မစိတ်နဲ့ ကျွန်မကိုယ် ကျွန်မကြိုက်မှ ယူမှာပေါ့ရှင့်"

ခင်ထားထားက ကျွန်တော့်အား သဘောမကျဟန်ဖြင့် နှုတ်ခမ်းစူ၍ ပြောလိုက်သည်။

"မဟုတ်ဘူးလေ ကျွန်တော်က ခင်ဗျားကောင်းစားတာကို မြင်ချင်လို့ စေတနာနဲ့ ပြောတာပါ"

ကျွန်တော်က စိတ်ထဲကမပါသော်လည်း သူမအား မထိတထိနှင့် စလို၍ စပ်ဖြဲဖြဲနှင့်ပြောလိုက်လေသည်။

"မကောင်းစားချင်လည်း နေပါစေရှင်၊ ကိုယ်မကြိုက်တာကြီးတော့ဖြင့် မလိုချင်ပါဘူး။

ခင်ထားထားသည် ပလာတာကို စား၍ ဝသွားပြီဖြစ်သဖြင့် လက်ဆေးနေရင်းမှ ကျွန်တော့်အား ပြန်ပြောလိုက်ပါသည်။

"အခုမကြိုက်သေးပေမဲ့ တော်ကြာ အတူတကွ နေသွားကြတဲ့အခါကျတော့ ကြိုက်လာလိမ့်မပေါ့ဗျ ဟဲ ဟဲ ဟဲ ..."

ကျွန်တော်လည်း စားသောက်၍ ဝသွားပြီဖြစ်သဖြင့် လက်ဆေးနေရာမှ သူမအား ထပ်မံ၍ နောက်လိုက်ပါသည်။

"တော်စမ်းပါရှင်၊ မဖြစ်နိုင်တာတွေကို ပြောမနေစမ်းပါနဲ့၊ ကဲ ... ကဲ စားသောက်လို့ပြီးရင်လည်း သွားကြရအောင်။ ကျွန်မမှာလည်း ချိန်းထားတဲ့ အသိတစ်ယောက်နဲ့ တွေ့ဖို့ရှိသေးတယ်"

ခင်ထားထားသည် စားသောက်လိုက်ရသဖြင့် ပျက်၍သွားသော သူမ၏နှုတ်ခမ်းကို ပြန်၍ဆိုးရန်အတွက် လက်ပွေ့အိတ်ထဲမှ နှုတ်ခမ်းနီ ဆိုးဆေးတောင့်နှင့် မှန်ဝိုင်းငယ်လေးတစ်ချပ်ကို ထုတ်၍ကြည့်ကာ ဆိုးနေရာမှ ပြောလိုက်လေသည်။ ထို့ကြောင့် ကျွန်တော်သည် ပိုက်ဆံရှင်းရန်အတွက် ပိုက်ဆံအိတ်ကို နှိုက်လိုက်ရာ 'ဟိုက်'ကနဲ ပါးစပ်မှ အလန့်တကြား ထွက်သွားပါတော့သည်။ ကျွန်တော့်အကျီအိတ်ထဲတွင်

mgyoe.com

mgyoe.com


ပိုက်ဆံအိတ် မရှိတော့ပါ။

ကျွန်တော်၏ အထိတ်တလန့်ထွက်သွားသော အသံကြောင့် ခင်ထားထားမှာ နှုတ်ခမ်းဆိုးနေရာမှ ဖျတ်ခနဲ မော့ကြည့်လိုက်ပြီး

"ဘာဖြစ်တာလဲရှင့် အလန့်တကြားနဲ့"ဟု မေးလိုက်လေသည်။ ကျွန်တော်ကမူ သူမအား ဖြန်းကနဲ အဖြေမပေးနိုင်သောကြောင့် အပေါ်တိုက်ပုံအင်္ကျီရော အတွင်းရှပ်အင်္ကျီကိုပါ မကျန် ဟိုနှိုက် သည်နှိုက်နှင့် လိုက်၍ ပိုက်ဆံအိတ်ကို ရှာနေမိပါသည်။

"ဒီမှာ ဘာဖြစ်နေတာလဲရှင့်၊ ရှင့်ကျောထဲ ပုရွက်ဆိတ်ဝင်လို့လား၊ ပြောစမ်းပါဦး။ ရှင့်ကြည့်ရတာ အရူးမျောက်က ကနေသလိုပဲ"

နောက်တစ်ခါ ခင်ထားထားက ထပ်မေးလိုက်လေသည်။

"ကျွန်တော့်ဟာ မရှိတော့ဘူးဗျ"

ကျွန်တော်သည် အရင်းမရှိ အဖျားမရှိ တုံးတိတိကြီး ပြောလိုက်ပါသည်။

"ရှင် ... ဘယ်ဟာ မရှိတာလဲ"

ခင်ထားထားက ကျွန်တော်၏စကားကို နားမလည်သဖြင့် ထပ်မေးလိုက်၏။

"ဟို ... ဟို ... ဟိုဒင်းလေဗျာ"

ကျွန်တော်သည် ပိုက်ဆံအိတ် ပျောက်နေသဖြင့် တစ်ကိုယ်လုံး မွှန်ထူ၍နေကာ ဆိုလိုရင်းအချက်ကို မှန်ကန်အောင် မပြောနိုင်ဘဲ ဖြစ်နေလေသည်။

"ဘာဒင်းလဲရှင့်၊ ရှင့်ဥစ္စာက အရင်းမရှိ၊ အဖျားမရှိနဲ့၊ ကျွန်မတောင် ကြောက်လာပြီ"

"ဟိုဟာဗျာ ... ပိုက် ... ပိုက်"

ကျွန်တော်သည် အမှန်ကိုပြောရမှာ ဝန်လေးနေသဖြင့် ထစ်အအ ဖြစ်နေ၏။

mgyoe.com

mgyoe.com

"ဘာလဲရှင့်၊ တပိုက်ပိုက်နဲ့ စိတ်တောင်ညစ်တယ်ရှင်"

ခင်ထားထားမှာ စိတ်ရှုပ်လာဟန်ဖြင့် ပြောလိုက်ပါသည်။

"ဟိုဗျာ ... ပိုက်ဆံအိတ် ... ပိုက်ဆံအိတ်"

"ပိုက်ဆံအိတ်၊ ဟုတ်လား။ အဲဒါ ဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲ အခု ကျွန်တော့်အိတ်ထဲမှာ မရှိတော့လို့ ရှာနေတာပေါ့ဗျ"

ကျွန်တော်၏စကားကြောင့် ခင်ထားထားမှာ မျက်လုံးပြူး၍ သွားတော့၏။

"ဟောတော့ အဲဒါမှ ဒုက္ခပဲ၊ ဧကန္တ ကားပေါ်ကအဆင်းမှာ ခါးပိုက်နှိုက်ခံလိုက်ရပြီထင်တယ်။ ရှင့်နှယ်ရှင် မြို့သားလုပ်နေပြီး ဒီလောက်ပဲ အရသလား"

ခင်ထားထားက သူမ၏ထင်မြင်ချက်ကို ပြော၍ ကျွန်တော့်အား အပြစ်တင်နေလေသည်။ သို့သော် ကျွန်တော်ကတော့ သူမပြောသလို မဟုတ်ပေ။ ကျွန်တော်အလုပ်လုပ်သော ရုံးစားပွဲ၏ အံဆွဲထဲတွင် မေ့၍ ကျန်ရစ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

"ခါးပိုက်နှိုက်ခံရလို့ မဟုတ်ဘူးဗျ၊ ကျုပ်လာကတည်းက ပိုက်ဆံအိတ် မပါလာဘူး"

ကျွန်တော်၏စကားကို ကြားလျှင် ခင်ထားထား၏မျက်နှာ တစ်ခုလုံး ဒေါသရောင်ဖြင့် နီမြန်း၍သွားလေသည်။

"ဘာရှင့် ... ဒါဖြင့် ကျွန်မကို သက်သက်တစ်ပတ်ရိုက်ပြီး အရှက်ခွဲရအောင် ရှင် ခေါ်လာခဲ့တာပေါ့လေ ဟုတ်လား"

"အာ ... အာ ... ဒီလိုလည်း မဟုတ်ပါဘူးဗျာ။ ကျွန်တော် အဖြစ်မှန်ကို ရှင်းပြီး ပြောပြပါ့မယ်။ ခင်ဗျားကလည်း ဒေါသချည်းပဲကိုး"

ကျွန်တော်က လက်ကာကာ ခြေကာကာနှင့် ပြောလိုက်လေ

mgyoe.com

mgyoe.com


သည်။

"ဒီလိုမဟုတ်ရင် အိတ်ထဲမှာလည်း ပိုက်ဆံပါတာမဟုတ်ဘဲနဲ့ ဘာဖြစ်လို့ ရှင်က ဖင်ခေါင်းကျယ်ပြီး ကျွန်မကို ဒီဆိုင်ထဲ ခေါ်လာခဲ့ရတာလဲဟင်။ ဒီဆိုင်တွေဟာ အကြွေးရောင်းတာ မဟုတ်ဘူးရှင့်။ ပိုက်ဆံကို လက်ငင်းပေးပြီး စားရတာ၊ ရှင်က ရှင့်ပထွေးဆိုင်များ မှတ်နေလို့ ပိုက်ဆံမပါတဲ့ ခေါ်ကျွေးရတာလား"

ခင်ထားထားမှာ ဒေါသထွက်ထွက်နှင့် ကျွန်တော့်ကို နင်းကန်ကြိမ်းနေတော့သည်။ ကျွန်တော်၏ကောင်းမှုကြောင့် ကျွန်တော့်အမေမုဆိုးမကြီးမှာလည်း နေရင်းထိုင်ရင်း ပလာတာဆိုင်က ကုလားမယားဖြစ်သွားပါတော့သည်။

"ဟာဗျာ ... ခင်ဗျား ဒီလိုတော့ ကျုပ်အမေကို ကုလားကြီးနဲ့ မပေးစားနဲ့ဗျာ ...။ ကျုပ်အမေက ပိန်ပိန်သေးသေးလေးရယ်၊ ခင်ဗျားကုလားကြီးက မွတ်တားကြီး ဘယ်ဖြစ်မလဲဗျ"

ကျွန်တော်ကမူ သူမအား စိတ်မဆိုးနိုင်ဘဲ ပြန်၍ပင် နောက်လိုက်ပါသေး၏။

"ဒီမှာရှင့်၊ အရေးထဲ ရှင်က ပြောင်ချော်ချော် လုပ်မနေစမ်းပါနဲ့။ ဘယ်လိုလုပ်ရမယ်ဆိုတာကို ကြံစမ်းပါဦး"

ခင်ထားထားမှာ မျက်နှာလေး ငိုမဲ့မဲ့နှင့် ပြောနေပါသည်။

"ကြံစရာ ဘာလိုလဲဗျာ။ ပိုက်ဆံ ပေးလိုက်ကြတာပေါ့"

ကျွန်တော်ကတော့ အေးစက်စက်ဖြင့် ပြန်ပြောလိုက်ပါသည်။

"လာပြန်ပြီ ဒီပိုက်ဆံစကား၊ နို့ ခုတင်တော့ ရှင့်မှာ ပိုက်ဆံမရှိဘူးဆို"

"ဟုတ်တယ်လေ၊ ခုတင်ကလည်း မရှိဘူး၊ အခုလည်း မရှိဘူး။ ကျုပ်ရှိတဲ့ပိုက်ဆံအိတ်က ရုံးက အံဆွဲထဲမှာ မေ့ကျန်ရစ်ခဲ့တယ်"

"ဒါဖြင့် ရှင် ဘယ်လိုလုပ်ပြီး ပိုက်ဆံရှင်းမှာလဲလို့"

mgyoe.com

mgyoe.com

"ခင်ဗျားဆီက ခဏာဆွဲယူပြီး ရှင်းပေးလိုက်ရမှာပေါ့ဗျ။ နောက်တော့ ကျွန်တော် ပြန်ဆပ်မှာပေါ့ ဟုတ်ပလား"

"ရှင် ... ကျွန်မဆီက ဟုတ်လား၊ ရပါလိမ့်မယ် အားကြီး"

ခင်ထားထားက သူမ၏နှုတ်ခမ်းလေးကို မဲ့ကာ ရွဲ့ကာနှင့် ပြောလိုက်သည်။

"ဩော်ဗျာ ...၊ ခင်ဗျားကလည်း ဒီငွေလေး ခုနစ်ကျပ်လောက်တောင်မှ ကျွန်တော့်ကို မယုံဘူးလားဗျ။ စိတ်ချ ခင်ဗျားပိုက်ဆံ ပြန်ဆပ်ပါ့မယ် မဆုံးစေရပါဘူး"

ကျွန်တော်က ခင်ထားထား၏ထံတွင် လက်ဝါးကိုဖြန့်၍ခံကာ တောင်းရင်း ပြောလိုက်သည်။

"ပိုက်ဆံဆုံးမှာစိုးလို့ ပြောနေတာမဟုတ်ဘူးရှင့်၊ အခု ကျွန်မမှာလည်း ခုနစ်ကျပ်ဝေးလို့ ပြားခုနစ်ဆယ်တောင် ပြည့်အောင်မပါဘူး"

"ဟောဗျ ... အဲဒါမှ သောက်ဂွပဲ၊ ကျွန်တော်က ခင်ဗျားမှာ ပါလိမ့်မယ်မှတ်လို့ အေးနေတာဗျ။ အင်း ... ဒီလိုဆိုရင်ဖြင့် ကုလားတွေနဲ့ နပန်းသတ်ရဖို့ မြင်နေပါပြီ။ ဂွိုဟ်ပါပဲဗျာ"

ခင်ထားထားမှာလည်း ပိုက်ဆံမပါမှန်းသိရမှ ကျွန်တော်သည် မျက်လုံးပြူးသွားပါတော့သည်။ ထို့နောက် ကျွန်တော်တို့သည် တစ်ဦးနှင့်တစ်ဦး အတန်ကြာ စကားမပြောဘဲ ကြည့်နေကြပါတော့သည်။

"ကဲ ဒီလိုထိုင်ကြည့်နေလို့ မဖြစ်သေးဘူးရှင့်။ တစ်ခုခု ကြံဦးမှ ဖြစ်မယ်"

"အေးလေ ဒါကိုပဲ ကျွန်တော်လည်း တွေးနေတာပဲ။ အဲ ... အဲ ... ကျွန်တော် တစ်ခုအကြံရတယ်။ အခု ရုံးကို ကျွန်တော်ပြန်သွားရင်လည်း အချိန်မရှိတော့လို့ ဒရဝမ်က ဝင်ခွင့်ပေးမှာ မဟုတ်ဘူး။ ကျွန်တော့်မှာလည်း ငွေ ခုနစ်ကျပ်ဖိုးပြည့်အောင် ပေါင်ဖို့ပစ္စည်းက မရှိဘူး။ ဒီတော့ အကောင်းဆုံးနည်းက ခင်ဗျားမှာဝတ်ထားတဲ့ လက်ကောက်

mgyoe.com

mgyoe.com

တွေထဲက တစ်ကွင်းကို ခဏလောက်ဖြုတ်ပြီး ပေါင်ကြရအောင်၊ နက်ဖြန်တော့ ကျွန်တော် ပြန်ရွေးပေးပါ့မယ်"

ကျွန်တော်က ရရှိသောအကြံဉာဏ်ကို သူမထံသို့ တင်ပြလိုက်ပါသည်။

"အံမာ ... ဘာရမလဲ သာဝရာ၊ ရှင်ကတော့ ဆိုင်ထဲကနေ တစ်ယောက်တည်း ကိုယ်လွတ်ရုန်းထွက်သွားပြီး ကျွန်မကိုတော့ မိန်းကလေးတန်မဲ့ ကုလားတွေနဲ့ လွှတ်ထားခဲ့မလို့လား။ မလိုချင်ဘူး၊ မလိုချင်ဘူး။ ကျွန်မလက်ကောက်တွေကိုလည်း အပေါင်မခံနိုင်ဘူးရှင့်။ အစိုးရအပေါင်ဆိုင်တွေက စိတ်ချရတာမဟုတ်ဘူး၊ တော်ကြာ ရွှေစင်စစ်က သတ္တုလက်ကောက်ကြီး ဖြစ်လာဦးမယ်"

သူမက ခါးခါးသီးသီးငြင်း၍ ကျွန်တော်၏အကြံကို ပယ်ချလိုက်လေသည်။

"အိုဗျာ ... အရေးထဲမှာ ခင်ဗျားကပါ အချင်းချင်း ဘက်ပြန်နေပြန်ပြီ။ ဒီလိုလုပ်မှလည်း ကျွန်တော်တို့ရဲ့ လက်ငင်းပြဿနာဟာ ဖြေရှင်းသွားမယ် မဟုတ်လားဗျ"

"အို ... ဒီနည်းနဲ့တော့ ဒီပြဿနာကို ဖြေရှင်းခွင့်မပေးနိုင်ဘူး။ ဒို့ပြင် တခြားနည်းကို ရှင်ပြဦး၊ ကတည်းတော် ... တစ်ခါလေးလိုက်ပြီး သူကျွေးတာ စားမိပါတယ်။ အပင်းလျှိုရတဲ့အတိုင်းပဲ။ သူ့ဟာကို စားမိတာနဲ့ စိတ်ညစ်ရတာတောင် မကာမိဘူး။ ပြန်တောင် အန်ပစ်ချင်လာပြီ။ ဘုရားစူးရစေရဲ့ နောက်များတော့ ရှင်ကကျွေးမယ်ဆိုရင် အဝေးကနေပြီး ဦးသုံးကြိမ်ချလို့ ပြေးပြီးသားပဲ"

ခင်ထားထားသည် ကျွန်တော့်အား အခဲမကျေနိုင်ဘဲ ပွက်နေပြန်သည်။

"တော်စမ်းပါဗျာ၊ ဒီမှာ ပိုက်ဆံမပါလို့ စိတ်ညစ်ရတဲ့အထဲ ခင်ဗျားကလည်း တကျိကျိလုပ်နေပြန်ပါပြီ"

mgyoe.com

m.g.y.o.e.com
"မလုပ်လို့ ဖြစ်မလားရှင့်။ ရှင်ပဲ စဉ်းစားကြည့်စမ်းပါဦး"
ခင်ထားထားမှာ ပြောရင်း ငိုသံပါလာလေတော့သည်။
"နေစမ်းပါဦး၊ ခင်ဗျားမှာ တကယ်ပဲ ပိုက်ဆံမပါလာဘူးလား"
ကျွန်တော်က သူမ၏လက်ပွေ့အိတ်ကို ကြည့်၍ မေးလိုက်ပါသည်။

"ဩော် ... ခက်ပဲခက်ရချည်ရဲ့၊ မပါလို့သာ ကျွန်မ ဒီလောက်ထိအောင် စိတ်ဆင်းရဲခံနေတာပေါ့ရှင့်။ ပါမှဖြင့် ကြာလှပြီ ထုတ်ပေးပြီး ထသွားတာ။ အခုကျွန်မ ကုန်ဈေးတန်းကို လာတာဟာ ငွေချေးဖို့ လာခဲ့တာရှင့် သိပလား"

"အေးဗျာ... ဒီနေ့ကျမှ သော်က်ပိုက်ဆံအိတ်ကလည်း မေ့ကျန်ရစ်ရတယ်လို့ပဲ။ တောက် ... မအေပေးအသိတွေကလည်း ခုထက်ထိ ခွေးတစ်ကောင်တောင် ပေါ်မလာကြဘူး"

ကျွန်တော်သည် ထိုသို့ပြောလိုက်ပြီးနောက် ပတ်ဝန်းကျင် လမ်းသွားလမ်းလာများထဲမှ အသိအကျွမ်း တွေ့ရှိလို တွေ့ရှိငြား မျှော်လင့်စွာဖြင့် ကြည့်ရှုနေမိပါသည်။

"ဒါဖြင့် ဒီလိုလုပ် ... ရှင် ဒီမှာ ကွန္တြေမပျက်ထိုင်ပြီး စောင့်နေ။ ကျွန်မ ကုန်ဈေးတန်းထဲက အသိဆီမှာ ငွေသွားချေးခဲ့ပြီး ဒီပြန်လာမယ်လေ။ ဘယ့်နှယ်လဲ"

ခင်ထားထားက သူမ၏အကြံဉာဏ်ကို ကျွန်တော့်ထံသို့ တစ်ခါ တင်ပြလိုက်ပါသည်။

"အမယ် ... အမယ် ဒါမျိုးနဲ့ လိုမ့်လို့တော့ ဘယ်ရမလဲဗျာ။ ခင်ဗျားရဲ့စကားကို ကျွန်တော်က ဘယ်လိုလုပ်ပြီး ယုံကြည်ရမှာလဲ"

ကျွန်တော်က သူမတင်ပြသော အကြံကို ပယ်ချလိုက်ပြန်လေသည်။

"ဟော ကြည့်၊ ကျွန်မတုန်းကတော့ ရှင်က အချင်းချင်း ဘက်

m.g.y.o.e.com

mgyoe.com


ပြန်သလေး ဘာလေးနဲ့ အခု ရှင့်ကျတော့ကော ကျွန်မကို မယုံကြည်ဘူး မဟုတ်လား။ အဲ ... ကျွန်မကလည်း ရှင့်လိုပဲ ရှိတော့မပေါ့ရှင်"

သူမက ကျွန်တော့်အား သရော်ပြုံးပြုံး၍ ပြောလိုက်ပါသည်။

"ကဲဗျာ ဒီလိုထိုင်နေလို့ မထူးတဲ့အတူတူတော့ ကျွန်တော်တို့ နှစ်ယောက်စလုံး ဝမ်း တူး သရီးဆိုပြီး ဆိုင်ထဲက ထပြေးကြရအောင် ခင်ဗျား ကုလားတွေ ဗြုန်းကနဲမို့ ကြောင်ကြည့်နေကြပြီး တော်တော်နဲ့ လိုက်နိုင်ကြမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့ အတော်ဝေးဝေးရောက်မှ လိုက်ကြမှာမို့ ဖမ်းမိဖို့ ခဲယဉ်းပါတယ်"

ကျွန်တော်က အကြံကုန် ဂဠုန်ဆားချက် သဘောဖြင့် သူမအား ပြောပြလိုက်လေသည်။

"တော်စမ်းပါရှင်၊ ဂျပိုးကျင့် ဂျပိုးကြံမျိုးတွေကို မလုပ်ချင်စမ်းပါနဲ့။ ကျွန်မတို့အနေနဲ့ ဒီလိုလုပ်လို့ ကောင်းနိုင်ပါ့မလားရှင့်။ ဒီလိုလုပ်ပုံ မယ်ထားဦး၊ ရှင်ကယောက်ျားမို့ ပြေးနိုင်ပေမဲ့ ကျွန်မက မိန်းမသားရှင့်။ မပြေးနိုင်ဘူး၊ ပြေးလို့ကော ကောင်းပါ့မလား၊ ရှင့်ဘာသာ တစ်ယောက်တည်းပဲ ဖင်ထဲက လိပ်ခေါင်းပါထွက်ကျလာအောင် ပြေးပေတော့။ ကျွန်မတော့ မပြေးနိုင်ဘူး"

ခင်ထားထားမှာ ပြောရင်းပြောရင်း ဒေါသထွက်လာပုံ ရလေသည်။ ကျွန်တော်ကတော့ သူမ ပြန်၍ရန်တွေ့နေသည်ကို ပြုံးလျက်ကြည့်နေမိသည်။ ကြည့်လို့ ကောင်းတာကိုးဗျ။

ထိုစဉ်တွင် ပိုးရှပ်အင်္ကျီဖြူနှင့် ဘန်ကောက်လုံချည်ရေနံရောင်ကို ဝတ်ဆင်ထားသော အရုပ်ခပ်ဆိုးဆိုးနှင့် လူဝကြီးတစ်ယောက်မှာ ဆိုင်ထဲသို့ ဝင်လာသည်ကို တွေ့မြင်ရပါသည်။ ၎င်းဝင်လာသည်ကို တွေ့လျှင် တွေ့ချင်း ခင်ထားထားမှာ ဝမ်းသာအားရဖြစ်ကာ ထိုင်နေရာမှ ကပျာကယာထလိုက်ပြီးနောက် "ကိုသိန်းဆွေ၊ ကိုသိန်းဆွေ"ဟူ၍ နှစ်ခါဆင့်ကာ ခေါ်လိုက်ပါသည်။ ထိုခေါ်သံကြောင့် ကိုသိန်းဆွေအမည်

mgyoe.com

mgyoe.com


ခံ ဖက်တီးကြီးမှာ အသံလာရာသို့ လှည့်လိုက်ပါသည်။ ထိုသို့ကြည့်ပြီး နောက် ခင်ထားထားကို မြင်တွေ့ရလျှင် ပျားရည်အိုးကြီး မှောက်ကျ ထားသော မျက်နှာဖြင့် ပြုံးဖြီးဖြီးလုပ်ကာ ကျွန်တော်တို့ရှိရာသို့ ဂျက် လေယာဉ်ပျံ စံချိန်ထက်မြန်သော ခြေလှမ်းဖြင့် လှမ်းလာလေသည်။

ခါတိုင်းအချိန်များကသာ ဆိုပါလျှင် ကျွန်တော်သည် ခင်ထား ထား၏ အရေးပေးခြင်း ခံရသော ထိုသူအား မနာလိုစိတ်ဖြင့် မျက်နှာ ကြီးကို ရှစ်ခေါက်ချိုးလုပ်ကာ ဘုကြည့်ကြည့်နေမည် ဖြစ်ပါသည်။ ယခုမှာမူ လက်ရှိဖြစ်ပေါ်၍နေသော ပြဿနာကြီးကြောင့် ထိုသို့ မလုပ် နိုင်တော့ပေ။ ကျွန်တော်၏ မျက်နှာကို တတ်နိုင်သမျှ ဟန်လုပ်ကာ ပြုံး၍ထားနေလိုက်ရပါတော့သည်။ "ဩော် ... ပိုက်ဆံမျက်နှာ ... ပိုက်ဆံမျက်နှာ" ကိုယ်နှင့် ရှည်းစားလုဘက်ကြီးကိုတောင် ဝမ်းထဲက မပါဘဲ ပိုက်ဆံကြောင့် ဖော်လံဖားလိုက်ရပါသည်။

"ဟာ ... ဘယ့်နှယ် ထားတို့ပါလား၊ ဒီမှာ ဘာလာလုပ်နေကြ တာလဲ"

ဖက်တီးကြီးသည် ကျွန်တော့်ကို လှမ်းကြည့်အကဲခတ်ရင်းနှင့် ခင်ထားထားအား မေးလိုက်ပါသည်။

"ဩော် ... ထားတို့လား ပလာတာ လာစားကြတာပါ။ ဟောဒီ က ထားရဲ့မိတ်ဆွေက လမ်းကြုံတာနဲ့ ခေါ်ပြီးကျွေးလို့ ကိုသိန်းဆွေရဲ့။ ဒီမှာ ကိုအေးမြင့် ကျွန်မပြောတဲ့ စက်သူဌေးသားဆိုတာလေ သူပေါ့ ရှင့်"

ခင်ထားထားသည် ဖက်တီးကြီး၏အမေးကို ပြန်ဖြေနေရင်းမှ ကျွန်တော့်ကိုပါ တစ်ဆက်တည်း ပြောကာ မိတ်ဆက်ပေးလေသည်။

"ဩော် ... ဩော် တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျာ။ ထားက တော့ ကျွန်တော်နဲ့တွေ့တိုင်း ခင်ဗျားအကြောင်းတွေချည်းပဲ ပြောနေ တာပဲ။ ဟဲ ဟဲ ... ခုနလေးတင်ကတောင် ပလာတာစားနေကြရင်း

mgyoe.com

mgyoe.com



ခင်ဗျားအကြောင်းကို ထားက ပြောသေးတယ်။ ကဲ ... ကဲ ... အခုလို ကြုံတုန်းကြိုက်တုန်း မိတ်ဆွေကိုလည်း ကျွန်တော်က ဆပ္ပလိုင်း လုပ်ပါရစေဗျာ။ ဘာစားမလဲ စားချင်တာသာ မှာဗျာ။ ထားရဲ့ မိတ်ဆွေဆို ကျွန်တော်နဲ့လည်း မိတ်ဆွေပေါ့။ အားမနာပါနဲ့ စားချင်တာသာ မှာစားပါ ဟဲ ဟဲ ဟဲ"

ကျွန်တော်သည် ဝမ်းထဲက နည်းနည်းကလေးမှ စေတနာ မရှိလှသော်လည်း ထိုဖက်တီးကြီးအား ကျွန်တော်တို့ လက်ရှိပြဿနာကို တစ်ပတ်ရိုက်၍ ဖြေရှင်းခိုင်းလိုသဖြင့် ကျွန်တော်က စေတနာ ရေစီးကမ်းပြို လိုက်လိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်ပြောနေသည်ကို ဖက်တီးကြီးက တဟဲဟဲနှင့် သွားဖုံးကြီးများပေါ်အောင် သဘောကျနေလေတော့သည်။ ခင်ထားထားကတော့ ကျွန်တော် လေဖောနေမှုကို မျက်စောင်းကြီး တထိုးထိုး နှုတ်ခမ်းကြီးတစူစူနှင့် ဖြစ်နေပါသည်။

"ဟုတ်လား ထားထားရဲ့၊ ကိုယ့်အကြောင်း ဘာတွေများ ပြောပြနေတာလဲ။ ဟဲ ဟဲ ဟဲ"

အကြောင်းရင်းမှန်ကို မသိသော ဖက်တီးကြီးက ကျွန်တော် ဖြီးဖြန်းကာပြောဆိုချက်ကို အဟုတ်မှတ်၍ ခင်ထားထားအား မေးလိုက်လေသည်။ ထို့ကြောင့် ကျွန်တော်သည် ခင်ထားထား ဘာမျှ ပြန်၍ မပြောရသေးမီ ကြားမှဝင်၍ ကပျာကသီ ပြောလိုက်လေသည်။

"အိုဗျာ ... စုံလို့ပါပဲ။ အခုနေမေးလို့တော့ ခင်ဗျားကို ထားက ရှက်နေလို့ ပြန်ပြောမှာမဟုတ်ဘူးဗျ။ ကဲ ကဲ ... ထိုင်ဗျာ"

ကျွန်တော်သည် ထိုသို့ပြောပြီးနောက် ဖက်တီးကြီးအား ကုလားထိုင်လွတ်တစ်ခုပေး၍ အထိုင်ခိုင်းလိုက်လေသည်။

"အို ...ကိုသိန်းဆွေ မထိုင်ပါနဲ့ဦး။ ထား အခု သွားစရာ ကိစ္စကလေးတစ်ခု ရှိနေလို့၊ အဲဒါ ကိုသိန်းဆွေ လိုက်ပို့ပေးစမ်းပါ။ ကား

mgyoe.com

mgyoe.com


တော့ ပါတယ်မဟုတ်လား။ နောက်ပြီး ဒီကိုပြန်လာတာပေါ့"

ဟူ၍ ဖက်တီးကြီး ပခုံးကိုဆွဲ၍ တားထားရင်း ပြောလိုက်လေသည်။ ထို့ကြောင့် ဖက်တီးကြီးမှာ မထိုင်တော့ဘဲ–

"ပါတာပေါ့ ထားရဲ့၊ ဒီနားမှာ ကားမရပ်ရလို့ ဟောဟိုက စိန်ဘာဘူတွေ ဆိုင်ရှေ့နားမှာ ရပ်ထားခဲ့ရတယ်။ ကိစ္စရှိရင်လည်း လာလေသွားကြစို့။ ကဲ ... ကိုအေးမြင့် ခဏလောက် ခွင့်ပြုပါဦးဗျာ။ ပြီးတော့မှ ပြန်လာပါမယ်"ဟူ၍ ကျွန်တော့်အား အားနာဟန်ဖြင့်လည်း ပြောလိုက်ပါသည်။ ဤတွင် ကျွန်တော့်မှာ ဖွတ်မရ ဓားမဆုံး ဖြစ်ရပါတော့သည်။

ဖက်တီးကြီးအား တစ်ပတ်ရိုက်၍ ကျသင့်သမျှကို ရှင်းခိုင်းမည်ဟူ၍ ကြံစည်ထားကာမှ ခင်ထားထား ဝင်ရှုပ်မှုကြောင့် ထိုအကြံမှာ ပျက်သွားရလေပြီ။ အကြံပျက်သွားရုံမျှမကသေး လက်ရှိ ကံတူအကျိုးပေးဖြစ်သော ခင်ထားထားပါ ကျွန်တော့်မှာ ဆုံးရပါတော့မည်။

ထို့ကြောင့် ကျွန်တော်သည် ခင်ထားထားအား ဖက်တီးကြီး မမြင်အောင် "စားစရာတွေအတွက်လည်း စာရင်းရှင်းခဲ့ပါဦးလေ" ဟူသည့် သဘောဖြင့် မျက်စပစ်၍ ပြလိုက်ပါသည်။ ထို့နောက် ကျွန်တော်သည် ခင်ထားထားအား–

"ထားရဲ့ကိစ္စက သိပ်အရေးကြီးနေလို့လား၊ စားသောက်ပြီးမှ သွားပါစေဗျာ။ အလောသုံးဆယ် လုပ်မနေစမ်းပါနဲ့။ ကဲ ထိုင်ပါဗျာ၊ နောက်မှသွားကြတာပေါ့ "ဟူ၍ ကျွန်တော်သည် ကိုသိန်းဆွေအမည်ခံ ဖက်တီးကြီးကို ထပ်မံ၍ ထိုင်ခိုင်းပြန်ပါသည်။ ခင်ထားထားကမူ ထိုအတွက် ကျွန်တော့်အား မကျေမချမ်းဖြင့် မျက်စောင်းကြီးခဲကာ–

"ဩော် ကိုအေးမြင့်ကလည်း ကျွန်မမှာ အရေးကြီးတဲ့ကိစ္စရှိလို့ပါဆိုနေမှပဲ။ ကျွန်မတို့ အခုပဲ ပြန်လာခဲ့ပါမယ်ရှင့်။ ကဲ လာပါ ကိုသိန်းဆွေ တော်ကြာ ချိန်းထားတဲ့လူကိုမတွေ့ဘဲ နေဦးမယ်"ဟူ၍

mgyoe.com

m.g y q e . c o m



တမင်ပင် အရွဲ့တိုက်ကာ ဖက်တီးကြီးအား ခေါ်နေပြန်လေသည်။ တကယ်ဆိုတော့ ခင်ထားထားသည် ကျွန်တော့်အား ချောက်မကျ၊ ကျအောင် တမင်ပြုနေခြင်း ဖြစ်ပေသည်။

ဤသို့ သူက အရွဲ့မှဖြင့် ကျွန်တော်ကလည်း ငုံ့ခံနေ၍ မဖြစ်တော့ပေ။ စားကြွေးသောက်ကြွေးပြဿနာကြီး ပြေလည်သွားရန် အရေးအတွက် ကြံရလေဦးတော့မည်။ ထို့ကြောင့် ကျွန်တော်သည် ဖက်တီးကြီး၏ ညာဘက်ဘေးတွင် ဝင်ရပ်လိုက်ပြီးနောက် သူ၏ ညာဘက်လက်မောင်းကို ဆုပ်ကိုင်၍–

"အလကား ထားထားက နောက်နေတာပါဗျာ။ ထိုင်မှာသာ ထိုင်စမ်းပါ၊ ထားထားကလည်းဗျာ နောက်မနေစမ်းပါနဲ့" ဟူ၍ ပြောလိုက်လေသည်။

ဤတွင် ခင်ထားထားမှာ ကျွန်တော့်အား စားမတတ် ဝါးမတတ် မျက်လုံးကြီးများဖြင့် ဒေါသဖြစ်စွာ လှမ်းကြည့်လိုက်ပြီးနောက်–

"ဒီမှာ ကိုအေးမြင့်ရဲ့ ကျွန်မက နောက်နေတာမဟုတ်ဘူး၊ တကယ်ပြောနေတာရှင့်။ ကဲ လာပါ ကိုသိန်းဆွေရဲ့၊ သွားစို့"

ဟူ၍ ပြန်ပြောပြီးနောက် ဖက်တီးကြီး၏ ဘယ်ဘက်လက်မောင်းကို ဆွဲ၍ခေါ်လေတော့၏။ ကျွန်တော်ကလည်း ညာဘက်လက်မောင်းကို လွှတ်၍မပေးဘဲ ဖက်တီးကြီးအား မသွားနိုင်အောင် ဆွဲကာထားလိုက်ပါသည်။

ဤတွင် ဖက်တီးကြီးမှာ ကျွန်တော်တို့၏ နှစ်ယောက်ကြားတွင် လွန်ဆွဲခြင်းခံရသလို ဘယ်ယိမ်းလိုက် ညာယိမ်းလိုက်ဖြင့် ဒုက္ခဖြစ်နေလေသည်။ ကျွန်တော်နှင့် ခင်ထားထားတို့မှာလည်း တစ်ဦးနှင့်တစ်ဦး အလျှော့မပေးဘဲ မိုးခေါင်လွန်း၍ လွန်ဆွဲနေကြသော ဗ–လ–မ–စ များပမာ ဖက်တီးကြီးအား အလယ်မှထား၍ တစ်ယောက်တစ်ဖက် လက်မောင်းကို ဆုပ်ကိုင်ကာ ကိုယ့်ဘက်မပါပါအောင် လွန်ဆွဲ၍

m.g y q e . c o m

mgyoe.com



နေကြလေသည်။ ဖက်တီးကြီးမှာလည်း ထိုသို့ လွှန်ဆွဲခံရမှုအတွက် နာကျင်လွန်းဟန်ဖြင့် တအီးအီး တအဲအဲဖြင့် ညည်းညူလျက် နေလေသည်။

ကျွန်တော့်မှာမူ ဖက်တီးကြီးအား ထိုသို့ပြုမူရခြင်းအတွက် အားနာမိသော်လည်း "ကိုယ်မချို အမိသော်မှ သားတော်ခဲ"ဟူသော စကားအရ စားကြွေးသောက်ကြွေး ပြဿနာကြီးကြောင့် သူ မည်မျှပင် နာကျင်၍ ညည်းညူနေသော်လည်း လွှတ်မပေးဘဲ ဆွဲမြဲ ဆွဲထားလေသည်။ ခင်ထားထားကလည်း ကျွန်တော်နည်းတူပင် ခြေကန်ကာ အားရှိပါးရှိ ဖက်တီးကြီးအား ဆွဲခေါ်နေလေသည်။

ကျွန်တော်တို့အဖြစ်ကို ကြည့်၍ ဆိုင်ထဲတွင် စားသောက်နေကြသော သူများနှင့် ပလာတာရောင်းချနေသော ကုလားများမှာ ရယ်ရမလိုလို ပြုံးရမလိုလို ဝေခွဲမရဘဲ ငေးကြည့်နေကြပါသည်။ ကြာတော့ ဖက်တီးကြီးမှာ ငြိမ်ခံ၍ မနေနိုင်တော့ဘဲ "လွှတ်ကြစမ်းပါဦးဗျာ၊ ကြာရင် ကျွန်တော့်လက်မောင်းနှစ်ဖက်စလုံး ပြုတ်ထွက်သွားရပါလိမ့်မယ်။ အာလာလာ နာလိုက်တာ အလွန်ပဲ"ဟူ၍ပြောကာ လွှတ်ခိုင်းနေပါသည်။ သို့သော် ကျွန်တော်ရော ခင်ထားထားကပါ မလွှတ်ကြပေ၊ မလွှတ်ရုံမက ယခင်ကထက်ပင် ပို၍ တင်းကြပ်စွာ ဆွဲထားလိုက်ကြလေသည်။

"အမယ်လေးဗျ ... နာပါတယ်ဆိုမှ တိုးပြီးဆွဲနေကြပြန်ပါပြီ။ အလို့ လယ် လယ်၊ ကျွတ် ကျွတ် ... ရှိခိုးပါရဲ့ဗျာတို့ တစ်ဆိတ်လောက် လွှတ်ကြစမ်းပါဦး။ လက်ကျိုးတော့မယ်ဗျာ"

ဖက်တီးကြီးမှာ ရှုံ့မဲ့စွာ အော်နေလေတော့သည်။ ထိုစဉ်တွင် ကျွန်တော်၏ညီသကြီးကို 'ဒေါက်'ကနဲမြည်အောင် အကန်ခံလိုက်ရပါသည်။ ထို့ကြောင့် ကျွန်တော့်မှာ နာကျင်လွန်းလှသဖြင့် ဆွဲထားသော ဖက်တီးကြီး၏လက်မောင်းကို လွှတ်ချလိုက်ပြီး ညို့သကျည်း

mgyoe.com

mgyoe.com



အား တရှုးရှုးနှင့် ပွတ်သပ်နေမိလေသည်။

ကျွန်တော့်အား ကန်လိုက်သူမှာ အခြားသူမဟုတ်ပေ။ ခင်ထားထား ဖြစ်ပါသည်။ သူမသည် ဖက်တီးကြီးအား ဆွဲ၍မရသည့်အဆုံး ကျွန်တော့်အား ညို့သကျည်းကို သူမ၏ဒေါက်ဖိနပ်ဖြင့် ကန်လိုက်ခြင်း ဖြစ်ပေသည်။

ဖက်တီးကြီးအား ကျွန်တော် လွှတ်လိုက်သည်နှင့် တစ်ပြိုင်တည်း ခင်ထားထားသည် ဒရွတ်ဆွဲ၍ ခေါ်ပြေးလေတော့သည်။ ဖက်တီးကြီးမှာလည်း သူ၏လက်မောင်းကို တကျွတ်ကျွတ်နှင့် နှိပ်ရင်း ခင်ထားထားဆွဲခေါ်ရာသို့ ပါသွားလေတော့သည်။

ကျွန်တော့်မှာတော့ ညို့သကျည်းကိုနှိပ်ရင်း ဆိုင်ထဲတွင် ဖုန်းမောင့် တစ်ယောက်တည်းဖြစ်ကာ ကျန်ရစ်ခဲ့လေတော့သည်။

ထို့ကြောင့် ကျွန်တော်သည် ခင်ထားထားနှင့် ယနေ့တွေ့ဆုံရခြင်းကို ကံဆိုးသည်ဟူ၍ ရေးခဲ့ခြင်းဖြစ်ပါသည်။

(ရှင်းပြီမဟုတ်လား မိတ်ဆွေ)

"စားလို့ပြီးသွားပလားဆပ်၊ ကျွန်တော် ဒါတွေ သိမ်းလိုက်တော့မယ်"

မည်မျှအထိ ငိုင်နေမိသည်မသိ၊ ကုလား၏အသံကြားမှ ကျွန်တော့်မှာ ဖျတ်ကနဲလန့်သွားမိပါသည်။

"ဩော် အင်း ... အေး ... ဟာ နေပါဦးကွာ။ မသိမ်းပါနဲ့ဦး၊ သူတို့ အခုပြန်လာမှာကွ၊ အဲဒီတော့မှ ပိုက်ဆံပါ တစ်ခါတည်း ရှင်းရင်း သိမ်းပေါ့ကွ ဟုတ်လား"

ကျွန်တော်က ကုလားအား မဲ့ဆွယ်နေသော အမတ်လောင်း၏ မျက်နှာမျိုးဖြင့် ပြောလိုက်ပါသည်။ ကုလားကတော့ ကျွန်တော်ပြောသည်ကို အဟုတ်မှတ်ကာ လှည့်ထွက်သွားလေသည်။ သို့သော် ကျွန်တော့်၏အဖို့ဖြင့် သည်လိုထိုင်ကာ အေးနေ၍ မဖြစ်ပေ။ ပြဿနာ

mgyoe.com